# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဧပြီ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၉၀)




**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာချ၊ စာသင်ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သောတာပန်ဆီလှူဒါန်း**

စာ-၃

**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၏လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ**

စာ-၆

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် စက်မှုဝန်ကြီးဌာန၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။**

# ဗိုလ်တထောင်စေတီတော် ဗုဒ္ဓဆံတော်မြတ်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ပူဇော်ခံမည်

**ရန်ကုန် ဧပြီ ၇**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ တော်မြတ်ကြီး၌ ကိန်းဝပ်စံပယ် အပူဇော်ခံ ထားရှိသည့် ဗုဒ္ဓဆံတော်မြတ်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ပူဇော်နိုင်ရေးအတွက် ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် ရန်ကုန်တိုင်းဒေသ ကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေး စေတမန်ဆုများရှင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုဒ္ဒိဗလနှင့် ဩဝါဒဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုတို့မှ မြို့နယ်သံဃနာယကဆရာတော်များ ကြွရောက်ခဲ့ကြသည်။

**တင်ပြလျှောက်ထား**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အဖွင့်နိဒါန်းကထာမြွက်ကြားတော်မူပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ပင့်ဆောင်ရာ လမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ အပူဇော်ခံနေရာ ပြင်ဆင်ထားရှိမှုကို တင်ပြလျှောက်ထားပြီး တက်ရောက်လာသော

*စာမျက်နှာ ၇ ကော်လံ ၄* ❖

# ရှမ်းရိုးရာသင်္ကြန် ရန်ကုန်တွင် ပထမဆုံးအကြိမ်ကျင်းပ

**ရန်ကုန် ဧပြီ ၇**


ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာကို ပိုမိုသတိပြုအလေးထားတတ်စေရန်အတွက် ရည်ရွယ်ကာ ယနေ့ညနေပိုင်းက ပထမအကြိမ် ရန်ကုန်ရောက် ရှမ်းတိုင်းရင်းသားရိုးရာ သင်္ကြန် (အကြို) အခမ်းအနားကို ရန်ကုန်မြို့ကရဝိက်ဥယျာဉ်အတွင်း မျှော်စင်ကျွန်း၌ စည်ကားစွာကျင်းပသည်။

ရှေးဦးစွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) နာယက ဒေါက်တာစိုင်းဆိုင်အိုက်၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ တက္ကသိုလ်များနာယက ဒေါက်တာစိုင်းနော်ခေး၊ ချယ်ရီ FM မန်နေဂျင်း ဒါရိုက်တာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"ဒီကနေ့ အခမ်းအနားကတော့ ရှမ်းတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုတွေကို ပိုမိုသိရှိလာဖို့နဲ့ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုတွေကို အမြတ်တနိုးတန်ဖိုးထားလေးစားတတ်စေဖို့အတွက် ရည်ရွယ်ပြီး ရန်ကုန်ရောက် ရှမ်းတိုင်းရင်းသားတွေအနေနဲ့ ပထမဆုံးအကြိမ် ရှမ်းရိုးရာသင်္ကြန်ကို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်ရောက် ရှမ်းတိုင်းရင်းသား စိုင်းအောင်ခေးဆင့်က ပြောသည်။

ရှမ်းတိုင်းရင်းသားတို့၏ သင်္ကြန်ပွဲတော်ကာလမှာ မြန်မာတိုင်းရင်းသားတို့၏ သင်္ကြန်နှင့်အတူတူပင်ဖြစ်ကြောင်း၊ သို့ရာတွင် ကျင်းပပုံမတူကြောင်း၊ သင်္ကြန်ရေပက်ကစားခြင်းမပြုမီ မိမိတို့ကြိုတင်စီစဉ်ပြုလုပ်ထားသော သဲပုံစေတီသို့

*စာမျက်နှာ ၅ ကော်လံ ၄* ❍

မြန်မာ့အလင်း

# တီထွင်ကြံဆသော နည်းလမ်းသစ်များ

လက်ကိုင်တယ်လီဖုန်းတို့သည် ကျေးလက်ဒေသအပါအဝင် ပြည်သူလူထု၏ လူမှုရေးဘဝကို တိုးတက်မြင့်မားစေပြီး စီးပွားရေး အခွင့်အလမ်းကို ကျယ်ပြန့်စေသည်မှာ နားလည်လက်ခံပြီး လူမှု-စီးပွားရေး အချက်တစ်ရပ် ဖြစ်ပါသည်။ သို့သော် လက်ကိုင်တယ်လီဖုန်းတို့ကို ကျေးလက်ဒေသများ၌ပါ သုံးစွဲနိုင်ရေးကိုဆောင်ရွက်သည့်အခါ ဆက်သွယ်ရေးတာဝါတိုင်တို့ကို ကျယ်ပြန့်စွာ ကွန်ရက်ဖြန့်ကြက်ဆောက်လုပ်ရပါသည်။ ဤကဲ့သို့ ဆက်သွယ်ရေးတာဝါတိုင်တို့ကို ကွန်ရက်ဖြန့်ကြက်ရသည့်အခါ ကြုံတွေ့ရသည့် ပြဿနာတစ်ရပ်မှာ ဆက်သွယ်ရေးတာဝါတိုင် အများစုကို လျှပ်စစ်မဟာဓာတ်အားလိုင်းများ မရောက်ရှိသေးသောဒေသ (သို့မဟုတ်) လျှပ်စစ်ဓာတ်အားကို စိတ်ချလက်ချသုံးစွဲနိုင်စွမ်းမရှိသောဒေသတို့၌ တည်ဆောက်ရခြင်းဖြစ်ပါသည်။ ဆက်သွယ်ရေးတာဝါတိုင်တို့၏ သဘောသည် လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ သုံးစွဲရသည်ဖြစ်၍ ဆက်သွယ်ရေးတာဝါတိုင်တို့ကို အသုံးပြုလုပ်ငန်း လည်ပတ်ရာ၌ လျှပ်စစ်ဓာတ်အားအတွက် ကုန်ကျစရိတ်သည် စုစုပေါင်းကုန်ကျစရိတ်၏ ၄၀ ရာခိုင်နှုန်းခန့်အထိ ရှိပါသည်။

တစ်ဖက်၌လည်း ကျေးလက်ပြည်သူတို့သည် လက်ကိုင်တယ်လီဖုန်း အသုံးပြုရေး အပါအဝင် အမျိုးမျိုးသော လူမှု-စီးပွားရေးလိုအပ်ချက်တို့အတွက် လျှပ်စစ်ဓာတ်အားကို လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတို့၌ ကျေးလက်ဒေသအရောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှာ ကြီးမားသော စိန်ခေါ်ချက်တစ်ရပ်အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ ဆက်သွယ်ရေးတာဝါတိုင်တို့ကို တည်ဆောက်လည်ပတ်ရသော ကုမ္ပဏီတို့နှင့် ကျေးလက်ပြည်သူတို့၏ ဘုံလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အား ဖြစ်ပါသည်။ ဆက်သွယ်ရေးတာဝါတိုင်တို့အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဒီဇယ်ကဲ့သို့သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာတို့ အသုံးပြု၍ ထုတ်လုပ်ရပါက ကုန်ကျစရိတ်မြင့်မားသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးစေပါသည်။ တစ်ဖန်သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုသည် ကျေးလက်ပြည်သူတို့၏ လူမှု-စီးပွားရေး အခွင့်အလမ်းတို့ကို ပိုမိုဆုတ်ယုတ်လျော့ကျစေမည် ဖြစ်ပါသည်။

ဆက်သွယ်ရေးတာဝါတိုင် ကုမ္ပဏီတို့နှင့် ကျေးလက်ပြည်သူတို့၏ ဘုံစိန်ခေါ်ချက်ကို ဖြေရှင်းပေးနိုင်မည့်အရာမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖြစ်ပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့အနက် နေရောင်ခြည်စွမ်းအင်သည် အချိန်နှင့်အမျှ ကျယ်ပြန့်လာနေပါသည်။ ရိုးမမိုက်ခရိုပါဝါကုမ္ပဏီသည် စစ်ကိုင်းတိုင်းဒေသကြီး၌ ကနဦးအဆင့်အနေဖြင့် အသေးစား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၀ ခု တည်ဆောက်၍ ဆက်သွယ်ရေးတာဝါတိုင်များကိုသာမက ကျေးလက်ပြည်သူများကိုပါ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပါသည်။ ယခုအချိန်ထိ ဤနည်းလမ်းဖြင့် ကျေးလက်ပြည်သူ ၇၀၀ ကို လျှပ်စစ်ဓာတ် ဖြန့်ဖြူးရောင်းချပေးပြီး ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း၊ နော်ဝေအစိုးရ၏ Norfund နှင့် ရိုးမမဟာဗျူဟာ ဦးပိုင်လီမိတက်တို့၏ အဓိကရင်းနှီးမြှုပ်နှံမှုဖြင့် ဒေါ်လာ ၂၈ သန်းအထိ အကုန်အကျခံ၍ ဆက်သွယ်ရေးတာဝါတိုင် ကုမ္ပဏီတို့နှင့် ကျေးလက်ပြည်သူတို့အတွက် လျှပ်စစ်ဓာတ် ဖြန့်ဖြူးပေးမည့် နေရောင်ခြည်စွမ်းအင်သုံး အသေးစားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တည်ဆောက်အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် တိုင်းပြည်၏ လိုအပ်ချက်တို့ကို ကြံဆဖြည့်ဆည်းပေးခဲ့သည့် ရိုးမ မိုက်ခရိုပါဝါကုမ္ပဏီ၏ ကြိုးပမ်းအားထုတ်မှုကို ကြိုဆိုဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# စုအသက်မွေးဝမ်းကျောင်းသိပ္ပံတွင် သင်တန်းသား ၁၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် စိန်ပန်းမြိုင်(၈)လမ်း၌ ဖွင့်လှစ်ထားသော စုအသက်မွေးဝမ်းကျောင်းသိပ္ပံတွင် အဋ္ဌမတန်းမှတက္ကသိုလ်ဝင်တန်းအထိ ဘာသာရပ်လေးခုကို အခမဲ့သင်ကြားပေးလျက်ရှိရာ သင်တန်းသား ၁၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။



"ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာနဲ့ ဖုန်းဆော့ဝဲလ်၊ ကွန်ပျူတာအခြေခံသင်တန်းတွေ သင်ကြားပေးနေပါတယ်၊ သင်တန်းသား ၁၀၀ နီးပါးရှိပါတယ်၊ သင်တန်းကာလက သုံးလပါ၊ လာမယ့်အပတ်မှာ စက်ချုပ်သင်တန်းနဲ့ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်းလည်း ရှိပါတယ်၊ ကလေးတွေအတွက် ဟောပြောပွဲတွေလည်း မကြာခဏလုပ်ပါတယ်၊ တခြားနိုင်ငံမှာ သွားလုပ်တာထက် ကိုယ့်နိုင်ငံမှာ လစာကောင်းကောင်းနဲ့ လုပ်ငန်းခွင် ဝင်နိုင်အောင် သင်ကြားပေးနေပါတယ်"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီကြိုင်က ပြောသည်။

လှိုင်သာယာတွင် ပညာရေးနှင့် အလှမ်းဝေးနေသော လူငယ်များစွာရှိသည့်နည်းတူ ပညာရေးတစ်ပိုင်းတစဖြင့် စက်ရုံတွင်ဝင်ရောက်လုပ်ကိုင်နေသူများ၊ အသက်မွေးဝမ်းကျောင်း ပညာရပ်တတ်ကျွမ်းမှုမရှိသော လူငယ်များစွာရှိ၍ လူငယ်များ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခု တတ်ကျွမ်းမှုဖြင့် ဘဝရပ်တည်နိုင်ရန် ထိုသင်တန်းကျောင်းမှ အခမဲ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စုအသက်မွေးဝမ်းကျောင်းသိပ္ပံကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ မျိုးဆက်သစ်သားသမီးရတနာတို့အား အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပို့ချပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်သို့ လှူဒါန်းသောမြေကွက်တွင် နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၃၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**၁၆၄**

*ထင်သာမြင်သာပြုပြင်စရာ*

# ချင်းတွင်းမြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်လာစေရေး ပြုလုပ်ပေးစေလို

**ခန္တီး ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အထက်ပိုင်းသည် ယခုအချိန်တွင် တရားမဝင် ရွှေမျှောများစွာလုပ်ကိုင်နေခြင်းကြောင့် ချင်းတွင်းမြစ်ရေ လျော့နည်းလာပြီး ချင်းတွင်းမြစ်အတွင်းသွားလာသည့် အမြန်ရေယာဉ်များမှာ ရေကြောင်းကျပ်၍ ရေလမ်းကြောင်းသတိပေး အမှတ်အသားဗောတိုင်များ စိုက်ထူပေးပြီး ရေကြောင်းကောင်းမွန်လာစေရေး လုပ်ဆောင်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ချင်းတွင်းမြစ်အတွင်း ခုတ်မောင်းနေသော ရေယာဉ်မောင်းသူများထံမှ သိရသည်။

"အရင်တုန်းကတော့ ခန္တီး-မုံရွာခရီးစဉ်ကို တစ်ညအိပ်နဲ့ သွားရောက်ခဲ့ပါတယ်၊ အခုအချိန်မှာတော့ ခန္တီး-မုံရွာခရီးကို သုံးညအိပ်ခဲ့ရပါတယ်၊ ဘာကြောင့်လဲဆိုရင် ချင်းတွင်းမြစ်ရေ လျော့နည်းလာတာနဲ့အမျှ ချင်းတွင်းမြစ်ဘေးမှာ တရားမဝင်ရွှေမျှောတွေ များစွာလုပ်ကိုင်နေပြီး အဲဒီရွှေမျှောက စွန့်ပစ်မြေစာတွေ၊ ရေဆိုးတွေ ဝင်ရောက်တဲ့အတွက် သဲသောင်ခုံတွေ ဖြစ်ပေါ်နေလို့ဖြစ်ပါတယ်"ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ကြောင်းသည် ခန္တီး-ဟုမ္မလင်း-ဖောင်းပြင်-မော်လိုက်-မင်းကင်း-ကနီ-မုံရွာမြို့များသို့ သွားလာရာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ပို့ဆောင်ပေးသည့် အဓိကလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်အတွင်း ကုန်ပစ္စည်းများ သွယ်ယူပို့ဆောင်နေသော ကုန်တင်အမြန်ရေယာဉ်များမှာ မြစ်ကြောင်းကျဉ်းလာ၍ ရေကြောင်းသတိပေး အမှတ်အသားများစိုက်ထူပေးရန်နှင့် ရေမြောင်း ကောင်းမွန်ရေး လုပ်ဆောင်ပေးရန် လိုအပ်နေကြောင်း ယာဉ်မောင်းများထံမှ သိရသည်။

**ခေါင်ရည်ချို(နာဂမြေ)**

## ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်းဖွင့်

**နေပြည်တော် ဧပြီ ၇**

နေပြည်တော် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီလပထမပတ်က ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်း စနစ်(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၈) သင်တန်းဖွင့်ပွဲကျင်းပခဲ့ရာ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထက်လွင်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှရီ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နည်းပြနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။ သင်တန်းကို ဧပြီ ၂ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၇-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၀ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ ·၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၂ ·၇ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ ·၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာချ၊ စာသင်ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သောတာပန်ဆီလှူဒါန်း

**နေပြည်တော် ဧပြီ ၇**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များရှိ စာသင်တိုက်များတွင် ဝါဆိုဝါကပ်တော်မူကြသော စာချ၊ စာသင်ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ ဦးစီးသည့် ဒါယကာ၊ ဒါယိကာမများက သောတာပန် ဆီလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်တွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များအား နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့က ပေါက်မြိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများက သီလရှင်ဆရာကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒထံမှ အနုမောဒနာတရားနာယူတော်မူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပဉ္စမအကြိမ်မြောက် သောတာပန်ဆီ အလှူတော် မင်္ဂလာမဟာအခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များရှိ ကျောင်းတိုက် ၆၈ ကျောင်းသို့ သောတာပန်ဆီ ၃၆၀၂ ပိဿာနှင့် လှူဖွယ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၄ သိန်းကျော်အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**သတင်းစဉ်**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်တွေ့ဆုံ အားပေးစကားပြော

**နေပြည်တော် ဧပြီ ၇**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်တွေ့ဆုံ အားပေးစကားပြောကြားသည်။



ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ကျောင်းဌာနချုပ်ရုံး၊ ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ကျောင်းအုပ်ကြီးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဒုတိယကျောင်းအုပ်ကြီးတို့က တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ်နှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းများအလိုက် သင်ခန်းစာများကို လေ့ကျင့်ရေးရည်မှန်းချက်ပြည့်မီအောင် စေတနာထား၍ သင်ကြားပေးရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပေါင်းစည်းလယ်ယာ (ဗထူးစမ်း)၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၊ အောင်ဆန်းခန်းမ၌ ဗထူးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများအား ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းပြီး အားပေးစကားများ ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် ကျောက်တလုံးမြို့ရှိ ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၏ နေအိမ်သို့ သွားရောက်တွေ့ဆုံ၍ ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ဆက်လက် ပါဝင်ကူညီ ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးညှိနှိုင်း တိုင်ပင်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)သို့ရောက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေပြည်နန်း ကုမ္ပဏီလီမိတက်က အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အတွက် လူနာတင်ယာဉ် ပေးအပ်လှူဒါန်းသည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် ၁၁ ရပ်ကွက် ပြည်လမ်း အမှတ် ၈၂ ရှိ LOTTLE HOTEL ၌ အမှတ် ၂၈/F အင်းလျားမြိုင်လမ်း ရွှေတောင်ကြား ၁ ရပ်ကွက် ဗဟန်းမြို့နယ်နေ ရွှေပြည်နန်း ကုမ္ပဏီလီမိတက်မှ ဦးအောင်မြင့်၊ ဒေါ်ကြည်အေးတို့၏ သားဖြစ်သူ ဦးမျိုးသွင်မိသားစုက အမြန်လမ်းမကြီးရဲတပ်ဖွဲ့တွင် အသုံးပြုရန်အတွက် လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၆ ရက် ညနေ ၅ နာရီ ၂၅ မိနစ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းသည့်အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ရွှေတို့တက်ရောက်ခဲ့ကြပြီး လှူဒါန်းသည့် လူနာတင်ယာဉ်အမှတ်၊ NPW 6P/1565 ယာဉ်အား အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ရွှေက လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကာ ယင်းလူနာတင်ယာဉ်အား စနစ်တကျကိုင်တွယ်သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ်နိုင်ငံလုံးဆိုင်ရာ လူငယ်ညီလာခံ(ဗဟို) ကျင်းပ

နေပြည်တော် မေ ၇

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာလူငယ်ညီလာခံ (ဗဟို) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၂ ၌ ကျင်းပသည်။**





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာလူငယ်ညီလာခံ (ဗဟို) ကျင်းပစဉ်။ သတင်းစဉ်

**တက်ရောက်**

ညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အလုပ်အမှုဆောင်ဥက္ကဋ္ဌများ၊တိုင်းဒေသကြီးနှင့် ပြည်နယ် ဗဟိုညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဦးဝင်းထိန်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

ထို့နောက် သဘာပတိဦးဝင်းထိန်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က အမှာစကားပြောကြားကြသည်။

**ညီလာခံစာတမ်း ဖတ်ကြား**

ယင်းနောက် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ လူငယ်ညီလာခံကျင်းပရေးဗဟိုကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက လူငယ်ညီလာခံစာတမ်းကို ဖတ်ကြားသည်။

**ရွေးချယ်သွားမည်**

ညီလာခံတွင် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ လူငယ်ညီလာခံ (ဗဟို) လူငယ်လုပ်ငန်းအဖွဲ့ဝင်တာဝန်ခံ၊ တွဲဖက်တာဝန်ခံ၊ စည်းရုံးရေးမှူး ရေးရာမှူး၊ အုပ်ချုပ်ရေးမှူး ရေးရာမှူး၊ ဘဏ္ဍာရေးမှူး ရေးရာမှူး၊ သတင်းပြန်ကြားရေးရာမှူး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးရာမှူး၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများရေးရာမှူးနှင့် လူထုလူတန်းစားရေးရာမှူးများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပထမအကြိမ်ကျင်းပနိုင်ခဲ့**

"၁၉၈၈ခုနှစ်ကတည်းက ကျွန်တော်တို့ပါတီက ဒီမိုကရေစီပါတီဖြစ်တဲ့အတွက်အခွင့်အခါသင့်တိုင်းမှာ ကျင်းပဖို့ ကျွန်တော်တို့ခေါင်းဆောင် အမေဒေါ်အောင်ဆန်းစုကြည်က ကြိုးစားခဲ့တယ်၊ ၁၉၈၉ ခုနှစ်မှာတစ်ကြိမ် ကြိုးစားခဲ့သေးတယ်၊ အဲဒီမှာ နိုင်ငံလုံးဆိုင်ရာ ညီ လာခံအဆင့်ပြီးမြောက်အောင် မလုပ်နိုင်ခဲ့ဘူး၊ အမေစုရဲ့အိမ်မှာပဲ နိုင်ငံလုံးဆိုင်ရာ လူငယ်တွေ့ဆုံပွဲ အဆင့်ကိုပဲ ပြုလုပ်နိုင်ခဲ့တယ်၊ အဲဒီကနေ ၂၀၁၄ ခုနှစ်မှာ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ လူငယ်ညီလာခံကို ကျင်းပနိုင်ခဲ့တယ်၊ အဲဒီတုန်းက လူငယ်အဖွဲ့ဝင် အင်အား တစ်သိန်းခွဲကျော်နဲ့ ကျင်းပနိုင်ခဲ့တယ်၊ အခုဒုတိယအကြိမ်ညီလာခံကတော့ ပြီးခဲ့တဲ့ လူငယ်ညီလာခံကနေ ရွေးကောက်ပွဲကာလဖြတ်သန်းတဲ့အခါ လူငယ်တော်တော်များများ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကုန်တာလည်းပါတယ်၊ အချို့လည်း အစိုးရအဖွဲ့ဝင် ဖြစ်ကုန်တာလည်း ပါတယ်၊ ဒါ့ကြောင့် လူငယ်အဖွဲ့ဝင်အားလျော့နည်းလာတယ်လို့ ဆိုနိုင်ပါတယ်၊ ဒါ့ကြောင့် ပါတီဗဟိုအလုပ်အမှုဆောင်ဗဟိုကော်မတီ အစည်းအဝေးကနေ ဒုတိယအကြိမ် လူငယ်ညီလာခံကျင်းပဖို့ ဆုံးဖြတ်တဲ့အတွက် ဒီဒုတိယအကြိမ်နိုင်ငံလုံးဆိုင်ရာ လူငယ်ညီလာခံကို ကျင်းပရတာ ဖြစ်ပါတယ်" ဟု ဒုတိယအကြိမ်နိုင်ငံလုံးဆိုင်ရာလူငယ် ညီလာခံကျင်းပရေးဗဟိုကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက ပြောကြားသည်။





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာလူငယ်ညီလာခံ (ဗဟို) တွင် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**တာဝန်ခွဲဝေသွားမှာဖြစ်**

လူငယ်ညီလာခံ ကိုယ်စားလှယ်ရွေးချယ်ရေးအပါအဝင် တာဝန်ခွဲဝေသတ်မှတ်မည့် အစီအစဉ်များကိုလည်း ၎င်းက ဆက်လက်ရှင်းပြရာ "ပထမအကြိမ်လူငယ်ညီလာခံတုန်းက လူငယ်အဖွဲ့ဝင်စုဆောင်းတဲ့အခါ အသက် ၁၆ နှစ်ကနေ ၃၅ နှစ်အောက်လို့ သတ်မှတ်ပါတယ်၊ ဒုတိယအကြိမ်မှာတော့ အသက် ၁၆ နှစ်က နေ ၃၀ အောက်ဖြစ်ပါတယ်၊ ဒါတွေက အမေဒေါ်အောင်ဆန်းစုကြည် ချပေးထားတဲ့မူ ဖြစ်ပါတယ်၊ ပထမအကြိမ်ကတည်းက အမေစုက အသက် ၃၀ အောက်ကိုပဲ လုပ်စေချင်ပါတယ်၊ ဒါ့ကြောင့် ပထမအကြိမ်တုန်းက အသက် ၁၆ နှစ်ကနေအသက် ၃၅ နှစ်အောက်ဖြစ်ပြီး အခုဒုတိယအကြိမ်မှာ အသက် ၁၆ နှစ်ကနေအသက် ၃၀ အောက် လူငယ်တွေနဲ့ ညီလာခံကိုကျင်းပတာ ဖြစ်ပါတယ်၊ အခုညီလာခံကျင်းပဖို့ အချိန် ၈ လလောက်ပဲရပါတယ်၊ အချိန်ကလည်း တိုတောင်းတဲ့အတွက် လူငယ်အဖွဲ့ဝင်အင်အား ခုနစ်သောင်းခွဲကျော် စုဆောင်းမိပါတယ်၊ အဲဒီမှာ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ညီလာခံ ကိုယ်စားလှယ်ရွေးချယ်ပွဲတွေ လုပ်ပါတယ်၊ အခုဗဟိုအဆင့်ဖြစ်ပါတယ်၊ အဆင့်ဆင့်သော ညီလာခံတွေပြီးသွားတဲ့အခါ လူငယ်မျိုးဆက်သစ်ခေါင်းဆောင်ပေါင်း ခုနစ်သောင်းခွဲကျော်ထဲကနေ ငါးထောင်ကျော်မွေးထုတ်နိုင်ခဲ့ပါတယ်၊ ဒီဗဟိုအဆင့်မှာဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေက ရွေးချယ်စေလွှတ်လိုက်တဲ့ လူငယ်မျိုးဆက်သစ်ခေါင်းဆောင် ၂၆၂ ဦးတက်ရောက်ပါတယ်၊ နံနက်ပိုင်းမှာ ဗဟိုလူငယ်ဦးဆောင်အဖွဲ့ ၆၅ ဦးရွေးချယ်ပါတယ်၊ အဲဒီကနေ နောက်ဆုံးဆန်ခါတင် ဗဟိုလူငယ် ၁၅ ဦးကို ပြန်ရွေးချယ်မှာဖြစ်ပါတယ်၊ အဲဒီ ၁၅ ဦး အချင်းချင်းညှိနှိုင်းဆွေးနွေး၍ သော်လည်းကောင်း မဲခွဲဆုံးဖြတ်၍သော်လည်းကောင်း တာဝန်တွေခွဲဝေသွားမှာပါ၊ တာဝန်ခံ၊ တွဲဖက်တာဝန်ခံ၊ ဘဏ္ဍာရေးမှူး၊ စည်းရုံးရေးမှူးစတဲ့ ဆပ်ကော်မတီတွေကို တာဝန်တွေခွဲဝေသွားမှာ ဖြစ်ပါတယ်၊ ဒီညီလာခံပြီးသွားရင် အဲဒီလူငယ်ခေါင်းဆောင် တွေကနေ လူငယ်ထုဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လူငယ်ထုစည်းရုံးရေး လုပ်ငန်းတွေ အထူးသဖြင့် ရွေးကောက်ပွဲကြေညာစာတမ်းမှာပါတဲ့ လူငယ်ဆိုင်ရာကိစ္စရပ်တွေကို ဆက်လက်ဦးဆောင်သွားကြမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ လူငယ်ရေးရာတာဝန်ခံဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်ပါတယ်၊ လူငယ်တွေဟာ အမေချမှတ်ပေးတဲ့ လမ်းစဉ်တွေကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**မောင်ဖိုးဇော်(ကလေးဝ)**

# ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကျင်းပ

**ဖျာပုံ မေ ၇**

ဖျာပုံမြို့ဇာတိ အမျိုးသားစာဆို ဆရာဇော်ဂျီကို ဂုဏ်ပြုသောအားဖြင့် တည်ထောင်ဖွင့်လှစ်ထားသော ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်တည်ထောင်ဖွင့်လှစ်ခြင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများကို မေ ၇ ရက် မွန်းလွဲ ၁ နာရီက ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ကျင်းပခဲ့သည်။

**ဂုဏ်ပြုကျေးဇူးတင်စကားပြော**

အခမ်းအနားတွင် ဆရာဇော်ဂျီ၏သမီးကြီး ဒေါက်တာခင်မျိုးဟန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ ၂၁ ဦး၊ ဆရာဇော်ဂျီဆုရရှိသူ မြန်မာစာရမှတ်အများဆုံးဆုရှင် ဖျာပုံမြို့အထကခွဲ အလက (၁) မှ မယွန်းလဲ့လဲ့ခိုင်တို့အားတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ ဦးမြတ်သူရနှင့်ဇနီး ဒေါ်မေမြတ်ကိုကို (ကျိုက် ထိုဟိုတယ်) မိသားစုမှ ငွေကျပ်သိန်း ၃၀ ၊ ဆရာဇော်ဂျီ မိသားစုမှငွေကျပ် ၂၅ သိန်း အပါအဝင် အလှူရှင်များစုပေါင်း၍ ဆရာဇော်ဂျီစာကြည့်တိုက် ငွေပဒေသာပင်သို့ အလှူငွေကျပ် ၁၃၇ သိန်းထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စည်ကားစွာ ကျင်းပခဲ့**

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တည်ထောင်ဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် စာရေးဆရာမြဝင်း (ဒဿန)ကဇော်ဂျီ၏ ဒဿနစာ၊ ရသစာခေါင်းစဉ်ဖြင့် ဂုဏ်ပြုဟောပြောခြင်း၊ စာနယ်ဇင်းအလှူရှင်များအား ဂုဏ်ပြုခြင်း၊ အချိန်ပိုင်းလုပ်အားပေးလူငယ်များအားဂုဏ်ပြုခြင်းတို့ဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့များနှင့်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့် ခနိတောသို့ရောက်ရှိရာ အစည်းအဝေးခန်းမတွင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပင်မသိုလှောင်ရုံအတွင်း ရေယာဉ်တွဲ၊ မီးရထားတွဲ၊ ဆီသယ်ယာဉ်များနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ထားမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) မြေညီထပ် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသော အခြေအနေများ၊ ဥပဒေပိုင်းဆိုင်ရာ သိထားသင့်သော အချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းများမှ စက်သုံးဆီအရည်အသွေးကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်နေသောအခြေအနေ၊ ဈေးနှုန်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ ယခုလက်ရှိ ဈေးနှုန်းအခြေအနေ၊ မိမိတို့နိုင်ငံ စက်သုံးဆီဈေးနှုန်းနှင့် အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းအခြေအနေနှင့် စက်သုံးဆီအရောင်းဆိုင် လိုင်စင်သက်တမ်းတိုးရာတွင် ပတ်ဝန်းကျင်ထောက်ခံချက်များ လိုအပ်နေသည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးမှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**မန္တလေး ဧပြီ ၇**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများနှင့်ခရိုင်ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ မှာကြားချက်များ ထပ်ဆင်းရှင်းလင်းပွဲအခမ်းအနားကို ဧပြီ ၇ ရက်က စုပေါင်းရုံးကြီးဝင်းရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်းက တက်ရောက်လာသည့် ဥပဒေအရာရှိများအား စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်၏ လုပ်ငန်းဆိုင်ရာမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

**လုပ်ငန်းညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဒယ်နီရယ်ကြည်နှင့် တာဝန်ရှိသူများက စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဦးစီးဌာနလေးခုမှ ညွှန်ကြားရေးမှူးချုပ်များ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးမှာကြားသည်။

**တက်ရောက်**

စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မန္တလေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ ပြင်ဦးလွင်ခရိုင်ဥပဒေရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၇**

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍာစာမျက်နှာကို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ဧပြီ ၁၄ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၅ ရက်တွင် လည်းကောင်း၊ ကြေးမုံသတင်းစာမှ စနေနေ့တိုင်းထုတ်ဝေသည့် တိုင်းရင်းသားရေးရာအချပ်ပိုကို ဧပြီ ၁၄ ရက်တွင် လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်း ထုတ်ဝေသည့် မျိုးဆက်သစ်ရင်ပြင်အချပ်ပိုကို ဧပြီ ၁၅ ရက်တွင် လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာမှ ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေသည့် ယနေ့ရန်ကုန်အချပ်ပိုကို ဧပြီ ၁၈ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာ ကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိလက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**



ရှမ်းတိုင်းရင်းသားရိုးရာသင်္ကြန်(အကြို)ကို မျှော်စင်ကျွန်း၌ စည်ကားစွာကျင်းပနေသည်ကို တွေ့ရစဉ်။

❍ *ရှေ့ဖုံးမှ*

ရှမ်းရိုးရာအိုးစည်ဗုံမောင်းများ၊ ရှမ်းကိန္နရာအကတို့ဖြင့် သီဆိုကခုန်ကာ လှည့်လည်ရောက်ရှိလာပြီး သဲပုံစေတီအား ရှမ်းရိုးရာမုန့်အမျိုးမျိုး၊ ရှမ်းပြည်ထွက်သစ်သီးဝလံများ၊ တံခွန်ကုက္ကားတို့ဖြင့် ကပ်လှူပူဇော်၍ ရဟန်းသံဃာတို့က ပရိတ်တရား ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းတို့ ပြုလုပ်ပြီးနောက် ရေကစားခြင်းကို ပြုလုပ်ကြကြောင်း သိရသည်။

ယနေ့ အခမ်းအနားတွင်လည်း ရှမ်းရိုးရာအစဉ်အလာအတိုင်း ကျင်းပကြခြင်းဖြစ်သည်။ အခမ်းအနားဖွင့်လှစ်ပြီးနောက်ရှမ်းရိုးရာသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ရေပက်ကစားခြင်း၊ ရှမ်းရိုးရာမုန့်အမျိုးမျိုးဖြင့် စတုဒိသာ ကျွေးမွေးညှော်ခံခြင်းတို့ကို ပျော်ပျော်ပါးပါးပြုလုပ်ကာ ဆင်ယင်ကျင်းပခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်**

❒ *ကျောဖုံးမှ*

သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို မူးမြစ်ပေါ်၌ ၂၀၀၁ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး သိုလှောင်ရေများကို တမံ၏အောက်ဘက် ကိုးမိုင်ခန့်အကွာတွင် ၁၉၉၆-၁၉၉၇ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည့် ကင်းတပ်ရေထိန်းတမံမှတစ်ဆင့် လက်ဝဲ၊ လက်ယာတူးမြောင်းများဖြင့် ဆည်ရေပေးဝေခြင်းနှင့် သဖန်းဆိပ်တမံ၏ အောက်ဘက် ၃၃ မိုင်ခန့်အကွာ ၁၉၀၆ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည့် ကာဘိုးရေလွှဲဆည်မှတစ်ဆင့် ရွှေဘိုတူးမြောင်းနှင့် ရေဦးတူးမြောင်းများ ဆည်ရေပေးဝေခြင်းတို့အတွက် လိုအပ်သော စိုက်ပျိုးရေပမာဏကို ထိန်းညှိထုတ်လွှတ်ပေးဝေလျက်ရှိသည်။

၂၀၁၇-၂၀၁၈ နွေစပါးရေပေးရာသီတွင် သဖန်းဆိပ်ဆည်ရေသောက်စနစ်ကင်းတပ်လယ်ယာတူးမြောင်းမှ နွေစပါး ၆၅၉၀၀ ဧက၊ ကင်းတပ်လက်ဝဲတူးမြောင်းမှ နွေစပါး ၅၂၀၅၀ ဧက၊ ကာဘိုးဆည်ရွှေဘိုတူးမြောင်းမှ နွေစပါး ၁၁၂၀၅၀ ဧက၊ အခြားသီးနှံ ၆၄၃၀၀ ဧကနှင့် ကာဘိုးဆည် ရေဦးတူးမြောင်းမှ နွေစပါး ၇၆၇၄၁ ဧက၊ အခြားသီးနှံ ၆၀၇၀ ဧက၊ ပေါင်း နွေစပါး ၃၀၆၇၄၁ ဧကနှင့် အခြားသီးနှံ ၇၀၃၇၀ ဧက၊ စုစုပေါင်း ၃၇၇၁၁၁ ဧကတို့ စိုက်ပျိုးရန် လျာထားပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေခဲ့ပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းသည်အထိ ဆည်ရေဆက်လက်ပေးဝေသွားမည်ဖြစ်သည်။ တောင်သူဆန္ဒအရ မည်သည့်သီးနှံစိုက်ပျိုးသည်ဖြစ်စေ ရေလုံလောက်အောင် ပေးဝေသွားမည်ဖြစ်သည့်အပြင် သဖန်းဆိပ်တမံအတွင်း လက်ရှိသိုလှောင်ထားရှိသော ဆည်ရေဖြင့်လာမည့် မိုးစပါး ပျိုးထောင်ရေကိုပါ လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

သဖန်းဆိပ်ရေလှောင်တမံ စိုက်ပျိုးရေစဉ်မပြတ်ပေးဝေနေပါသဖြင့် ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်၊ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များ၊ မုံရွာခရိုင်အတွင်းရှိ အရာတော်၊ ဘုတလင်မြို့နယ်များနှင့် စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်းမြို့နယ်များမှ ဒေသခံတောင်သူများ စိုက်ပျိုးစွမ်းအားများတိုးတက်လာခြင်း၊ လူနေမှုဘဝမြင့်မားတိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံပြီး မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ အထွက်တိုးလာပါသဖြင့် သဖန်းဆိပ်ရေလှောင်တမံသည် မူးမြစ်ဝှမ်းဒေသအတွင်းရှိ တောင်သူများကို အကျိုးပြုနေသော ဆည်တစ်ခုဖြစ်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**



သဖန်းဆိပ်ရေလှောင်တမံ၌ ရေသိုလှောင်ထားမှုကို တွေ့ရစဉ်။

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်ရုံး မီဒီယာကျွမ်းကျင်မှုဆင့်ပွားသင်တန်းဖွင့်

**ပုသိမ် ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးသတင်းမီဒီယာကျွမ်းကျင်မှုဆင့်ပွားသင်တန်း အမှတ်စဉ် ၂/၁၈ ဖွင့်ပွဲကို ဧပြီ ၇ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးထိန်မင်းတို့က အမှာစကားများ အသီးသီး ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဖျာပုံ၊ မအူပင်၊ ဟင်္သာတခရိုင်များနှင့် အဆိုပါခရိုင်များအတွင်းရှိ မြို့နယ်များမှ သင်တန်းသား တရားသူကြီး၄၃ ဦး တက်ရောက်ပြီး ဧပြီ ၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ပုသိမ်လုကြည်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ

ဖြိုးသန္တာလင်း

**အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်ပေးနေသော စာပေဗိမာန်ဟုဆိုလိုက်လျှင် စာပေချစ်မြတ်နိုးသူတိုင်း သိရှိကြသည်ပင်။ စာပေဗိမာန်သည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဌာနတစ်ခုဖြစ်ပြီး မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု စာပေအသိဉာဏ်ထက်မြက်စေရေးနှင့် လူမှုဘဝဖွံ့ဖြိုးရှင်သန်စေရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။**

**စာပေဆုများ ရွေးချယ်**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ ကာလအတွင်း စာပေဗိမာန်ဆုရစာမူ ၆၄ ခုနှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရစာမူ ၂၄ ခု စုစုပေါင်း ဆုရစာမူ ၈၈ ခုကို စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုသို့ စာအုပ်အဖြစ် ထုတ်ဝေလိုက်သော စာပေဗိမာန် စာမူဆုရစာအုပ်များသည် လာမည့်နှစ် အမျိုးသားစာပေဆုတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ စာပေဗိမာန် စာမူဆုရ စာမူများကို ပြည်သူ့လက်စွဲစာစဉ်အဖြစ် နှစ်စဉ်ပုံနှိပ် ဖြန့်ချိပေးလျက် ရှိပါသည်။

စာပေဆုများ ရွေးချယ်ရာတွင် စာပေလောကမှ စာပေပညာရှင်ကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် တစ်နှစ်သက်တမ်းရှိ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီနှင့် နှစ်နှစ်သက်တမ်းရှိ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့ ဖွဲ့စည်းကာ ဘာသာရပ်အလိုက် အဖွဲ့ငယ်များခွဲ၍ ပဏာမအဆင့်၊ ဆန်ခါတင် အဆင့်နှင့် အတည်ပြု အဆင့်ဟူ၍ အဆင့်ဆင့်စိစစ်ရွေးချယ်ပါသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၆ မျိုး၊ စာပေဗိမာန် စာမူဆုတွင် ဘာသာရပ် ၁၃ မျိုး ခွဲခြားယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် စာပေရွေးချယ်ရေး ပညာရှင်များ ဆုစိစစ်ရွေးချယ်ရေး အစည်းအဝေးများ ကျင်းပရေးနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးတို့အတွက် အုပ်ချုပ်ထောက်ပံ့မှုကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆုရွေးချယ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ပြန်ကြားရေးဝန်ကြီးဌာန၏ Webportal နှင့် စာပေဗိမာန် Website တို့တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု စာပေအသိဉာဏ်ထက်မြက်စေရေး၊ လူမှုဘဝဖွံ့ဖြိုးရှင်သန်စေရေးတို့ကို ရည်ရွယ်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများ ရွေးချယ်ချီးမြှင့်ပေးနိုင်ခဲ့မှုကိုလည်း ဖော်ပြလိုပါသည်။

၂၀၁၅ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆု တစ်ဆုလျှင် ငွေကျပ် ၂၅ သိန်းဖြင့် ဆုနှစ်ဆု၊ အမျိုးသားစာပေဆု တစ်ဆုလျှင် ငွေကျပ် ၁၅ သိန်းဖြင့် ဆု ၁၁ဆုနှင့် စာပေဗိမာန် စာမူဆု ဘာသာရပ် ၁၂ မျိုးအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းဖြင့် ဆု ၃၃ ဆုကို ချီးမြှင့်ပေးခဲ့ပါသည်။

အလားတူ ၂၀၁၆ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆု တစ်ဆုလျှင် ငွေကျပ် ၂၅ သိန်းဖြင့် ဆုသုံးဆု၊ အမျိုးသားစာပေဆု တစ်ဆုလျှင် ငွေကျပ် ၁၅ သိန်းဖြင့် ဆု ၁၀ ဆုနှင့် စာပေဗိမာန် စာမူဆု ဘာသာရပ် ၁၁ မျိုးအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းဖြင့် ဆု ၂၆ ဆုကို ချီးမြှင့်ပေးခဲ့ပါသည်။

**စာပေဗိမာန် တည်ထောင်သည့် နှစ် (၇၀) ပြည့်**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ ရက်သည် စာပေဗိမာန် တည်ထောင်သည့် နှစ် (၇၀) ပြည့်နေ့ဖြစ်ပါသည်။ ထို့ကြောင့် စာပေဗိမာန် နှစ် (၇၀)ပြည့် အထိမ်းအမှတ်အဖြစ် သုတပဒေသာ ဆောင်းပါးပေါင်းချုပ် အထူးထုတ်ကို ထုတ်ဝေခဲ့ပါသည်။ သုတပဒေသာ ဆောင်းပါးပေါင်းချုပ်ကို အခါအားလျော်စွာ အထူးထုတ်အဖြစ် ပြုစုထုတ်ဝေပေးလျက်ရှိပါသည်။

ကလေးငယ်များအတွက် ရည်ရွယ်၍ အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ပြုစုထုတ်ဝေလျက်ရှိပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ရွှေသွေးအထူးထုတ်စာစောင်များကို ထုတ်ဝေခဲ့ပါသည်။

လူငယ်စာဖတ်ပရိသတ်အား ရည်ရွယ်သည့် သုတ၊ ရသ အကြောင်းအရာများကို ဘာသာပြန်ဆို၍ သုတပဒေသာစာစောင်အဖြစ် လစဉ် ပြုစုထုတ်ဝေလျက်ရှိသည့်အပြင် ပြက္ခဒိန်တစ်နှစ်အတွင်း မြန်မာနိုင်ငံနှင့် ကမ္ဘာပေါ်တွင် ဖြစ်ပွားသော အကြောင်းအရာများကို အက္ခရာဖြင့် စဉ်၍ တစ်နှစ်လျှင်တစ်ကြိမ် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ပြုစုထုတ်ဝေလျက်ရှိသည်။

ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာအုပ်စာစောင်များကို မြန်မာဘာသာသို့ ပြန်ဆို၍ ဘာသာပြန်စာအုပ်များ ပြုစုထုတ်ဝေလျက်ရှိရာ နှစ်နှစ်တာ ကာလအတွင်း ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှု လျှို့ဝှက်ချက် စာအုပ်နှင့် နိုင်ငံသားဖြစ်ခြင်း၏ တန်ဖိုး၊ ကြယ်စင်များဆီသို့နှင့် အာရှလူငယ်များ စာအုပ်တို့ကို ဘာသာပြန်ဆို ထုတ်ဝေခြင်း၊ ဂျပန်နိုင်ငံ Shanti စေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပူးပေါင်း၍ လူငယ်များအတွက် ဘာသာပြန်ပြိုင်ပွဲများ ကျင်းပ၍ ပထမဆုရစာမူကို ပုံနှိပ်ထုတ်ဝေ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာကြည့်တိုက်များသို့ လှူဒါန်းနိုင်ခဲ့ကြောင်း သိရှိရသည်။

**စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်များ**

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ရန်ကုန်နှင့် မန္တလေးတို့တွင် ဖွင့်လှစ်ထားပြီး စာကြည့်တိုက်သို့ လာရောက်လေ့လာသော ပုဂ္ဂလိက စာကြည့်တိုက်မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ စာကြည့်တိုက်ပညာ လေ့လာသူများကို စာကြည့်တိုက်လုပ်ငန်းစဉ်များ ရှင်းလင်းသင်ကြားပေးခြင်း၊ ကျမ်းပြုစုကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား လိုအပ်သည့် ကျမ်းကိုး စာအုပ်စာစောင်များ ကူညီပေးခြင်းတို့ဖြင့် ပြည်သူ့ထံ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ကလေးများအတွက် ပုံပြောပြိုင်ပွဲများ၊ လျှပ်တစ်ပြက် နှုတ်စွမ်းရည်မှု ပြိုင်ပွဲများ၊ ရွှေသွေးအရွယ် ချစ်စဖွယ်ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

**စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များ**

စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို ဦးဆောင်ကျင်းပပေးခဲ့ပြီး နိုင်ငံရေးစာတမ်းဖတ်ပွဲနှင့် မိုးရာသီဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန တည်ရှိရာ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗဟိုပုံနှိပ်စက်ရုံ အဆောက်အအုံတွင် ၂၉-၇-၂၀၁၆ ရက်မှ ၃၁-၇-၂၀၁၆ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ပြီး စာတမ်း ၁၆ စောင်ကို ဖတ်ကြားကာ စာအုပ်ဆိုင်ခန်းပေါင်း ၁၇၀ ကျော် ဖွင့်လှစ်ရောင်းချခဲ့သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီ ဈေးရောင်းပွဲတော်ကို ၁-၁၂-၂၀၁၆ ရက်မှ ၄-၁၂-၂၀၁၆ ရက်အထိ လေးရက်တာ ကျင်းပခဲ့ပြီး စာတမ်း ၁၄ စောင်ကို ဖတ်ကြားကာ စာအုပ်ဆိုင်ခန်းပေါင်း ၂၀၀ ကျော်ကိုလည်းကောင်း၊ ဘာသာပြန်စာတမ်းဖတ်ပွဲနှင့် နွေရာသီဈေးရောင်းပွဲတော်ကို ၂၉-၄-၂၀၁၇ ရက်မှ ၁-၅-၂၀၁၇ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ပြီး စာတမ်း ၁၅ စောင်ကို ဖတ်ကြားကာ စာအုပ်ဆိုင်ခန်းပေါင်း ၁၆၅ ကျော်ကိုလည်းကောင်း ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းများကို စာအုပ်ထုတ်ဝေပြီး စိတ်ပါဝင်စားသူများ လေ့လာဖတ်ရှုနိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် အရောင်းဆိုင်၊ နေပြည်တော်ရှိ သပြေကုန်းအရောင်းဆိုင်နှင့် မန္တလေး အရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိသည်။

စာပေကို စိတ်ဝင်စားသည့် ပြည်သူများ တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာ စာအုပ်များ ဝယ်ယူနိုင်ရန် စာအုပ်ဈေးတန်းအဖြစ် ရန်ကုန်မြို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် ဝန်ကြီးများရုံးရှေ့ရှိ သိမ်ဖြူလမ်းမပေါ်တွင် အပတ်စဉ် အများပြည်သူ ရုံးပိတ်ရက်များဖြစ်သည့် စနေ၊ တနင်္ဂနွေရက်များတွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

**စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ**

စာပေဗိမာန်စာအုပ် အရောင်းဆိုင်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ဖွင့်လှစ်၍ စာပေဗိမာန်ထုတ် စာအုပ်များအပြင် ပြင်ပပုံနှိပ်တိုက် ၆၆၈ ခုမှ ထုတ်ဝေသော စာအုပ်များပါ သုတ၊ ရသ စာအုပ်စာစောင်များ တစ်နေရာတည်း စုံလင်စွာ ဝယ်ယူရရှိနိုင်ရေး စီစဉ်ရောင်းချပေးလျက်ရှိသည်။

စာပေဗိမာန် အသင်းဝင်အဖြစ် ပါဝင်ထားပါက အသင်းဝင်များအား စာပေဗိမာန်ထုတ် စာအုပ်များကို အသင်းဝင်သက်တမ်း ၁၀ နှစ်နှင့် အထက်ရှိသူများထံ စာအုပ်တန်ဖိုး ၅၀% လျှော့၍လည်းကောင်း၊ အသင်းဝင်သက်တမ်း ငါးနှစ်နှင့် ၁၀ နှစ်ကြား ရှိသူများကို စာအုပ်တန်ဖိုး၏ ၂၅% လျှော့၍လည်းကောင်း၊ အသင်းဝင် သက်တမ်း ငါးနှစ်အောက်ရှိသူများကို စာအုပ်တန်ဖိုး၏ ၁၀% လျှော့၍ လည်းကောင်း၊ ဖြန့်ဝေပေးလျက်ရှိပြီး စာပေဗိမာန်စာအုပ် အသင်းသား ၉၅၄ ဦးရှိကြောင်း သိရသည်။

**ပုံနှိပ်လုပ်ငန်းဆောင်ရွက်မှုများ**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနက အပ်နှံသော အခြေခံပညာ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ထုတ်လုပ်ခြင်းလုပ်ငန်းကို နှစ်စဉ်အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းသုံးအမှာစောင်ရေ ၁၇ ဒသမ ၁၀၉ သန်း ပုံနှိပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းသုံးအမှာစောင်ရေ ၃၅ ဒသမ ၀၂၅ သန်း တိုးမြှင့်ပုံနှိပ်ထောက်ပံ့နိုင်ခဲ့ပါသည်။

အပတ်စဉ်ထုတ် မြန်မာနိုင်ငံတော် ပြန်တမ်းအပါအဝင် အခြားဝန်ကြီးဌာနနှင့် ပြင်ပပုဂ္ဂလိကတို့မှ အပ်နှံသော ပုံနှိပ်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အစိုးရနှစ်နှစ်ကာလအတွင်း ပုံနှိပ်စာအုပ်ပေါင်း ၁၁၆၉၈၆၆၂ အုပ် ပုံနှိပ်ထုတ်လုပ်နိုင်ခဲ့ပြီး ပုံစံရွက်လွတ် ၁၇ ဒသမ ၈ သန်း ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အခမ်းအနားများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် မှတ်တမ်းစာအုပ်များ ပြုစုပုံနှိပ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာတမ်းဖတ်ပွဲတို့တွင် ဖတ်ကြားခဲ့သော စာတမ်းများနှင့် မေး၊ ဖြေ ဆွေးနွေးသည့် အချက်များကို စာအုပ်အဖြစ် (ပ+ဒု) တွဲ လေးအုပ်၊ ဥပ္ပါတသန္တိစေတီတော်မှတ်တမ်း စာအုပ်၊ ငြိမ်းချမ်းရေး ကာတွန်းပြပွဲမှတ်တမ်းစာအုပ်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ပထမအကြိမ်) မှတ်တမ်းစာအုပ်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအကြိမ်) မှတ်တမ်းစာအုပ်၊ စာပေဗိမာန် နှစ်(၇၀)ပြည့် မှတ်တမ်း စာအုပ်၊ သုတပဒေသာပေါင်းချုပ်စာအုပ်၊ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာ ဆောင်ရွက်ချက်များမှတ်တမ်းစာအုပ်နှင့် ပြည်သူ့အတွက် ပထမရက် ၁၀၀ မှတ်တမ်းစာအုပ်များကို ပုံနှိပ်ပေးနိုင်ခဲ့သည်။

**ဆက်လက်ဆောင်ရွက်မည့် စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ**

ယခင်က ထုတ်ဝေဖြန့်ချိခဲ့သည့် စာအုပ်များအနက် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် အကြောင်းအရာနှင့် စာပေအရေးအသားတို့ ဖော်ကျူးထားသည့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာစာစဉ်တွဲ စာအုပ်များကို မြန်မာစာအုပ် ၁၀၀ စာစဉ်တွဲများအဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ဝတ္ထုရှည်စာတွဲမှာ မကြာမီထွက်ရှိတော့မည်ဖြစ်ပါသည်။ ကျန်စာစဉ်စာအုပ်တွဲများကိုလည်း စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်သည်။

မြန်မာပြည်သူများ ဗဟုသုတကြွယ်ဝစေရေး လေ့လာနိုင်ရန် ကျမ်းပြု ကျောင်းသား ကျောင်းသူများ အထောက်အကူဖြစ်စေရေး ရည်ရွယ်၍

*စာမျက်နှာ ၇ သို့*



နေပြည်တော် ပုံနှိပ်စက်ရုံမှ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

❖ **၁၈၈၀ ပြည့်နှစ် ရန်ကုန်ဗဟိုအကျဉ်းထောင်တွင် စတင်တည်ထောင်ရာ အစိုးရပုံနှိပ်တိုက်မှသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအဖြစ် အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာကာ နှစ်ပေါင်း ၁၃၀ ကျော်ခဲ့ပြီဖြစ်**

❖ **ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘာသာပြန်စာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အစိုးရ၏ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပုံနှိပ်ပေးရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်**



❖ ရှေ့ဖုံးမှ

ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများက အထွေထွေ ဆွေးနွေးတင်ပြခဲ့ကြသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ချမ်းသာကြီးတန်ဆောင်းတွင် ငါးရက်တိုင်တိုင် ကိန်းဝပ်အပူဇော်ခံမည့် ဗုဒ္ဓဆံတော်မြတ်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်မြတ်ကြီးမှ မေ ၁၉ ရက်တွင် စတင်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သံဃာတော်အပါး ၄၅၀၀ ခြံရံကာ မော်တော်ယာဉ်အသစ်များဖြင့် နံနက် ၅ နာရီတွင် စတင်ပင့်ဆောင်မည်ဖြစ်သည်။ ထိုသို့ပင့်ဆောင်ရာတွင် ဗိုလ်တထောင် ဘုရားမှ ကမ်းနားလမ်းအတိုင်း ကြွချီကာ သိမ်ဖြူလမ်း၊ ကန်တော်ကြီး ကန်ပတ်လမ်း၊ နတ်မောက်လမ်းအတိုင်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်သို့ ကြွချီမည်ဖြစ်ကြောင်း သိရသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှ မေ ၂၄ ရက်တွင် ပြန်လည်ပင့်ဆောင်မည်ဖြစ်ပြီး မေ ၂၉ ရက်တွင် ဗိုလ်တထောင်စေတီတော်မြတ်ကြီး၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

**ဗိုလ်တထောင်စေတီတော်၌ အပူဇော်ခံထားရှိသည့် ဗုဒ္ဓဆံတော်မြတ်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ပူဇော်နိုင်ရေး ဩဝါဒခံယူပွဲ ကျင်းပစဉ်။**

*စာမျက်နှာ ၆ မှ*

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် ထွန်းကော်မာရှယ် ဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ပြန်လည်ပြုစုထုတ်ဝေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေသွေးဂျာနယ်ကို ကလေးသူငယ်များ ပညာဗဟုသုတ တိုးပွားစေရေးအတွက် အပတ်စဉ် ပြုစုထုတ်ဝေလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် နှစ် ၅၀ ပြည့်မြောက်မည်ဖြစ်၍ ရွှေသွေးဂျာနယ် ရွှေရတုအထူးထုတ်ကို ပြုစုထုတ်ဝေရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် အကြောင်းရပ်များကို ရွေးချယ်ကာ ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် စာတမ်းဖတ်ပွဲ သုံးကြိမ်နှင့် စာပေဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာအုပ်ပြပွဲများကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဘာသာပြန်ကလေးစာအုပ်များ ထုတ်ဝေဖြန့်ချိနိုင်ရေး၊ နှစ်လလျှင်တစ်ကြိမ် ကလေးစာစောင်စာအုပ် ထုတ်ဝေနိုင်ရေး၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများအတွက် ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်နိုင်ရေးတို့ကို လျာထားစီစဉ် ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆက်လက်ဆောင်ရွက်မည့် ပုံနှိပ်လုပ်ငန်းများ**

အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ထုတ် စာအုပ်၊ စာစောင်များ အချိန်နှင့်တစ်ပြေးညီ ပုံနှိပ်ထုတ်လုပ်ခြင်း၊ အခြားအစိုးရဌာနများနှင့် ပုဂ္ဂလိကတို့က အပ်နှံသော ပုံနှိပ်လုပ်ငန်းများကို အရည်အသွေး ကောင်းမွန်စွာ ပုံနှိပ်ပေးခြင်း၊ နိုင်ငံတော်မှ ကျင်းပပြုလုပ်သည့် အခမ်းအနားများ၏ မှတ်တမ်းစာအုပ်များကို ပုံနှိပ်ထုတ်လုပ်ခြင်း စသည့်ပုံနှိပ်လုပ်ငန်းများအပြင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများအတွက် ဆန္ဒမဲလက်မှတ်များကို လုံခြုံမှုရှိစွာဖြင့် အချိန်မီ ပုံနှိပ်ပေးခြင်း၊ ပညာရေး ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသုံးဖတ်စာအုပ် အမှာစောင်ရေ သန်း ၅၀ ခန့်ကို ပုံနှိပ်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

လွန်ခဲ့သည့် ၁၈၈၀ ပြည့်နှစ် ရန်ကုန်ဗဟိုအကျဉ်းထောင်တွင် စတင်တည်ထောင်ရာ အစိုးရပုံနှိပ်တိုက်မှသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနအဖြစ် အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာကာ နှစ်ပေါင်း ၁၃၀ ကျော်သည်အထိ ပြည်သူ့တာဝန်များကို ကျရာအခန်းကဏ္ဍမှ ထမ်းဆောင်လျက်ရှိပါသည်။ နှစ်ကာလရှည်ကြာစွာ ရပ်တည်ခဲ့သော ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာပေ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဘာသာပြန်စာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အစိုးရ၏ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပုံနှိပ်ပေးရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မေတ္တာရပ်ခံချက်

နိုင်ငံတော်သမ္မတ ရာထူးတာဝန် စတင်ထမ်းဆောင်သည့် အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲကျင်းပသည့် အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မေ ၆ ရက် ညနေ ၆ နာရီမှ စတင်၍ ကြိုတင်ကြေညာထားသည့်အတိုင်း MRTV နှင့် ဆက်စပ်ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါသည်။

ထိုသို့ ထုတ်လွှင့်ပြသမှုကို မူလစီစဉ်ထားသည့်အတိုင်း ညစာမသုံးဆောင်မီ ကြိုဆိုနှုတ်ဆက်ပြီးသည့်အချိန်အထိ ထုတ်လွှင့်ပြသခဲ့ပြီး ညစာသုံးဆောင်မှုနှင့် ညစာသုံးဆောင်အပြီး တင်ဆက်ဖျော်ဖြေမှုများကို ညပိုင်းသတင်းအစီအစဉ်တွင် ဆက်လက်ထုတ်လွှင့်ပြသခဲ့ပါသည်။

သို့ရာတွင် တိုက်ရိုက်ကြည့်ရှုနေကြသည့် ပရိသတ်အချို့အနေဖြင့် ညစာမသုံးဆောင်မီ အချိန်အထိသာ တိုက်ရိုက်ထုတ်လွှင့်ခဲ့မှုအပေါ် ကျေနပ်အားရမှု မရှိသည်ကို ကြားသိရသည့်အတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် ထိုသို့ စိတ်အနှောင့်အယှက်ဖြစ်ရမှုအတွက် အနူးအညွတ်တောင်းပန်ပါကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါ အခမ်းအနားတွင် ဖျော်ဖြေခဲ့သည့် စုပေါင်းအင်အား ပြဇာတ်ကို မေ ၇ ရက်တွင် ပြသရန် ကြေညာထားပြီး ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

# ပုဗ္ဗသီရိမြို့နယ်ရှိ မိတ်ဆွေကောင်းစာကြည့်တိုက်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု စက်ကုန်းကျေးရွာရှိ မိတ်ဆွေကောင်း စာကြည့်တိုက်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က "မိတ်ဆွေကောင်း စာကြည့်တိုက်ကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ထဲမှာတော့ တကယ့်ကို ဂုဏ်ဆောင်တဲ့ စာကြည့်တိုက် တစ်ခု ဖြစ်ပါတယ်၊ ကျွန်မတို့ ဒီမှာဆိုရင် စာကြည့်တိုက်တွေက ၁၀၀ ကျော်လောက်ရှိပါတယ်၊ အဲဒီထဲမှာ မိတ်ဆွေကောင်း စာကြည့်တိုက်ကတော့ အထိုက်အလျောက် ပိုပြီးအောင်မြင်တဲ့ စာကြည့်တိုက်ဖြစ်တယ်လို့ ပြောလို့ရပါတယ်၊ ဒီစာကြည့်တိုက်ကို ဌာနအကြီးအကဲတွေ၊ နိုင်ငံခြားသားတွေလည်း လာရောက်လေ့လာကြတယ်၊ အနီးဝန်းကျင်ကျေးရွာတွေက စာပေချစ်မြတ်နိုးသူတွေ လာရောက်လေ့လာ ငှားရမ်းဖတ်ရှုကြပါတယ်၊ ဒီစာကြည့်တိုက်ကို ရုပ်၊ သံ လာရောက်ရိုက်ကူးတာရှိတယ်၊ စာရေးဆရာတွေလည်း လာရောက် သတင်းယူပြီး ဆောင်းပါးတွေရေးတာ ရှိတယ်၊ ကျွန်မတို့ ကိုယ်တိုင်လည်း စာအုပ်တွေ လာရောက်လှူဒါန်းပါတယ်၊ အခုလို လိုအပ်နေရာမှာ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေ လာရောက်လှူဒါန်းတဲ့ အလှူရှင်တွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မိတ်ဆွေကောင်း စာကြည့်တိုက်အတွက် အလှူရှင်များက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဆရာဦးသိန်းဆွေက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ယနေ့လှူဒါန်းမှုနှင့် ပတ်သက်ပြီး မိတ်ဆွေကောင်း စာကြည့်တိုက်ကို တည်ထောင်သည့် စစ်မှုထမ်းဟောင်းတစ်ဦးလည်းဖြစ်သူ ဆရာဦးသိန်းဆွေက "ဒီလို စာကြည့်တိုက်ကောင်းတစ်ခု အောင်မြင်ဖို့ဆိုရင် တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဘယ်လိုမှ လုပ်လို့မရပါဘူး၊ ကျွန်တော်တို့ကို အခုလို တစ်တပ်တစ်အား ပါဝင်ကူညီလှူဒါန်းပေးတဲ့ မိတ်ဆွေကောင်းတွေ ရှိလို့ပဲ ဖြစ်ပါတယ်၊ နောက်ပြီး ကျေးရွာလူထုရဲ့ လုပ်အားဒါနတွေလည်း ပါဝင်လို့ ဖြစ်ပါတယ်၊ အဓိကကတော့ စာကြည့်တိုက်တစ်ခု ဖြစ်လာတယ်ဆိုရင် ထိန်းသိမ်းမှုကလည်း အရေးကြီးပါတယ်၊ အခုလို အလှူရှင်တွေ လာရောက် လှူဒါန်းတဲ့ပစ္စည်းတွေကိုလည်း ကျွန်တော်အနေနဲ့ မပျက်စီးအောင် ထိန်းသိမ်းသွားရမှာပါ၊ ကျွန်တော် အခုလို အခမ်းအနားလေး ကျင်းပရတာကလည်း အလှူရှင်တွေရဲ့ သဒ္ဓါစိတ်ကို ကျွန်တော့်အနေနဲ့ လေးစားတဲ့အတွက် ကျေးဇူး အထူးတင်လို့ အခုလို ကျင်းပရတာ ဖြစ်ပါတယ်၊ ဘာလို့လဲဆိုရင် ကျွန်တော်တို့လို ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေမှာ လှူမယ့်သူ မရှိဘူး၊ အထောက်အပံ့မရဘူး၊ အဲဒီတော့ ကျွန်တော်တို့ ကျေးရွာတွေမှာရှိတဲ့ စာကြည့်တိုက်တွေက ရေရှည်မခံဘဲ ပျက်စီးတယ်၊ ကျွန်တော်တို့ မြို့နယ်၊ ကျေးရွာ ၇၅ ရွာမှာ စာကြည့်တိုက် ၁၂ ခုပဲရှိတယ်၊ ဒါကြောင့် စာကြည့်တိုက်တွေ ဘာကြောင့် မအောင်မြင်လဲဆိုရင် လူတွေက စာပေတွေကို စိတ်ဝင်စားမှု နည်းလာတယ်၊ စာဖတ်ခြင်းအားဖြင့် လောကီရေး၊ လောကုတ္တရာကိုရေ အကျိုးပြုတယ်ဆိုတာ စာပေရဲ့တန်ဖိုးကို မသိတာ၊ တကယ် စာဖတ်လို့ စာပေဗဟုသုတရှိထားမယ်ဆိုရင် သမားရိုးကျလုပ်ငန်း မလုပ်တော့ဘူး၊ တိုးတက်ရာ တိုးတက်ကြောင်း နည်းစနစ်တွေနဲ့ ဖန်တီးလုပ်ကိုင်ကြမှာပါ၊ ဒါကြောင့် စာများများဖတ်ဖို့ လိုပါတယ်" ဟု ပြောသည်။

**အများကြီးဝမ်းသာပီတိဖြစ်မိ**

"ဒီမိတ်ဆွေကောင်း စာကြည့်တိုက်နဲ့ ပတ်သက်ပြီး တီဗွီမှာ လွှင့်တော့ ကြည့်လိုက်မိတယ်၊ အဲဒီမှာ ဘဘ ဦးသိန်းဆွေက နေချစ်ချစ်တောက်ပူနေတဲ့အချိန် မြို့ထဲက စာအုပ်ဆိုင်တစ်ဆိုင်မှာ စာအုပ်တွေ သွားဝယ်နေတာကို တွေ့လိုက်ရတယ်၊ အဲဒီမှာ ဘာတွေ လိုအပ်တာလဲဆိုတော့ စာကြည့်တိုက်အတွက် ကွန်ပျူတာတွေ လိုအပ်တယ်ဆိုတာကို သိလိုက်တော့ ရင်ထဲမှာ လှူချင်တဲ့စိတ်ဖြစ်လာတာနဲ့ အခုလို လာရောက်လှူဒါန်းတာပါ၊ အခုလို စာကြည့်တိုက်မှာ လှူဒါန်းခွင့်ရတဲ့အတွက် အများကြီးကို ဝမ်းသာပီတိဖြစ်မိပါတယ်၊ ဒီမှာရှိတဲ့ ကလေးတွေကိုလည်း အသိပညာတွေ ကြွယ်ဝစေချင်တယ်၊ တိုးတက်စေချင်ပါတယ်၊ တစ်ချိန်မှာ နိုင်ငံအတွက် အကျိုးရှိတဲ့ သူတွေဖြစ်လာအောင် ကြိုးစားပါလို့လည်း တိုက်တွန်းချင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်မှ အလှူရှင် မအေးပြည့်စုံနိုင်က ပြောသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**



**မိတ်ဆွေကောင်းစာကြည့်တိုက်အတွင်း စနစ်တကျထားရှိသည့် စာအုပ်စာစောင်များကို တွေ့ရစဉ်။**



# ဒလမြို့နယ်တွင် ရေနစ်မြုပ်ပစ္စည်းများရှာဖွေရာမှ အမြောက်ပုံ သံထည်ပစ္စည်းတစ်ခု ရှာဖွေတွေ့ရှိ

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်တွင် မေ ၅ ရက် ညနေ ၄ နာရီက ရေမြုပ်ပစ္စည်းများ ရှာဖွေရာမှ ရှေးခေတ် အမြောက်ဟုယူဆရသော သံထည်ပစ္စည်းတစ်ခုရှာဖွေတွေ့ရှိခဲ့သည်။

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ရာဇသင်္ကြန်လမ်းနေသူ သန်းမြင့်ထွေး(၄၂ နှစ်) ရေလုပ်သားသည် ကမာကဆစ် သမ္ဗန်ဆိပ်အနီး၌ ရေကျချိန်တွင် ရေမြုပ်ပစ္စည်းများအား ရှာဖွေရာမှ ကမာကဆစ်ဘက်ခြမ်း သဲသောင်ပြင်အနီးတွင် ရှေးခေတ်အမြောက်ဟု ယူဆရသော သံထည်ပစ္စည်းအား တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပစ္စည်းအား ဒလမြို့မရဲတပ်ဖွဲ့စခန်းသို့ သယ်ယူပြီး တိုင်းတာစစ်ဆေးရာ အချင်းထိပ်ဝအကျယ် လေးလက်မခွဲ၊ အရှည် ခုနစ်ပေ နှစ်လက်မခန့်၊ လုံးပတ်အရင်းလေးပေ လေးလက်မခန့်၊ လုံးပတ်အဖျား နှစ်ပေ လေးလက်မခန့်ရှိကြောင်း သိရသည်။ မေ ၆ ရက်က အမှတ် ၁ ပင်မ လျှပ်/စက် အလုပ်ရုံ(အင်းတိုင်)မှ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ဦးနှင့်အဖွဲ့ရောက်ရှိလာပြီး အဆိုပါ ပစ္စည်းအား စစ်ဆေးတိုင်းတာရာ အမြောက်အမျိုးအစားမှာ(CastIron Smmoothbore Muzzle-loading Naval Cannon)၊ ထုတ်လုပ်သည့်နိုင်ငံမှာ အင်္ဂလန်နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်မှာ ၁၈၀၄ ခုနှစ်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# လူ့အခွင့်အရေးနှင့် သဟဇာတမဖြစ်သော ဖေ့စ်ဘွတ်၏ စီးပွားရေးလုပ်ငန်းပုံစံ

ဘာသာပြန် - အောင်ထိန်

**ယခု သီတင်းပတ်များအတွင်း သတင်းဆိုးထွက်ပေါ်လာသည့် ဖေ့စ်ဘွတ် လူမှုကွန်ရက်မီဒီယာဝန်ဆောင်မှုကုမ္ပဏီသည် သန်းပေါင်းများစွာသော ဖေ့စ်ဘွတ်သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပေးရန် ပျက်ကွက်ခဲ့မှုအတွက် ဝန်ချတောင်းပန်ခဲ့ရသည်။ သတင်းအချက်အလက် ဆန်းစစ်လေ့လာရေး နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီ Cambridge Analytica သည် ဖေ့စ်ဘွတ်သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များ ရရှိသွားခြင်းအတွက် ဖေ့စ်ဘွတ်တွင် တာဝန်ရှိသည်။ စမတ်ဖုန်းများမှတစ်ဆင့် ဖေ့စ်ဘွတ်သုံးစွဲသူတို့၏ ကိုယ်ရေးအချက်အလက်များ စုံစမ်းထောက်လှမ်းခံရခြင်းအပေါ် ဒေါသအိုးပေါက်ကွဲခဲ့ကြသည်။ မကျေနပ်မှုများနှင့်အတူ သန်းချီသောလူများက ၎င်းတို့၏အကောင့်များကို ဖျက်ပစ်လိုက်ကြသောအခါ ဖေ့စ်ဘွတ်၏ စတော့ရှယ်ယာဈေးနှုန်းများ ထိုးကျသွားခဲ့ရသည်။**

ဖေ့စ်ဘွတ်အနေဖြင့် ယင်း၏ လူမှုကွန်ရက်ပလက်ဖောင်းများပေါ်တွင် သတင်းအမှားများ ပျံ့နှံ့နေမှုကို မဟန့်တားနိုင်ခဲ့သဖြင့် စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ သတင်းအမှားများထုတ်လွှင့်မှုများတွင် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအပေါ် ဩဇာလွှမ်းမိုးရန် ရုရှားနိုင်ငံ၏ ဝါဒဖြန့်လုပ်ဆောင်မှုလည်း ပါဝင်သည်။

ဖေ့စ်ဘွတ်၏ လုပ်ဆောင်ချက်များမှာ ဒီမိုကရေစီစံနှုန်းဖြစ်သည့် လူ့အခွင့်အရေးနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့်ဆိုင်ရာ အခွင့်အရေးများအား ချိုးဖောက်မှုကို ဖြစ်စေခဲ့သည်။ ဖေ့စ်ဘွတ်၏လုပ်ငန်းဆောင်ရွက်ချက်များက လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်စေသည်။

**ဖေ့စ်ဘွတ်၏ ကောင်းကွက်**

ဆိုရှယ်မီဒီယာသည် တစ်နည်းတစ်ဖုံအားဖြင့် လူ့အခွင့်အရေးအတွက် ဆုလာဘ်တစ်ခုဖြစ်သည်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို သိသာထင်ရှားစွာ ဖော်ကျူးနိုင်သည်။ တစ်ချိန်က လွတ်လပ်စွာပြောဆိုခွင့်ကို အစဉ်အလာအရ တည်ရှိနေသော မီဒီယာများ(သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယိုရုပ်သံများ) ကသာ ရရှိခဲ့ကြပြီး လွတ်လပ်စွာပြောဆိုခွင့်ကို လွတ်လပ်ပါသည်ဆိုသော နိုင်ငံများတွင်သာ ရရှိခဲ့သည်ဟု ဆိုကြသည်။ အမှန်အားဖြင့်မူ လွတ်လပ်စွာပြောဆိုခွင့်ကို လူမလိုင်အလွှာဝင် လူတို့ကသာ လွှမ်းမိုးချုပ်ကိုင်ထားနိုင်ခဲ့သည်။ လွတ်လပ်စွာပြောဆိုခွင့်ကို နိုင်ငံအားလုံး သာတူညီမျှ ကျင့်သုံးနိုင်သည် ဆိုသည့်တိုင် သာတူညီမျှထုတ်ဖော်ခွင့် မရရှိကြပေ။ ဂိတ်စောင့်များ (Gatekeepers) (စောင့်ကြည့်ရေးမဏ္ဍိုင်)အဖြစ် ရပ်တည်ခဲ့ကြပြီး လွတ်လပ်စွာပြောဆိုခွင့်ကို ယင်းမီဒီယာဌာနကြီးများကသာ ထိန်းချုပ်နိုင်ခဲ့သည်။

ယနေ့ကာလတွင် အင်တာနက်နှင့်ချိတ်ဆက်သူ မည်သူမဆို သတင်းအချက်လက်များနှင့် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို တစ်ကမ္ဘာလုံးသိအောင် ဖြန့်ချိပေးလာနိုင်သည်။ ဆိုရှယ်မီဒီယာက လူထုအတွင်း သတင်းအချက်အလက်များ ပျံ့နှံ့စေသည့် နယ်နိမိတ်အတိုင်းအတာကို ချဲ့ထွင်ပေးလျက်ရှိသည်။

"အတွေးအမြင်များ၏ ဈေးခင်းကြီး"ဟု တင်စားခေါ်ဝေါ်ခြင်းခံရသော ဆိုရှယ်မီဒီယာသည် ပိုမိုကြီးမားလာပြီး ပိုမိုကျယ်ပြန့်လာကာ ပိုမို၍ အသွေးအရောင်စုံလာသည်။

အထူးအားဖြင့် နိုင်ငံသားအခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအား ထိန်းချုပ်ထားသည့် နိုင်ငံများ၌ နိုင်ငံရေးလှုပ်ရှားမှုများ၊ အများပြည်သူ စုဝေးမှုများနှင့် ထုတ်ဖော်ဆန္ဒပြမှုများ ထိရောက်မှုရှိအောင် ဆိုရှယ်မီဒီယာက မြှင့်တင်ပေးလျက်ရှိသည်။

တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့၌ အာဏာရှင်စနစ်များကို ဖြိုလှဲချသည့် လူထုဆန္ဒပြပွဲကြီးများတွင် လည်းကောင်း၊ စပိန်၊ ဂရိ၊ အစ္စရေး၊ တောင်ကိုရီးယားနှင့် အသိမ်းပိုက်ခံနယ်မြေမှ ပြည်သူများ၏ နိုင်ငံရေးလှုပ်ရှားမှုရှိသောဒေသများ၌ လူထုအုံကြွမှုကြီးများတွင် လည်းကောင်း ဆိုရှယ်မီဒီယာက ပြည်သူများအတွင်း ပေါင်းစပ်ညှိနှိုင်းပေးသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သည်။

မကြာသေးမီက ဖြစ်ပေါ်ခဲ့သော Me Too နှင့် never-again လှုပ်ရှားမှုများ အပါအဝင် လူထုလှုပ်ရှားမှုများတွင် ဆိုရှယ်မီဒီယာက လှုပ်ရှားမှု ပိုမိုအားကောင်းစေရန် ကူပံ့ပေးခဲ့သည်။

**ဆိုးကွက်နှင့် ရုပ်ဆိုးအကျည်းတန်ချက်**

သို့ရာတွင် ဆိုရှယ်မီဒီယာ၏ "လွတ်လပ်စွာ ပြောဆိုခွင့်" သည် လူ့အခွင့်အရေးအရ ကမောက်ကမမှုများကို ဖန်တီးပေးနိုင်သည်။ ဒီမိုကရေစီစနစ်အရ ဖော်ထုတ်ခွင့်ရရှိလာကြသည့် အသံသစ်များမှာ လူ့အခွင့်အရေးစံနှုန်းများအရ လိုလားဖွယ်ရာ မကောင်းလှပေ။

ဗီဒီယိုဖိုင်များ မျှဝေပေးနိုင်သော ဝက်ဘ်ဆိုက်ဖြစ်သည့် You Tube သည် ကြည့်ရှုသူများအတွက် ကမ္ဘာ့ရေဆုံးရေဖျားအထိဖြစ်သော အကြောင်းခြင်းရာများကို အလိုအလျောက် ရှာဖွေပေးနိုင်သည်။ ဆက်စပ်နီးနွှယ်နေသော အကြောင်းခြင်းရာများအဖြစ် သက်သတ်လွတ်စားသည့် အလေ့အထမှသည် တိရစ္ဆာန်အသက်နှင့်မကင်းသော အစားအစာများကိုသုံးစွဲခြင်းမှ ရှောင်ရှားခြင်းအထိ၊ ဖွဖွလေးပြေးခြင်းမှသည် တာတိုမာရသွန်ပြေးခြင်းအထိ၊ ဒေါ်နယ်ထရန့်ရေပန်းစားမှုမှသည် လူဖြူလူမျိုးကြီးဝါဒီတို့၏ လေလုံးထွားမှုအထိ အကြောင်းခြင်းရာအမျိုးမျိုးကို YouTube က ရှာဖွေပေးနိုင်သည်။




YouTube သည် ၂၁ ရာစုခေတ်တွင် လူတို့၏အတွေးအမြင်များကို အခြေခံကျကျ ပြောင်းလဲပေးနိုင်စွမ်းရှိသော မီဒီယာကိရိယာတစ်ခု ဖြစ်လာဖွယ်ရှိသော်လည်း မရည်ရွယ်ဘဲ ဖြစ်ပေါ်နိုင်အံ့သော အကျိုးသက်ရောက်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကဲ့သို့သော အကျိုးသက်ရောက်မှုမျိုးကို ဆိုလိုသည်။

**စီးပွားရေးလုပ်ငန်းပုံစံနှင့် လူ့အခွင့်အရေးများ**

လူ့အခွင့်အရေးဆိုင်ရာ အလွဲသုံးမှုများသည် ၂၁ ရာစု၏ ဒုတိယမြောက် ဆယ်စုနှစ်တာ ကာလအတွင်း ဆိုရှယ်မီဒီယာကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းပုံစံတွင် ပူးကပ်လာဖွယ်ရှိနေသည်။

ဆိုရှယ်မီဒီယာများ၏ စီးပွားရေးလုပ်ငန်း ပုံစံများကို ကြည့်လျှင် ဆိုရှယ်မီဒီယာသုံးစွဲသူများ၏ သတင်းအချက်အလက်များကို ရယူစုဆောင်းပြီး ဈေးကွက်တိုးချဲ့ရေး ရည်မှန်းချက်များအတွက် အသုံးချနေကြသည်ကို တွေ့ရသည်။ စုဆောင်းရရှိထားသော ပုဂ္ဂလိက သတင်းအချက်အလက်များသည် ထုထည်ကြီးမားလှပြီး ပုဂ္ဂလိကအကျိုးစီးပွားလုပ်ဆောင်သူများအတွက် ကြီးမားသောအင်အားတစ်ရပ်ကို ဖြစ်စေသည်။

ဒီမိုကရေစီစနစ် အခိုင်မာဆုံးတည်ရှိသော နိုင်ငံများမှာပင် ကော်ပိုရေးရှင်းကြီးများကဲ့သို့သော ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများက နိုင်ငံရေးအရ သွယ်ဝိုက်သော ဩဇာလွှမ်းမိုးမှုရှိအောင် လုပ်ဆောင်နေကြသည်။ ယှဉ်ပြိုင်မှုကို မြှင့်တင်အားပေးပြီး ဈေးကွက်အတွင်း မလျော်မကန်လွှမ်းမိုးမှုကို တားမြစ်ရန်ရည်ရွယ်သည့် အင်အားကြီးကုမ္ပဏီများအား ဖြိုခွဲရေးဥပဒေများသည် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ၏ ဩဇာလွှမ်းမိုးမှုကို ထိန်းချုပ်ကန့်သတ်ပေးသည်။

ဥဒါဟရုဏ်အားဖြင့် ဖော်ပြရလျှင် ကုမ္ပဏီကြီးတစ်ခုတည်းက ဈေးကွက်အတွင်း လွှမ်းမိုးမှုမရှိစေရေး စီမံချက်များအရ Instagram ကို Facebook မှ ခွဲထုတ်ထားနိုင်သည်။ Google မှ YouTube ကို ခွဲထုတ်ထားနိုင်သည်။ သို့ရာတွင် သုံးစွဲသူဦးရေ တရိပ်ရိပ်တိုးလာမှုကြောင့် ဤမီဒီယာကုမ္ပဏီကြီးများ၏ တန်ခိုးအာဏာမှာ ကြီးထွားလာနေသည်။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ဖေ့စ်ဘွတ်သုံးစွဲသူဦးရေ ၂ ဒသမ ၂ ဘီလီယံကျော်အထိ ရှိလာခဲ့သည်။ ကုမ္ပဏီကြီးတစ်ခုတည်းက ဈေးကွက်လွှမ်းမိုးမှုအား ထိန်းချုပ်ထားမှုကို ချေဖျက်သောအစီအမံများ ရှိသည့်တိုင်အောင် ကုမ္ပဏီတစ်ခု၏ ဖောက်သည် ဦးရေပမာဏကိုမူ ကန့်သတ်နိုင်ခြင်း မရှိချေ။

**သုတကပေးစွမ်းသော စွမ်းပကား**

ဖေ့စ်ဘွတ်ကုမ္ပဏီသည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲအတွင်း ပါတီစွဲကင်းသော အသိပေးကြေညာချက်တစ်ရပ်အား မဲဆန္ဒရှင်ပြည်သူများ လုပ်ဆောင်စေသော နည်းလမ်းတစ်ရပ်ကို စမ်းသပ်မှုတစ်ရပ်အဖြစ် ပြုလုပ်ခဲ့သည်။ "ကျွန်ုပ် မဲပေးပြီးပြီ" ဟူသော ထုတ်ဖော်ချက်ကို မဲဆန္ဒရှင်တို့က ခလုတ်လေးတစ်ခု နှိပ်ပေးရုံမျှဖြင့် အသိပေးကြေညာခြင်းဖြစ်သည်။ စမ်းသပ်မှုအရ အမေရိကန်မဲဆန္ဒရှင်ဦးရေ၏ သုည ဒသမ ၁၄ ရာခိုင်နှုန်းခန့် သို့မဟုတ် လူပေါင်း ၃၄၀၀၀၀ က မဲပေးပြီးဖြစ်ကြောင်း အသိပေးကြေညာခဲ့ကြသည်။ အသေးစားစမ်းသပ်မှုမှာပင် ထုတ်ဖော်ကြေညာသူဦးရေ ဤမျှရှိနေပါလျှင် အကြီးစားစမ်းသပ်မှုဖြစ်လျှင် ထုတ်ဖော်ကြေညာသူဦးရေ အထူးပင်များပြားပေလိမ့်မည်။ ယင်းစမ်းသပ်မှုသည် ရွေးကောက်ပွဲအတွင်း မဲပေးသူဦးရေ တိုးလာအောင် လုပ်ဆောင်ပေးနိုင်သည်။

- သတင်းအတုအယောင်ပြုလုပ်ခြင်းသည် ဒီမိုကရေစီနည်းလမ်းနှင့်အညီဖြစ်သော ဆွေးနွေးငြင်းခုံမှုများ၏ သရုပ်မှန်ကို ပျက်ယွင်းစေကာ အဆိပ်အတောက်ပမာ ဒုက္ခပေးနိုင်
- ဆိုရှယ်မီဒီယာကဖြန့်ချိသော သတင်းစကားများသည် သန်းပေါင်းများစွာသော မဲဆန္ဒရှင်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် တမင်တကာ ပစ်မှတ်ထားဆောင်ရွက်ခြင်းဖြစ်
- သတင်းအတုအယောင်သည် ပြည်သူတို့၏ သိရှိပိုင်ခွင့်နှင့် သတင်းအချက်အလက်မှန်များ ရရှိပိုင်ခွင့်တို့ကို ထိပါးနှောင့်ယှက်နေသည်ဟု ကုလသမဂ္ဂနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး ကျွမ်းကျင်သူပညာရှင်များ ထုတ်ပြန်ခဲ့သော "သတင်းအတုအယောင်ဆိုင်ရာ ကြေညာချက်" တွင် ဖော်ပြ

ဖေ့စ်ဘွတ်ကုမ္ပဏီသည် ရွေးကောက်ပွဲတစ်ရပ်အတွင်း မဲပေးသူများအပေါ် ဩဇာလွှမ်းမိုးစေနိုင်သော နည်းလမ်းအား မည်သို့ကျင့်သုံးနိုင်သည်ကို သိရှိသွားပြီဖြစ်သည်။ ယင်းနည်းလမ်းကို သိရှိရုံမျှဖြင့် ဖေ့စ်ဘွတ်ကုမ္ပဏီမှာ နိုင်ငံရေးကစားသူဖြစ်လာပေပြီ။

ဖေ့စ်ဘွတ်တွင် ခလုတ်ကလေးတစ်ချက်နှိပ်ရုံဖြင့် နိုင်ငံရေးအကျိုးသက်ရောက်မှုကြီးတစ်ရပ်ကို ဖြစ်စေနိုင်တော့သည်။

**မိုက်ခရိုတားဂက်တင်း (Microtargeting)**

လေ့လာချက်တစ်ရပ်အရ ဖေ့စ်ဘွတ်သုံးစွဲသော ကွန်ပျူတာတစ်လုံးတွင် "Likes" ၇၀ ကို ဆန်းစစ်ကြည့်လျှင် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးကို သူ၏မိတ်ဆွေများ သို့မဟုတ် အခန်းဖော်များထက် ပိုမိုသိရှိနိုင်သည်။ "Likes" ၁၅၀ ကို ဆန်းစစ်ကြည့်လျှင် ထိုလူ၏ မိသားစုထက်ပင် သူ၏ကိုယ်ရည်ကိုယ်သွေးကို ပို၍ သိရှိနိုင်သည်။ "Likes" ၃၀၀ ကို ဆန်းစစ်ကြည့်လျှင်မူ ထိုပုဂ္ဂိုလ်အကြောင်းကို သူ၏ အိမ်ထောင်ဖက်ထက်ပင် သာလွန်သိရှိနိုင်သည်။

ကြော်ငြာလုပ်ငန်းသည် ဖောက်သည်များအား ဆွဲဆောင်စည်းရုံးနိုင်အောင် လုပ်ဆောင်မှုဖြစ်သည်။ လူထုအား ဆွဲဆောင်နိုင်ရန် လှည့်ဖြားမှုသဘော ဖော်ပြချက်များရှိသော်လည်း စီးပွားရေးအရ ကြော်ငြာခြင်းဖြစ်သဖြင့် ကြော်ငြာခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုဟူ၍ မဆိုနိုင်ချေ။ အခကြေးငွေပေး၍ လူတိုင်းကြော်ငြာနိုင်သည်။ ဆိုရှယ်မီဒီယာ Micro-targeting သည် ဖောက်သည်များအား အပြိုင်အဆိုင် ဆွဲဆောင်ခြင်းဖြင့် ငွေကြေးအကျိုးအမြတ်ရရှိအောင် ကုမ္ပဏီများ ပြိုင်ဆိုင်နေကြသော နေရာတစ်နေရာ ဖြစ်လာသည်။ နိုင်ငံရေးနယ်ပယ်တွင်မူ ဆိုရှယ်မီဒီယာမှတစ်ဆင့် မဲဆန္ဒရှင်များအပေါ် ဩဇာလွှမ်းမိုးစေခြင်း၊ မဲဆန္ဒရှင်များအား စုစည်းနိုင်ခြင်းတို့ ပြုလုပ်နိုင်သည်။

နိုင်ငံရေးလောက၌ အသပြာ၏လွှမ်းမိုးမှုကို နေရာအနှံ့ တွေ့မြင်လာရချိန်တွင် ရွေးကောက်ပွဲ၌ အောင်နိုင်ရေးအတွက် ဆိုရှယ်မီဒီယာကို ထိရောက်စွာအသုံးချလာခြင်းသည် အသပြာနိုင်ငံရေးကဲ့သို့ပင် လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် ရှုမြင်နိုင်ပြီး အသပြာနိုင်ငံရေးထက်ပင် ပို၍ဆိုးရွားလှသည်။

**သတင်းအတုအယောင်**

အခပေး၍ကြော်ငြာသော ကြော်ငြာများသည် လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် မယူဆနိုင်သော်လည်း သတင်းအတုအယောင်များ ဖြန့်ချိခြင်းသည် ရောမပြဿနာကြီးတစ်ရပ် ဖြစ်လာသည်။

သတင်းအတုအယောင် ပြုလုပ်ခြင်းသည် ဒီမိုကရေစီနည်းလမ်းနှင့်အညီဖြစ်သော ဆွေးနွေးငြင်းခုံမှုများ၏ သရုပ်မှန်ကိုပျက်ယွင်းစေကာ အဆိပ်အတောက်ပမာ ဒုက္ခပေးနိုင်သည်။ ဆိုရှယ်မီဒီယာကဖြန့်ချိသော သတင်းစကားများသည် သန်းပေါင်းများစွာသော မဲဆန္ဒရှင်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် တမင်တကာ ပစ်မှတ်ထားဆောင်ရွက်ခြင်းဖြစ်သည်။ မစ္ဆရိယစိတ်ဖြင့် သတင်းမှားများဖြန့်ချိကာ သန်းပေါင်းများစွာသော မဲဆန္ဒရှင်တို့အပေါ် ဩဇာသက်ရောက်စေရန် လုပ်ဆောင်မှုများရှိလာသည်။

သတင်းအတုအယောင်သည် ပြည်သူတို့၏ သိရှိပိုင်ခွင့်နှင့် သတင်းအချက်အလက်မှန်များ ရရှိပိုင်ခွင့်တို့ကို ထိပါးနှောင့်ယှက်နေသည်ဟု ကုလသမဂ္ဂနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး ကျွမ်းကျင်သူပညာရှင်များက ထုတ်ပြန်ခဲ့သော "သတင်းအတုအယောင်ဆိုင်ရာ ကြေညာချက်" တွင် ဖော်ပြထားသည်။

ပြည်သူ့အရေးကိစ္စရပ်များတွင် ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပြီး သတင်းအတုအယောင်များကို အလုံးအရင်းဖြင့် ဖြန့်ချိခြင်းက ပြည်သူတို့၏ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို ချေဖျက်နေသည်။ ရုရှားနိုင်ငံနှင့် Cambridge Analytical သတင်းအချက်အလက်များ ဆန်းစစ်လေ့လာခြင်းဆိုင်ရာ နိုင်ငံရေးအကြံပေးကုမ္ပဏီတို့သည် ရွေးကောက်ပွဲများ၌ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ် အသုံးချခဲ့ကြပုံကို ဖေ့စ်ဘွတ်ကုမ္ပဏီ၏ သတင်းအချက်အလက်ပေါက်ကြားမှု အရှုပ်တော်ပုံကြီးက ပြသခဲ့ပြီဖြစ်သည်။

ဆိုရှယ်မီဒီယာကုမ္ပဏီများသည် သတင်းအတုအယောင် ပြဿနာကို မည်သို့မည်ပုံ ကိုင်တွယ်ကြမည်ကို ကျွန်ုပ်တို့သိရှိရန် ခက်ခဲပါသည်။ သတင်းအတုအယောင်များအပေါ် ဖိနှိပ်ခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သော လွတ်လပ်စွာပြောဆိုခွင့်ကို ဖိနှိပ်ခြင်းအဖြစ် ဆိုကြပါမည်လော။

**ကလိမ်စေ့ငြမ်းဆင်မှုများကို ရှာဖွေဖော်ထုတ်ခြင်း**

"သတင်းအတုအယောင်ဆိုင်ရာ ကြေညာချက်"တွင် ဖော်ပြထားသည့် ဖြေရှင်းချက်နည်းလမ်းတစ်ရပ်မှာ သတင်းအတုအယောင်များကို ဖတ်ရှုသူများကိုယ်တိုင်က သတင်းအတုအယောင်များဖြစ်ကြောင်း အတည်ပြုနိုင်စေမည့် နည်းပညာကို ဖော်ထုတ်ပေးရန် ဖြစ်သည်။

အတွေးအမြင်များဖလှယ်နိုင်သည့် ဈေးခင်းကြီး (ဆိုရှယ်မီဒီယာ)တွင် သတင်းအတုအယောင်များ အဆမတန်ပြန့်ပွားနေမှုကို ထိန်းချုပ်နိုင်ရေးအတွက် ဆင်ဆာပြုလုပ်ခြင်းထက် မှန်ကန်သောအတွေးအမြင်များဖြင့် ချေဖျက်ခြင်းက သာလွန်ကောင်းမွန်သည်ဟု လူ့အခွင့်အရေးအသိုက်အဝန်းက ရှုမြင်ပါလိမ့်မည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

သို့ရာတွင် သတင်းအတုအယောင်များအပေါ် မှန်ကန်သော သတင်းစကားများဖြင့် အစားထိုးနိုင်အောင် လုပ်ဆောင်၍ လည်းမရနိုင်ပါ။ မကြာသေးမီကပြုလုပ်သော လေ့လာချက်တစ်ရပ်အရ ဆိုရှယ်မီဒီယာပေါ်ရှိ သတင်းအတုအယောင်များသည် သတင်းမှန်များထက်ပင် ပိုမိုမြန်ဆန်စွာ၊ ပိုမိုနက်ရှိုင်းစွာ၊ ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့သွားသည်ဟု သိရှိရပါသည်။

အင်တာနက်မှတစ်ဆင့် သတင်းမှန်များကိုရော သတင်းမှားများကိုပါ တူညီသော ပျံ့နှံ့နှုန်းဖြင့် ဖြန့်ချိပေးလျက်ရှိသည်။ လူသားများသည် စက်ရုပ်များမဟုတ်ကြသဖြင့် သတင်းမှားများကို သတင်းမှန်များထက်ပင် ပိုမိုပျံ့နှံ့အောင် လုပ်ဆောင်နိုင်စွမ်းရှိသည်။

ဘက်လိုက်တတ်ခြင်းနှင့် မိမိအလိုဆန္ဒကို အလေးပေးသော လူသားများ၏ စိတ်နေသဘောထားအရ သတင်းတုများကို စိတ်ဝင်တစား ဖတ်ရှုနေကြသည်မှာ ဝမ်းနည်းဖွယ်ရာကောင်းလှပါသည်။ ဆိုရှယ်မီဒီယာများသည် သတင်းမှားများကို ရေအဆုံး ကုန်းအနှံ့ ပျံ့နှံ့အောင် ဆောင်ကြဉ်းပေးနိုင်သည်။

ဆိုရှယ်မီဒီယာသည် လွတ်လပ်စွာပြောဆိုခွင့်ကို မျှဝေပေးနိုင်ပြီး အများသိရှိနိုင်အောင် ဖြန့်ချိပေးနိုင်ခြင်းမှာ ကောင်းမြတ်သောရည်ရွယ်ချက်ဖြစ်သော်လည်း လွဲမှားသော အတွေးအမြင်များ ဆုံစည်းရာဈေးခင်းကြီး (ဆိုရှယ်မီဒီယာ) သရုပ်ပျက်အောင် သတင်းအတုအယောင်များနှင့် သတင်းမှားများက လုပ်ဆောင်နေကြသည်။

**မည်သို့ရှေ့ဆက်မည်နည်း**

ဆိုရှယ်မီဒီယာက သိုမှီထားသော ပုဂ္ဂလိက သတင်းအချက်အလက်ပေါင်းများစွာမှာ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို ထိခိုက်သည်ဟုပြောရန် စောလွန်းပါသည်။

အလားတူပင် Microtargeting သည် ဒီမိုကရေစီဆိုင်ရာ လူ့အခွင့်အရေးများနယ်ပယ်ကို ကျူးကျော်ဝင်ရောက်သည်ဟု ပြောဆိုရန်မှာလည်း မဖြစ်နိုင်ပါ။

သတင်းအတုအယောင်များ၏ ဆိုးကျိုးများကို ချေဖျက်နိုင်စေရေးအတွက် သစ္စာထိုက်သောစကားများဆိုခြင်းနှင့် နည်းပညာဆန်းသစ်ခြင်းတို့ ပြုလုပ်ရမည်ဆိုသော ဖြေရှင်းချက်နည်းလမ်း အလုပ်ဖြစ်မဖြစ်ကိုလည်း ကျွန်ုပ်တို့ သုံးသပ်ပြောဆိုရန် စောလွန်းပါသေးသည်။

သို့ဖြစ်စေကာမူ ကျွမ်းကျင်သူပညာရှင်များ၏ သုံးသပ်ပြောဆိုမှုများမှာ အချိန်အတော်နောက်ကျသွားပြီဖြစ်သည်။ အစိုးရကထုတ်ပြန်သော ဥပဒေစည်းမျဉ်းများ၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများ၊ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများမှာလည်း သတင်းအတုအယောင်များ၏ ဆိုးကျိုးများကို ချေဖျက်ရာတွင် နောက်ကျခဲ့ရပြီဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် အားကောင်းမောင်းသန်ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှ ပေါ်ထွက်လာခဲ့သော စီးပွားရေးလုပ်ငန်းပုံစံများကို ဆန်းစစ်လေ့လာရန် အချိန်ကျရောက်လာပြီဖြစ်သည်။ ဒစ်ဂျစ်တယ်အခြေပြု စီးပွားရေးလုပ်ငန်းများက ဆိုရှယ်မီဒီယာများကို ထိန်းချုပ်ထားခြင်းထက် အခြေခံလူတန်းစားများက ဒစ်ဂျစ်တယ်မီဒီယာ(အင်တာနက်)ကို ပြန်လည်ထိန်းချုပ်နိုင်အောင် ပြုပြင်ပြောင်းလဲသင့်ပေပြီ။ ။

# လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး

**ဘားအံ ဧပြီ ၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဒုတိယအကြိမ် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို လူငယ်နှင့် အခွင့်အလမ်းခေါင်းစဉ်ဖြင့် ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ဧပြီ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်တို့က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာချိုယုမွန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်မင်း၊ လူငယ်စီးပွားရေးလုပ်ငန်းရှင် ဦးဟန်ဇော်လင်းနှင့် ကရင်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဝေဆက်တို့က လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။




ဆွေးနွေးရာတွင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ မိမိ၏ဘဝတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများကိုလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါက်တာချိုယုမွန်က ကာလတိုသုံးလသင်တန်း ၁၄ မျိုး၊ သက်မွေးပညာရပ်သင်တန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဖွင့်လှစ်၍ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနေမှုကို လည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်မင်းက အလုပ်လုပ်ကိုင်လိုသည့် လူငယ်များအနေဖြင့် ဌာနသို့ဆက်သွယ်ဆောင်ရွက်ကြရန် လည်းကောင်း၊ လူငယ်စီးပွားရေးလုပ်ငန်းရှင် ဦးဟန်ဇော်လင်းက လူငယ်သည် တိုင်းပြည်အတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ ငွေကြေးကို အဓိကမထားဘဲ အလုပ်ကို အဓိကထားပါက အောင်မြင်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော လူငယ်များက သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ ဘားအံဒေသရှိ လူငယ်သင်တန်းကျောင်းများမှ လူငယ်များ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

✪ *ကျောဖုံးမှ*

ဖြစ်ပါတယ်၊ မြန်မာနိုင်ငံဟာဆိုရင် များပြားလှတဲ့ တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေ ပေါကြွယ်ဝတဲ့နိုင် ဖြစ်ပါတယ်၊ ဒီနိုင်ငံမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေ ဆက်လက်ပြီး ရှင်သန်ဖို့အတွက်ဆိုရင် ဒီနိုင်ငံမှာရှိတဲ့သူတွေအားလုံးမှာ တာဝန်ရှိပါတယ်၊ တောရိုင်းတိရစ္ဆာန်တွေရဲ့အစိတ်အပိုင်းတွေနဲ့ ပတ်သက်ပြီး တရားမဝင်ရောင်းချမှုတွေဟာ တစ်ကမ္ဘာလုံးမှာ ကြုံတွေ့နေရတဲ့ကိစ္စရပ်ကြီးတစ်ခု ဖြစ်ပါတယ်။

"ဒီလိုသတ်ဖြတ်မှုတွေကြောင့် မြန်မာနိုင်ငံမှာဆိုရင် ဆင်အကောင်ရေဟာ သိသိသာသာ နည်းပါးလို့နေပါပြီ၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အရေးယူမှုတွေ လုပ်ဆောင်ဖို့ အခုအချိန်မှာ လိုအပ်လာပါပြီ၊ အားလုံးပါဝင်ပူးပေါင်းမှု ရှိမှသာလျှင် ရန်ကုန်မှာရှိတဲ့ တောရိုင်းတိရစ္ဆာန် တရားမဝင်သတ်ဖြတ်မှု၊ အစိတ်အပိုင်းတွေကို တရားမဝင် ရောင်းချမှုတွေကို အားလုံးပူးပေါင်းပါဝင်မှုနဲ့ တိုက်ဖျက်သွားနိုင်မှာ ဖြစ်ပါတယ်၊ အဲဒီလို မလုပ်ဆောင်နိုင်ရင်တော့ ရန်ကုန်မြို့ဟာ တောရိုင်းတိရစ္ဆာန်တွေကို တရားမဝင်ရောင်းချတဲ့ အဓိကအချက်အချာနေရာတစ်ခု ဖြစ်လာနိုင်ပါတယ်"ဟု ပြောသည်။

ထို့အတူ မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှုကို ၁၉၉၄ ခုနှစ်ခန့်မှ စတင်ခဲ့သော်လည်း တရားဥပဒေအရ အရေးယူဆောင်ရွက်မှုများနှင့် ပတ်သက်၍ ယနေ့အချိန်အထိ ထိရောက်မှု အားနည်းနေကြောင်း၊ သို့သော်လည်း ယနေ့အချိန်တွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ် ဖောက်ကားနေခြင်းကို ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်မှုများ ရှိလာပြီဖြစ်ကြောင်း၊ WWF Myanmar အနေဖြင့် ရွှေတိဂုံစေတီတော်နှင့် ဗိုလ်ချုပ်ဈေးတို့အတွင်းရှိ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုများကိုလည်း ရပ်ဆိုင်းသွားရန်၊ တားမြစ်ရန်ကိစ္စတို့နှင့်ပတ်သက်၍လည်း သက်ဆိုင်ရာနှင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ၊ ဇူလိုင် ၁ ရက်နေ့မှ စတင်၍ တောရိုင်းတိရစ္ဆာန်နှင့်ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များ ထွက်ရှိလာပါက ထိရောက်သည့် အရေးယူမှုများ၊ တားဆီးပိတ်ပင်မှုများဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆိုသည်။

ယနေ့ ဂီတပွဲတော်တွင် တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များ၊ ကျောက်ဆည်ဆင်အကတို့နှင့်အတူ မြန်မာနိုင်ငံမှ နာမည်ကျော်အဆိုတော်များနှင့် အနုပညာနယ်ပယ်တွင် ထင်ရှားကျော်ကြားသူများဖြစ်ကြသော ဘန်နီဖြိုး၊ ချူးစစ်ဟန်၊ ကျော်သီဟ၊ အိုင်ရင်းဇင်မာမြင့်၊ ပန်းရောင်ခြယ်၊ ဝိုင်းလေး၊ ဇွဲပြည့်နှင့် အခြားသော အနုပညာရှင်များက ၎င်းတို့တတ်ကျွမ်းသော အနုပညာကို အသုံးပြုပြီး ဖျော်ဖြေကြသည့်အပြင် ဆင်ခန္ဓာကိုယ် အစိတ်အပိုင်းများ ရောင်းဝယ်နေမှု ဈေးကွက်များကို ပိတ်သိမ်းရေးအတွက် လက်မှတ်ရေးထိုး လှုပ်ရှားမှုကိုလည်း ပြုလုပ်ရာ ပြည်သူများဖြင့် စည်ကားခဲ့သည်။

ကမာရွတ်မြို့နယ်မှ ဒေါ်ခင်ခင်လေးက "တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်း တရားမဝင် ရောင်းဝယ်မှုဆိုတာ ကျွန်မတို့ မြင်တွေ့ရလေ့ရှိတဲ့ ဆင်စွယ်တွေ၊ တိရစ္ဆာန်တွေရဲ့အရေခွံနဲ့လုပ်ထားတဲ့ပစ္စည်းတွေ ဖြစ်တယ်ဆိုတာ ဒီပွဲကနေသိခွင့်ရခဲ့ပါတယ်၊ ဒါ့အပြင် ကျွန်မတို့နိုင်ငံမှာ အရေခွံနဲ့ အစွယ်ကို ရလိုမှုကြောင့် ခုနစ်ရက်ကို ဆင်တစ်ကောင်နှုန်း သတ်ခံနေရတယ်၊ တိရစ္ဆာန်တွေဟာ သဘာဝပတ်ဝန်းကျင် သာယာလှပဖို့အတွက် အများကြီး အထောက်အကူပြုတယ်ဆိုတာ သိရပါတယ်၊ သူတို့ကို ကာကွယ်ဖို့ ကျွန်မတို့မှာလည်း တာဝန်ရှိပါတယ်"ဟု ဆိုသည်။

ယခုဂီတပွဲတော်သည် မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများအမဲလိုက် သတ်ဖြတ်ခံနေရခြင်း၊ ၎င်းတို့၏ အရေခွံများအား ခွာယူ၍ တရားမဝင်ရောင်းချနေခြင်း စသည်တို့ ပပျောက်သွားအောင် ကြိုးပမ်းသည့်အနေဖြင့် စတင်လှုပ်ရှား ခဲ့သော ၅ လကြာ လှုပ်ရှားခဲ့သည့် လူထုလှုပ်ရှားမှု၏ နောက်ဆုံးပွဲလည်းဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့်အထိ ပိုမိုထိရောက်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်းရာတွင် အထောက်အပံ့တစ်ခုဖြစ်မည်ဖြစ်ကြောင်း သိရသည်။

မိုမိုတို့အတွက် ရင်တွင်းစကားသံ (VOICES FOR MOMOS)အစီအစဉ် စတင်ခဲ့သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစ၍ မျိုးသုဉ်းလုနီးပါး အမဲလိုက်သတ်ဖြတ်ခံနေရသည့် မြန်မာ့တောဆင်ရိုင်းကြီးများ၏ အခက်အခဲများကို လူထုလှုပ်ရှားမှုပွဲများမှတစ်ဆင့် လူအများအပြား သတိထားမိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းသိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဇော်ကြီး**

# မြောင်းမြမြို့တွင် ပြည်သူများ သွားလာမှုအဆင်ပြေစေရေး ပြည်တွင်းရေကြောင်းမှ အားဖြည့်ပြေးဆွဲပေး

**မြောင်းမြ ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ရှိ မြောင်းမြမြစ်ကူးကြိုးတံတားကြီးသည် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက် မွန်းလွဲ ၁နာရီ ၄၅ မိနစ်ခန့်က မြောင်းမြမြစ်အတွင်းသို့ ပြတ်ကျသွားမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားမှု မရှိစေရေးအတွက် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးက ကူးတို့လမ်းများ ပြေးဆွဲပေးရန် ဆောင်ရွက်လျက်ရှိရာ ကနဦးအနေဖြင့် မြောင်းမြမြို့တွင် ပိတ်မိနေသော မော်တော်ယာဉ်များအား ဧပြီ ၃ ရက်တွင် ဌာနပိုင် ဇက် ၁၁၂ ရေယာဉ်ဖြင့် တစ်ဖက်ကမ်းသို့ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

"ပြည်တွင်းရေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး အစီအစဉ်နဲ့ တောသူမယ် ကူးတို့ယာဉ်နဲ့ ဇက် ၁၀၇ ရေယာဉ်တို့ကို အားဖြည့်ဆောင်ရွက်ထားပါတယ်၊ တိုင်းဒေသကြီးအစိုးရ အစီအစဉ်နဲ့ ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စေဖို့ အခမဲ့ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မန်နေဂျာ ဦးညီညီစန်းက ပြောသည်။

မြောင်းမြမြို့မှ မြောင်းမြ တစ်ဖက်ကမ်း ကွယ်လွယ်ဆိပ်ကမ်းသို့ လူစီးကူးတို့လမ်း ပြေးဆွဲရန်အတွက် T/S အမျိုးအစား နှစ်ထပ်ရေယာဉ်ဖြစ်သည့် တောသူမယ်ရေယာဉ်နှင့် မြောင်းမြတစ်ဖက်ကမ်း ကွယ်လွယ်ဆိပ်ကမ်းနေရာတွင် ဆိပ်ခံဖောအဖြစ် အသုံးပြုမည့် ဆိပ်ခံတွဲ တ-၂၅၀၉ တွဲယာဉ်အားအတူတွဲ၍ ဧပြီ ၇ ရက် ညနေက မြောင်းမြမြို့သို့ ရောက်ရှိလာပြီး လောလောဆယ်တွင် ဆိပ်ခံတွဲအား ကွယ်လွယ်ကျေးရွာ ပြည်တော်သာတံတား၌ အခြေချ ဆောင်ရွက်နေကြောင်းသိရပြီး မကြာမီ ကူးတို့ရေယာဉ်ဖြင့် ခရီးသွားများအဆင်ပြေရန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



"အခုလောလောဆယ်မှာ အိမ်စီးကားတွေနဲ့ ခရီးသည်ပို့ဆောင်ရေးကားတွေအတော်များများ ကွယ်လွယ်ဘက်ကမ်းကို ပို့ဆောင်ပေးထားပြီးပါပြီ၊ အခက်အခဲတော့ ရှိနေမှာပါ၊ အသားကျသွားရင် အားလုံး အဆင်ပြေသွားမှာပါ"ဟု မြောင်းမြမြို့ဘက်ကမ်း ပြန်ကြားရေးရုံးရှေ့တွင် မော်တော်ယာဉ်များ ဇက်ကူးနိုင်ရေး စေတနာ့ဝန်ထမ်း ကူညီဆောင်ရွက်ပေးနေသူ ဦးစိုးစိုးက ပြောကြားသည်။

**အောင်မင်း (မြောင်းမြ)**

# ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်များ၊ လွတ်လပ်ခွင့်များနှင့် ပတ်သက်သော အချက်အလက်များဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**စစ်တွေ ဧပြီ ၇**

ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်များ၊ လွတ်လပ်ခွင့်များနှင့် ပတ်သက်သော အချက်အလက်များ ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ရှိ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်၊ လွတ်လပ်ခွင့်များနှင့်ပတ်သက်ပြီး ဒေသတွင်းထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့် အမိန့် ညွှန်ကြားချက်များကို ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ရန် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်က အကြံပြုထားပါကြောင်း၊ ယင်းအကြံပြုချက်နှင့်အညီ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက ပြည့်ပြည့်စုံစုံဆွေးနွေးပေးကြမည် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြို၊ ခမီ၊ ဒိုင်းနက်၊ သက္ကမ၊ ချင်း၊ မရမာကြီး၊ ကမန်အစရှိသည့် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ အနေဖြင့်လည်း Group work တွင် ပါဝင်ဆွေးနွေးပေးကြရန် ဖိတ်ခေါ်တိုက်တွန်းပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် အေးချမ်းတည်ငြိမ်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အေးချမ်းတည်ငြိမ်မှု ရရှိရေးအတွက် လုံခြုံရေးသည် အထူးအလေးထားရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များသည် ဥပဒေနှင့်အညီ ဖြစ်ရန်လိုအပ်ပါကြောင်း၊ လမ်းပြမြေပုံ ရရှိရန်အတွက် စည်းမျဉ်း၊ စည်းကမ်းများ သုံးသပ်သည့်နေရာတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့ကို ပူးတွဲဖော်ဆောင်နိုင်မည့် ရှုထောင့်များက သုံးသပ်သင့်သည်ကို အကြံပြုတင်ပြလိုပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များအနက်မှ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သော ဆောင်ရွက်နိုင်သည့် အချက်များကို ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များနှင့် ပတ်သက်ပြီး ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်နယ် လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်းရင်းသားလူမျိုးစုငယ်များနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ ဒေသန္တရအမိန့်များ၊ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ၊ ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်းများ၊ နိုင်ငံသားအခွင့်အရေးများကို ရှင်းလင်းဆွေးနွေးကြပြီး တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များက ယင်းအကြောင်း အရာများအား အုပ်စုဖွဲ့ ဆွေးနွေးကြကာ ဘုံသဘောတူညီချက် ရလဒ်များကို တင်ပြခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကျင်းပပေးခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် မြို၊ ခမီ၊ ဒိုင်းနက်၊ သက္ကမ၊ ချင်း၊ မရမာကြီး၊ ကမန်အစရှိသည့် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယခုအလုပ်ရုံ ဆွေးနွေးပွဲက ရရှိသည့် ရလဒ်များကို စုစည်းပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသို့ ဆက်လက်ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်**



# စစ်တွေမြို့တွင် ရိုးရာအစဉ်အလာမပျက် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**စစ်တွေ ဧပြီ ၇**

၂၀၁၈ ခုနှစ် ဧပြီလတွင် ကျရောက်မည့် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မဟာသင်္ကြန်ကို ရခိုင်ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲကို ဧပြီ ၁၃ ရက် နံနက် ၇ နာရီတွင် ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ အခြားမြို့နယ်များမှ အသင်းအဖွဲ့များအပြင် စစ်တွေတပ်နယ်မှ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ဧပြီ ၁၄ ရက် ညနေ ၃ နာရီတွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၌ ရေသပ္ပာယ်သွားမည်ဖြစ်ကြောင်း၊ ညနေ ၅ နာရီတွင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် ဆုများချီးမြှင့်မည့် အခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီတွင် ဦးဥတ္တမခန်းမ၌ လည်းကောင်း၊ ညနေပိုင်းတွင် ပွဲ့ကိုး၊ အစိုးရအဖွဲ့ရုံး၊ လေဆိပ်၊ ကမ်းနားလမ်း၊ အမှတ်(၂) ဘုတ်ဆိပ်၊ မိဇ္ဇပန်းခြံနှင့် မီးစက်ကြီးရှေ့၌ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရောင်းအားသွက်**

ထို့ပြင် သင်္ကြန်ကာလနီးကပ်လာပြီဖြစ်သဖြင့် စစ်တွေမြို့၌ ရေပြွတ်၊ ရေပိုက်၊ မျက်နှာဖုံးစသည့် သင်္ကြန်ပစ္စည်းများ တစ်ရက်ထက်တစ်ရက် ရောင်းအားသွက်လျက်ရှိကြောင်း စစ်တွေမြို့ပေါ်ရှိ သင်္ကြန်ပစ္စည်းရောင်းချနေသူများထံမှ သိရသည်။

"သင်္ကြန်ပစ္စည်းနဲ့ ပတ်သက်ပြီး အရောင်းအဝယ် ကောင်းနေတယ်၊ သင်္ကြန်နီးကပ်လာတော့ ပိုပြီးရောင်းရတယ်၊ လက်လီ လက်ကားရောင်းသူတွေပါ အလုပ်ဖြစ်တယ်" ဟု စစ်တွေမြို့မဈေးမှ လက်လီ လက်ကားရောင်းချနေသူ ကိုခင်မောင်ကျော်က ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မန္တလေးမြို့တော် မဟာသင်္ကြန်တွင် ရတနာပုံခေတ် သင်္ကြန်အမိန့်တော်ပြန်တမ်းအစီအစဉ် ဖော်ထုတ်ပြသမည်

**မန္တလေး ဧပြီ ၇**

အစဉ်အလာကြီးမားသော မန္တလေးသင်္ကြန်၏ ရေသောက်မြစ်ဖြစ်သည့် ရတနာပုံခေတ် သင်္ကြန်အမိန့်တော်ပြန်တမ်းအစီအစဉ်ကို စနစ်မှန်၊ မူမှန် ပြန်လည်ဖော်ထုတ်သည့် အနေဖြင့် မန္တလေးမြို့တော် မဟာသင်္ကြန်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်အစီအစဉ်များ၌ ရတနာပုံခေတ်သင်္ကြန်အမိန့်တော်ပြန်တမ်းအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှေးမြန်မာဘုရင်များ လက်ထက်တော်အခါက အခါကြီးရက်ကြီးနေ့ရက်များတွင် နန်းတွင်းမှ ဘုရင့်အမိန့်တော်ကို အရပ်လေးမျက်နှာသို့ မောင်းကြေးနင်းခတ်ကာ တိုင်းသူပြည်သားတို့အား ပြန်ကြားသည့်အလေ့ရှိရာ မဟာသင်္ကြန်တော် အခါတွင်လည်း သင်္ကြန်ပွဲတော် ကျရောက်မည့်ရက်အချိန်တို့ကို အရပ်လေးမျက်နှာ လေးပြင် လေးရပ်သို့ ကြေညာမောင်းခတ်လေ့ရှိရာ ယင်းဓလေ့ထုံးစံသည် မြန်မာဘုရင် ပါတော်မူချိန်မှစ၍ ကွယ်ပလဲ့ရသဖြင့် ပညာရှင်များ၏ လမ်းညွှန်မှုကိုခံယူပြီး စာအုပ်စာတမ်း အကိုးအကားများကို အထောက်အထားပြု၍ ယခုနှစ်မဟာသင်္ကြန်ကာလတွင် အဆိုပါဓလေ့ထုံးစံကို ပြန်လည်ဖော်ထုတ်ပြသရန်ရွေးချယ်ထားကြောင်း မြန်မာ့ဓလေ့ထုံးစံများကို ပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်လိုသည့်ဆန္ဒဖြင့် ဆောင်ရွက်ကြမည့် အစီအစဉ်တွင်ပါဝင်သည့် အဖွဲ့ဝင်လူငယ် ကိုဆိုင်မွန်ထူးသန့်က ပြောသည်။

အဆိုပါအစီအစဉ်တွင် အမိန့်တော်ဖတ်ကြားမည့် သံတော်ဆင့်ဝန် တစ်ဦး၊ သိုင်းကိုင်နှစ်ဦး၊ တကောင်းကိုင် တစ်ဦး၊ နောက်ပါလူပျိုတော်သား နှစ်ဦး၊ စည်တီးအမှုထမ်း ရှစ်ဦး၊ အရန်လူပျိုတော်သား ခြောက်ဦး၊ မောင်းတီးအမှုထမ်းနှစ်ဦးတို့ ပါဝင်ဖွဲ့စည်းထားပြီး ပါဝင်သူများအတွက် ဝတ်စုံနှင့် ပစ္စည်းများကို ရိုးရာဓလေ့ထုံးစံများနှင့် ထပ်တူနီးပါးဖြစ်အောင် သေချာပြင်ဆင်ထားကြောင်း သိရသည်။

သရုပ်ပြမည့် အစီအစဉ်မှာ သင်္ကြန်အကြိုနေ့ ဖွင့်ပွဲကျင်းပမည့် နံနက်တွင် မင်္ဂလာတံတားရှေ့၌ နေရာယူထားပြီး သတ်မှတ်ထားသော အချိန်တွင် မင်္ဂလာတံတားပေါ်မှ ဖြတ်သန်းကာ ဗဟိုမဏ္ဍပ်ရှေ့၌ ထီးမူနန်းရာအတိုင်း အမိန့်ပြန်တမ်းကို ဖတ်ကြားမည်ဖြစ်ကာ ကျန်ရက်များတွင် လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်များ၌ သရုပ်ပြခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအစီအစဉ်များသည် မန္တလေးယဉ်ကျေးမှုကို မြန်မာ့ယဉ်ကျေးမှုအဖြစ် အထူးလေးစားတန်ဖိုးထားပြီး မူမှန်အတိုင်း ဖော်ထုတ်တင်ပြမှတ်တမ်းတင်လိုသဖြင့် ပါဝင်တင်ဆက်သူများ၏ ချွေးနည်းစာအနည်းငယ်ဖြင့်သာ အချိန်ယူပြင်ဆင်တင်ဆက်ရခြင်းဖြစ်ကာ အကယ်၍ အစီအစဉ်ကုန်ကျစရိတ်များအတွက် အကူအညီများရရှိခဲ့ပါက ထပ်မံတိုးချဲ့တင်ဆက်နိုင်မည့် အစီအစဉ်များလည်း အသင့်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**






# သင်္ကြန်ကာလအတွင်း တောင်ငူမြို့ရှိ ဆေးဆိုင်များ၌ တရားမဝင်ဆေးဝါးများ ရောင်းချမှု ရှိ မရှိစစ်ဆေး

**တောင်ငူ ဧပြီ ၇**

တောင်ငူမြို့အတွင်းရှိ ဆေးဆိုင်များတွင် သင်္ကြန်ကာလအတွင်း တရားမဝင်ဆေးဝါးများ ရောင်းချမှု ရှိ မရှိစစ်ဆေးခြင်းကို ဧပြီ ၅ ရက်နံနက်၁၀နာရီက တောင်ငူမြို့မ စခန်းမှ ဒုရဲအုပ်ဟန်လင်းအောင် ဦးဆောင်သည့်အဖွဲ့၊ တောင်ငူခရိုင် အစားအသောက်နှင့် ကွပ်ကဲမှုဦးစီးဌာနမှ ဒုကြီးကြပ်ရေးမှူး ဒေါ်ခင်သဇင်နှင့်အဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းဇော်၊ မှုခင်းတပ်ဆွယ်မှ ရဲအုပ်အောင်ကိုလတ်နှင့် တာဝန်ရှိသူများသည် ဆေးဆိုင်များကို အသိပညာပေးဆွေးနွေးခြင်း၊ လိုင်စင်တွဲဆေးရောင်းချမှုရှိ မရှိ၊ တရားမဝင်ဆေးဝါး၊ သတ်မှတ်ရက်လွန်ဆေးဝါးများ ရောင်းချခြင်း ရှိ မရှိကို ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

# သင်္ကြန်ကာလ အရေးပေါ်ဆေးဝါးကုသရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးနှင့် စက်ပစ္စည်းစုံ စုဆောင်းထားပြီးဖြစ်

**ရန်ကုန် ဧပြီ ၇**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အရေးပေါ် ဆေးဝါးကုသမှုခံယူရန် လိုအပ်သူများအတွက် ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာအစုံကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စုဆောင်းထားရှိပြီးဖြစ်ကြောင်း ဆေးရုံအုပ် ဒေါက်တာခင်သိင်္ဂီမြင့်ထံမှ သိရသည်။

"သင်္ကြန်အတွက်ကတော့ မတ်လအလယ်ကတည်းက လိုအပ်တဲ့ ဆေးဝါး၊ စက်ပစ္စည်းကိရိယာအစုံကို အရေးပေါ်ဌာနမှာရှိတဲ့ ဆရာဝန်ကြီးတွေနဲ့ သူနာပြုဆရာမတွေက တွက်ချက်ပြီး လိုလေသေးမရှိအောင် စုဆောင်းနေတာ ပြီးသွားပါပြီ"ဟု ဆေးရုံအုပ်က ပြောကြားသည်။

ပုံမှန်အားဖြင့် အရေးပေါ်ကုသမှုဌာနတွင် ဆရာဝန်၊ သူနာပြုနှင့် နည်းပညာဆိုင်ရာ ပညာရှင်များအပြင် အခြားအဆင့်ဝန်ထမ်း စုစုပေါင်း ၈၀ ခန့် နေ့စဉ် တာဝန်ထမ်းဆောင်နေသော်လည်း မဟာသင်္ကြန်ကာလတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၁၀၀ မှ ၁၅၀ အထိ နေ့အလိုက် တာဝန်ချထားပေးမည်ဖြစ်ပြီး အကြိုညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ကာ တာဝန်ခွဲဝေချထားရန်ကိစ္စများကိုလည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆေးရုံကြီး အရေးပေါ်ကုသမှုဌာနသို့ ရောက်ရှိလာပြီး အခြားဌာနများသို့ ဆက်လက်ပို့ဆောင်ရန် လိုအပ်မည့် လူနာများအတွက် အရေးပေါ် လူနာတင်ယာဉ်များအပြင် လျှပ်စစ်မီး၊ ရေနှင့် လျှော်ဖွပ်ရေးဌာန၊ လုံခြုံရေး အစရှိသော ဌာနအလိုက် တာဝန်ချထားမှုများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ထိခိုက်ဒဏ်ရာ ယာဉ်တိုက်မှုကြောင့် ရောက်ရှိလာသော လူနာအရေအတွက်မှာ ၃၃၅ ဦးရှိပြီး ခိုက်ရန်ဖြစ်ပွားမှုကြောင့် ရောက်ရှိလာသော လူနာအရေအတွက်မှာ ၁၂၇ ဦးရှိကာ အခြား ထိခိုက်ဒဏ်ရာရသူများ အပါအဝင် စုစုပေါင်း လူနာ ၈၉၁ ဦး ဆေးဝါးကုသမှုခံယူခဲ့ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ပြင်ပလူနာဌာနသို့ နေ့စဉ်လာရောက်ပြသသူဦးရေမှာ ၄၀၀ နှင့် ၅၀၀ ကြားတွင် ရှိပြီး အဆိုပါလူနာများထဲတွင် အရေးပေါ် အသက်ကယ်လူနာများ၊ ခွဲစိတ်လူနာများကဲ့သို့ ဆေးရုံတက်ရောက် ကုသမှုခံယူရန် လိုအပ်သောလူနာများမှာ ၂၀၀ နီးပါးခန့် ပါဝင်လေ့ရှိကြောင်း သိရသည်။




**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# နွားထိုးကြီးမြို့၌ လုပ်ငန်းသုံးအမှိုက်ခွန် စတင်ကောက်ခံ

**နွားထိုးကြီး ဧပြီ ၇**

နွားထိုးကြီးမြို့ပေါ် ရပ်ကွက်ရှစ်ခုအတွင်း၌ လုပ်ငန်းသုံးပစ္စည်း အမှိုက်သိမ်းခွန်ကို မြို့နယ်စည်ပင်က ယခု ဧပြီလဆန်းမှ စတင်၍ ကောက်ခံမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ လုပ်ငန်းသုံးအမှိုက်ခွန်ကို လုပ်ငန်းရှင် အဆင့်သုံးဆင့်ခွဲပြီး ကျပ် ၂၀၀၀၊ ကျပ် ၃၀၀၀ နှင့် ကျပ် ၅၀၀၀ ဟု သောကြာနေ့တိုင်း ကောက်ခံမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင် စုစုပေါင်း ၇၀ ကျော်ထံမှ အမှိုက်သိမ်းခ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။ ယခု စတင်ကောက်ခံမည့် လုပ်ငန်းသုံးအမှိုက်ခွန်မှာ ယခင်က ကောက်ခံနေသည့် စံငှားခွန်၊ ဘေးအန္တရာယ်ခွန်စသည့် အခွန်များနှင့် မဆိုင်ဘဲ လုပ်ငန်းရှင်များ၏ အမှိုက်စွန့်ပစ်မှုအပေါ် မှ ကောက်ခံမည့် ပထမဦးဆုံး အမှိုက်ခွန်စနစ်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ အခွန်ကောက်ခံမည့်ကိစ္စနှင့် ပတ်သက်၍ မြို့နယ်စည်ပင်က လုပ်ငန်းရှင် ၇၀ ကျော်အား ခေါ်ယူတွေ့ဆုံပြီးဖြစ်ကာ လုပ်ငန်းသုံးအမှိုက်ခွန် စနစ်နှင့် ကောက်ယူမည့်အစီအစဉ်များကို ရှင်းပြခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

အခွန်ဆောင်ရမည့် မြို့ခံ စားသောက်ဆိုင်ရှင်တစ်ဦးက "ကျွန်မတို့က ရှမ်းခေါက်ဆွဲ၊ မုန့်တီ၊ ပလာတာ၊ ဆန်စီး၊ ဆန်ပြား၊ ဆီချက် စားသောက်ဖွယ်ရာတွေကို မနက်ကညနေအထိ တစ်နေကုန်ရောင်းပါတယ်၊ အမှိုက်က တစ်ပတ်ကို ဆာလာတစ်အိတ်လောက်တော့ထွက်ပါတယ်၊ စားကြွင်းစားကျန်ကတော့ မိတ်ဆွေတစ်ယောက်ကသူ့အိမ်က ဝက်တွေအတွက် ဝက်စာသယ်သွားလို့ အကြွင်းအကျန် မရှိပါဘူး၊ သို့သော်လည်း အခွန်တော့ ထမ်းမှာပါ၊ ကျွန်မဆိုင်အတွက် အမှိုက်ခွန်က တစ်လ ၃၀၀၀ ကျပ်ကျသင့်ပါတယ်၊ နည်းတယ် များတယ် မမှတ်ပါဘူး၊ ကျသင့်ငွေကို ပေးဆောင်မှာပါ" ဟု ပြောသည်။

ယခု စတင်ကောက်ခံမည့် လုပ်ငန်းသုံးအမှိုက်ခွန်အတွက် အမှိုက်သိမ်းရာတွင် ဆိုင်များ၊ လုပ်ငန်းများမှထွက်သည့် အမှိုက်များကိုသာ သိမ်းပေးမည်ဖြစ်ပြီး အိမ်သုံးအမှိုက်များကို သိမ်းမည်မဟုတ်ကြောင်း၊ အိမ်သုံးအမှိုက်များအတွက် စည်ပင်က အခြားအစီအစဉ်ဖြင့် သီးသန့် အမှိုက်သိမ်းပေးမည်ဖြစ်ကြောင်းလည်း စည်ပင်ဝန်ထမ်းများထံမှ သိရသည်။

**ခင်ဇာမွန်မြင့်-ဥပဒေ**

# ကချင်ပြည်နယ် နမ္မတီး(ချောင်းသာ)ကမ်းခြေ၌ သင်္ကြန်ကာလ အပန်းဖြေသူများပြား

**နမ္မတီး ဧပြီ ၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့ရှိ နမ္မတီး ချောင်းသာကမ်းခြေတွင် နှစ်သစ်ကူး မဟာသင်္ကြန်ကာလအတွင်း ရပ်ဝေးရပ်နီးမှလာရောက်၍ အပန်းဖြေ



အနားယူ ရေကစားသူများအတွက် အထူးအစီအစဉ်အဖြစ် ဒီဂျေရှိုး၊ ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေသွားမည့်အပြင် ကလေးကစားကွင်း အစီအစဉ်များလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း နမ္မတီး(ချောင်းသာ)ကမ်းခြေ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

နမ္မတီးမြို့ရှိ နမ္မတီး ချောင်းသာအပန်းဖြေကမ်းခြေသို့ နှစ်စဉ် မဟာသင်္ကြန်ကာလတွင် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေအနားယူသူများ သိန်းနှင့်ချီ၍ လာရောက်ကြရာ ယခုနှစ်တွင် သင်္ကြန်ရေကစားကြသူများ လုံခြုံဘေးကင်းစွာ အပန်းဖြေအနားယူနိုင်ရေး၊ ဆိုင်ခန်းရောင်းချသူများအနေဖြင့် စည်းကမ်းရှိစွာ စနစ်တကျရောင်းချရေးတို့အတွက် တာဝန်ရှိသူများက ဆောင်ရွက်ထားပြီးဖြစ်ကာ ချောင်းရေ ကြည်လင်သန့်ရှင်းပြီး အမှိုက်သရိုက်နှင့် ဆူးပြောင့်ခလုတ်များ မရှိစေရေးအတွက် တာဝန်ရှိသူများက ချောင်းသန့်ရှင်းရေးများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဟိုင်းကြီးကျွန်းမြို့တွင် မြေတွင်းအာဟာရဓာတ်နှင့် မြေချဉ်ငန်ဓာတ်ပါဝင်မှု ဓာတ်ခွဲစစ်ဆေး

**ဟိုင်းကြီးကျွန်း ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ မိုးစပါးစိုက်ကေများတွင် နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ မြေအချဉ်၊ အငန်ဓာတ်ပါဝင်မှု အချိုးအစားကို သိရှိပြီး သီးနှံအထွက်တိုးရေးအတွက် မြေဆီလွှာ ပြုပြင်ပြောင်းလဲနိုင်ရန် ရည်ရွယ်၍ မြေနမူနာများရယူကာ ဓာတ်ခွဲစမ်းသပ် အဖြေထုတ်ခြင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းက မြို့စိုက်ပျိုးရေးဦးစီးမှူး ဦးဆန်းဝင်းက ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြေဆီလွှာကို တိုင်းတာစစ်ဆေးပြီး လိုအပ်သလိုပြုပြင်ပေးခြင်းဖြင့် သီးနှံအထွက်တိုးလာမည်ဖြစ်၍ မြေဆီလွှာ စမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းကို မေလကုန်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းမှ ရရှိလာသော အဖြေအပေါ် မူတည်၍ လိုအပ်သည်များကို အကြံပြု ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြေဆီလွှာစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းမှာ မိုးတွင်းကာလ၌ မြေအစိုဓာတ်ရှိပြီး အက်စစ်ပါဝင်မှုနှုန်း မြင့်မား၍ စစ်ဆေးအဖြေထုတ်ရန် မဖြစ်နိုင်သောကြောင့် သီးနှံစိုက်ပျိုးမှုရပ်နားထားချိန်များတွင် မြေနမူနာကိုရယူကာ ဓာတ်ခွဲအဖြေထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဦးစီးမှူးက ရှင်းပြသည်။

မြေတွင်းအာဟာရဓာတ်နှင့် မြေအချဉ်၊ အငန်ဓာတ်ပါဝင်မှု ဓာတ်ခွဲစစ်ဆေးရာ၌ ရေတော်မိုးတော် သီးနှံစိုက်ကေ ၅၀ တွင် နေရာ ၂၀ သတ်မှတ်၍ မြေနမူနာများရယူကာ ဓာတ်ခွဲစမ်းသပ် အဖြေထုတ်ခြင်းဖြစ်ပြီး ဟိုင်းကြီးကျွန်းမြို့ရှိ တောင်သူများအတွက် ယခုလို မြေတွင်းအာဟာရဓာတ်နှင့် မြေအချဉ်၊ အငန်ဓာတ်ပါဝင်မှု ဓာတ်ခွဲစစ်ဆေးခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# သပိတ်ကျင်းမြို့နယ်တွင် တောဆင်ရိုင်းကာကွယ်စောင့်ရှောက်ရေး အခြေစိုက်စခန်းဖွင့်

**သပိတ်ကျင်း ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် တောဆင်ရိုင်းများ သတ်ဖြတ်ခြင်းမခံရအောင် ကာကွယ်စောင့်ရှောက်ရေးအတွက် အခြေစိုက်စခန်းကို ကျောက်ကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဧပြီ ၁ ရက်မှစ၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ အခြေစိုက်စခန်းကို ဖွင့်လှစ်ရာတွင် ပူးပေါင်းအဖွဲ့ဖြစ်သော သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ခြောက်ဦး၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းသုံးဦး၊ သပိတ်ကျင်းမြို့နယ် သဘာဝ ပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်း လေးဦး၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် နှစ်ဦး၊ ဒေသခံ ဆင်ဦးစီး နှစ်ဦး စုစုပေါင်း ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပူးပေါင်းအဖွဲ့အား အမှတ် ၁ သတ္တဗေဒဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတပ်မှ ဒုတိယဗိုလ်မှူးကြီးဟိန်းဇော်က ဦးဆောင်၍ ရွှေဥဒေါင်းဘေးမဲ့တောအတွင်း ဧပြီ ၂ ရက်မှစ၍ ခုနစ်ရက်ကြာ လှည့်လည်ကာ ဆင်ပစ်မုဆိုးများ ဖြတ်သန်းသွားလာမှု ရှိ မရှိ၊ ဆင်များ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ရောင်းဝယ်သူများ ဖြတ်သန်းသွားလာမှု ရှိမရှိ စုံစမ်းဖော်ထုတ်နိုင်ရေး တောတွင်းလှည့်ကင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**




# ကြံခင်းမြို့၌ အစိုးရ ပါဠိပထမပြန်စာမေးပွဲ ကျင်းပပြီးစီး

**ကြံခင်း ဧပြီ ၇**

၂၀၁၈ ခုနှစ် ကြံခင်းမြို့နယ်အတွင်း အစိုးရ ပါဠိပထမပြန်စာမေးပွဲကို သာသနာ့ဗိမာန်ဓမ္မာရုံတွင် ဧပြီ ၃ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီးနောက် မြို့နယ် သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော် ရွှေညောင်ပင်ကျောင်းဆရာတော် ဦးဝါယမထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ဆိုကြသော မေတ္တာသုတ်ပရိတ်တရားတော်မြတ်ကို နာယူကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် ပါဠိပထမပြန်စာမေးပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်တော်မူသော စာမေးပွဲကြီးကြပ်ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော် ၁၅ ပါးတို့ကို အောင်လက်မှတ်၊ စာအောင်ဆုများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေလင်ပန်းစက်မှုဇုန်တွင် လက်စွပ်ဘူးထုတ်လုပ်သောစက်ရုံ မီးလောင်မှုဖြစ်

**ရန်ကုန် ဧပြီ ၇**

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ပိတောက်လမ်းရှိ အမှတ် ၄၉၉ Jewel part လက်စွပ်ဘူးထုတ်လုပ်သော စက်ရုံ၌ ဧပြီ ၇ ရက် ညနေ ၄ နာရီခွဲက မီးလောင်မှု ဖြစ်ပွားခဲ့ရာ Level 3 အဆင့်ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

စက်ရုံအတွင်းလိုက်၍ လောင်နေသော မီးအား မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် နယ်မြေခံတပ်ရင်း တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၀ မိနစ်တွင် မီးထိန်းနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာဟောက်ရမ်း အထည်ချုပ်စက်ရုံက အလုပ်သမားတွေ ညနေ ၄ နာရီခွဲ အလုပ်ပြန်ချိန်မှာ မီးစလောင်တာပဲ၊ စက်ရုံ နှစ်ရုံလုံး အလုပ်သမားမရှိချိန်မှာလောင်လို့ တော်သေးတယ်၊ မီးသတ်တပ်ဖွဲ့ကို ဖုန်းဆက်ပြီး ၁၀ မိနစ်အတွင်း ရောက်လာတယ်၊ မီးက ဘယ်လိုပုံစံနဲ့ စလောင်တယ်ဆိုတာ မသိဘူး"ဟု မြန်မာဟောက်ရမ်း အထည်ချုပ်စက်ရုံ လုံခြုံရေးမှူးက ပြောသည်။



စက်ရုံမှာ မီးအရှိန်ပြင်းသောကြောင့် ကပ်လျက်ရှိသော ဂျာကင်စက်ရုံသို့ မီးကူးစက်မှုမရှိစေရန် မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

စက်ရုံအတွင်း လောင်စာများရှိနေခြင်း၊ မီးသတ်ယာဉ် ဝင်ရောက်ရာတွင် လာရောက် ကြည့်ရှုသူများကြောင့် မီးသတ်ယာဉ်များသွားလာရန် အခက်အခဲဖြစ်ခြင်း၊ လေတိုက်ခြင်းတို့ကြောင့် မီးလောင်မှုအချိန်ကြာခဲ့ခြင်းဖြစ်ပြီး ညနေ ၅ နာရီ ၄၄ မိနစ်တွင် Leyel 2 မှ ညနေ ၆ နာရီ ၅၂ မိနစ်တွင် Level 3 အဆင့်ဖြင့် ငြိမ်းသတ်ခဲ့ခြင်းဖြစ်ကာ ည ၇ နာရီတွင် မီးထိန်းနိုင်ခဲ့၍ မီးလောင်ရခြင်း အကြောင်းရင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ကနဦးသတင်းအရ သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**

# ထင်းများတင်ဆောင်လာသောလှေ နစ်မြုပ်၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အရာတော်ကျေးရွာအနီး သောင်တူးမြစ်အတွင်း၌ ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက ထင်းများတင်ဆောင်လာသောလှေ တိမ်းမှောက်၍ နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက အိုးဖိုချောင်ကျေးရွာရှိ ဦးအေးမြင့်၏ ဆားကွင်းမှ အရာတော်ကျေးရွာသို့ ထင်းများတင်ဆောင်ပြီး ပြန်လာသော လှေကို အရာတော်ကျေးရွာနေ ဦးချမ်းအေး(၅၆ နှစ်)မှ လှော်ခတ်ပြီး လှေပေါ်တွင် ဇနီး မကရင်မ(၃၄ နှစ်)နှင့် သမီး ကြယ်စင်ထွန်း(၄ နှစ်)တို့ လိုက်ပါလာစဉ် လှိုင်းလေရိုက်ပုတ်မှုကြောင့် နစ်မြုပ်သွားခဲ့သည်။

အခင်းဖြစ်ရပ်သို့ ကမ်းနားရှိ ဒေသခံရေလုပ်သားများက စက်လှေများဖြင့် သွားရောက် ဆယ်ယူရာ ဦးချမ်းအေး တစ်ဦးတည်းသာ ကယ်ဆယ်နိုင်ခဲ့ပြီး မကရင်မနှင့် မကြယ်စင်ထွန်းတို့အား ဆက်လက်ရှာဖွေနေစဉ် ယင်းနေ့ ညနေ ၄ နာရီ မိနစ် ၄၀ က မကြယ်စင်ထွန်း၏ အလောင်းအား အရာတော်ကျေးရွာတောင်ဘက် ကမ်းစပ်၌ တွေ့ရှိခဲ့သည်။ ကျန်ရှိနေသည့် မကရင်မအား ပြင်စလူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံများ ပူးပေါင်း၍ ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မောင်တောနှင့်မိုင်းဆတ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် ဧပြီ ၇**

မူးယစ်တပ်ဖွဲ့စု ၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက် ညနေ ၅ နာရီတွင် မောင်တောမြို့နယ် လဘော်ဇားရဲကင်း တံတားထိပ်တွင် မာမောက်ဟာဆောင်း မောင်းနှင်ပြီး ဂျာဖော်အာလောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းတုံသွားကားလမ်း ၁၂ မိုင် ခြေတော်ရာဘုရား လမ်းဆုံအနီးတွင် ကျလ မောင်းနှင်ပြီး မနာမီး လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လှိုင်သာယာမြို့နယ်၌ လောင်းကစားပြုလုပ်နေသည့် နိုင်ငံခြားသားလေးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ လှိုင်သာယာမြို့နယ် ၅ ရပ်ကွက်ရှိ ဇာထိုးပန်းထိုးစက်ရုံအတွင်း ဧပြီ ၆ ရက် ညနေ ၆ နာရီ မိနစ် ၅၀ က ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အဆိုပါရပ်ကွက်နေ တရုတ်နိုင်ငံသား Lin Min Thang (၆၄ နှစ်)ပါ တရုတ်နိုင်ငံသား သုံးဦးနှင့် ဗီယက်နမ်နိုင်ငံသူ Ngyuan Thi Hang (၄၅ နှစ်)တို့သည် မာကျောက်လောင်းကစား ပြုလုပ်နေပြီး လောင်းကြေး ငွေကျပ် ၄၀၂၀၀၀၊ လောင်းကစား ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် Lin Min Thang ပါ လေးဦးတို့အား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)** **ကိုရဲ**



# ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ် ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေဆုံး

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်-အင်းစိန်အဝေးပြေးလမ်းမကြီးအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသော လိုင်းအမှတ် ၁၆ 1P/---- ခရီးသည်တင်YBS ယာဉ်သည် မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် အောင်သိဒ္ဓိလမ်းကြီးထိပ်အရောက် ယနေ့ နံနက် ၅ နာရီခန့်က အမျိုးသားတစ်ဦးအား ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် အဆိုပါ အမျိုးသားမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း ဘုရင့်နောင်နယ်မြေလုံခြုံရေးရဲတပ်ဖွဲ့ဝင်များထံမှ သိရသည်။

အခင်းဖြစ်စဉ်နေရာသို့ ရောက်ရှိနေသော ဘုရင့်နောင်နယ်မြေရဲတပ်ဖွဲ့စခန်း နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်အောင်ဇော်ဝင်းက "ကျွန်တော်တို့ ဘုရင့်နောင်တံတားပေါ် ဧပြီ ၇ ရက် နံနက် ၁ နာရီကနေ ပိတ်ဆို့ရှာဖွေစစ်ဆေးရေးလုပ်တာ ၄ နာရီကျော်သွားတယ်၊ ရပ်ကွက်ထဲ လှည့်ကင်းပြန်ထွက်လာတော့ မနက် ၅ နာရီရှိပြီး လူတစ်ဦး ဒဏ်ရာရပြီး သေဆုံးနေတာတွေ့တယ်၊ အနီးဝန်းကျင်ပြောတာက ဝုန်းဆိုတဲ့အသံကြားပြီး ကားကစက်ရပ်သွားတယ်၊ ရပ်သွားတဲ့ကားက YBS-16 ပဲ၊ ယာဉ်မောင်းလည်း မရှိတော့ဘူး"ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပင်လည်ဘူးမြို့နယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈၀၀ သိမ်းဆည်းရမိ



**ပင်လည်ဘူး ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် အထက်အောင်ကုန်းကျေးရွာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈၀၀ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန်၊ နယ်ထိန်း ရဲအုပ်ဖြိုးဝေလင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် အထက်အောင်ကုန်းကျေးရွာရှိ အောင်နိုင်ဦး(ခ) မောင်နိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအိမ်တွင် ရောက်ရှိနေသော အောင်အောင်ဆိုသူကိုပါ အသင့်တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈၀၀(ကာလတန်ဖိုးငွေကျပ် သိန်း ၁၃၉၀၀၀၀၀)အား ရှာဖွေစစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူ အောင်နိုင်ဦး(ခ)မောင်နိုင် အထက်အောင်ကုန်းကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူနှင့် အောင်အောင် လွယ်ကန်ကျေးရွာ မန်တုံမြို့ ရှမ်းပြည်နယ်နေသူတို့ **(ဝဲပုံ)** အား ပင်လည်ဘူးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကသာမြို့၌ ပိုက်ဆံအိတ်လုယူသူအား အချိန်တိုအတွင်းဖမ်းမိ

**ကသာ ဧပြီ ၇**

ကသာမြို့ပေါ်တွင် ဧပြီ ၆ ရက် ည ၇ နာရီခွဲက ကသာမြို့ ညစျေးတန်းရှိ ဆန်ပြုတ်ဆိုင်တွင် ဦးအောင်ကြည်စိုးသည် ၎င်း၏ ဇနီးနှင့်အတူ သမီးဖြစ်သူအား ဆန်ပြုတ်တိုက်နေစဉ် လူတစ်ဦးက ပိုက်ဆံအိတ်အား လုယူထွက်ပြေးသွားသဖြင့် တိုင်ကြားခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ကသာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက လိုက်လံဖမ်းဆီးရာ ကသာမြို့ တာရိုးတန်းလမ်းတွင် ရှိုင်မွန်း(ခ)သားကြီး (၂၈ နှစ်) ရပ်ကွက် ၁ ကသာမြို့နေသူအား လုယူသွားသော ပိုက်ဆံအိတ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ကသာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# လိုင်စင်မဲ့ ဆိုင်ကယ် ၁၄ စီးနှင့် သယ်ဆောင်သည့် ယာဉ်သုံးစီးဖမ်းမိ

**နေပြည်တော် ဧပြီ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၆ စီး၊ သွင်းကုန် ၉၃၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၂ စီး၊ သွင်းကုန်၂၁၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁၄၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆ ဒသမ ၇၆၀ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၈ ဒသမ ၉၀၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော ကျိုက်ထို - ကျိုက်ကသာ ရှောင်ကွင်းလမ်း၌ စစ်ဆေးမှုများဆောင်ရွက်စဉ် Hyundai Starex ယာဉ်သုံးစီးအားတွေ့ရှိ၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Harley Da Vidson USA မော်တော်ဆိုင်ကယ်သုံးစီး၊ Honda Lead မော်တော်ဆိုင်ကယ် တစ်စီး၊ Honda မော်တော်ဆိုင်ကယ်တစ်စီး၊ Honda CB မော်တော်ဆိုင်ကယ် နှစ်စီး၊ Honda Scoopy မော်တော်ဆိုင်ကယ် သုံးစီး၊ Yamaha မော်တော် ဆိုင်ကယ် တစ်စီး၊ BMW မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း မော်တော်ဆိုင်ကယ် ၁၄ စီးနှင့်သယ်ဆောင်သည့်ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅ ဒသမ ၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Harley DaVidson USA၊ Honda Lead၊ Honda၊ Honda CB၊ Honda Scoopy၊Yamaha၊ BMW နှင့် သယ်ဆောင်သည့် ယာဉ်များ။**

# အိန္ဒိယ အကြီးဆုံးလေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်



**နယူးဒေလီ မေ ၇**

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးလေကြောင်းစစ်ရေးလေ့ကျင့်မှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် စစ်ရေးလေ့ကျင့်မှုကို မေ ၈ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။ အဆိုပါ လေကြောင်းစစ်ရေးလေ့ကျင့်မှုသည် နှစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။

နှစ်ပတ်ကြာပြုလုပ်မည့် ဂါဂန်ရှက်တီလေ့ကျင့်မှုအတွင်း အိန္ဒိယလေတပ်မှ Sukhoi-30 MKI ဂျက်တိုက်လေယာဉ်များနှင့် လေပေါ်လောင်စာဆီဖြည့်လေယာဉ်များ ပါဝင်မည်ဖြစ်ပြီး စုစုပေါင်း လေယာဉ် ၁၁၀၀ စင်း ပါဝင်မည်ဖြစ်သည်။

"အိန္ဒိယလေတပ်ရဲ့စစ်ဆင်ရေးတွေမှာ တီဂျက်စ် အပေါ့စားတိုက်လေယာဉ်တွေရဲ့စွမ်းဆောင်ရည်နဲ့ တိုးတက်မှုကို ပထမဆုံးပြသတဲ့ စစ်ရေးလေ့ကျင့်မှုပါပဲ" ဟု အိန္ဒိယလေတပ်မှ ပြောရေးဆိုခွင့်ရှိသူ တပ်မှူး အနူပန်ဘာနာဂျီက သတင်းထောက်များအား ပြောကြားခဲ့သည်။

အိန္ဒိယလေတပ်၏ စစ်ရေးလေ့ကျင့်မှုသည် လေကြောင်းပျံသန်းမှုလမ်းကြောင်းကို ချိန်ညှိခြင်းနှင့် အိန္ဒိယကြည်းတပ်၊ ရေတပ်တို့နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်များ ပါဝင်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

ထို့အပြင် စစ်ဆင်ရေးအရှိန်မြှင့်ခြင်း၊ ကွန်ရက်ချိတ်ဆက်လေ့ကျင့်ခြင်း၊ အိန္ဒိယကုန်းမြေမှ တာဝေးပစ်ဒုံးကျည် စမ်းသပ်ခြင်းများနှင့် ရေတပ်၊ ကြည်းတပ်တပ်ဖွဲ့ဝင်များ အပြန်အလှန်ဖလှယ်ခြင်း စသည့် လေ့ကျင့်မှုအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း အိန္ဒိယလေတပ်ပြောရေးဆိုခွင့်ရှိသူ တပ်မှူး အနူပန်ဘာနာဂျီက ပြောခဲ့သည်။

**ဆင်ဟွာ**

# ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ လူများသေဆုံး



**မိုဂါဒစ်ရှူး မေ ၇**

ဆိုမာလီနိုင်ငံ မြို့တော် မိုဂါဒစ်ရှူး၌ မကြာသေးမီက ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် အနည်းဆုံး ခြောက်ဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုဂါဒစ်ရှူးမြို့ လေဆိပ်အနီးလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးအရာရှိများက ကားတစ်စီးအား စစ်ဆေးရန် ရပ်တန့်ခိုင်းပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ ဗုံးခွဲသမားသေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

ပထမအကြိမ် ပေါက်ကွဲမှုအပြီး တစ်နာရီအကြာတွင် မိုဂါဒစ်ရှူးအနောက်ပိုင်း ဟိုဒန်ခရိုင် ဆိုင်ဗီရာနိုမြို့ရှိ အခြားစစ်ဆေးရေးဂိတ်၌ မေ ၆ ရက်နေ့ ဆုတောင်းဝတ်ပြုအပြီး မိနစ်အနည်းငယ်အကြာ ဒုတိယမြောက်ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော မော်တော်ယာဉ်ဖြင့် စစ်ဆေးရေးဂိတ်ကို ဖြတ်မောင်းလာသော စစ်သွေးကြွသုံးဦးအား ပစ်သတ်ခဲ့ကြောင်း၊ အဆိုပါ ပစ်ခတ်မှုအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း အဆိုပါ ရဲအရာရှိက ပြောကြားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အသေခံဗုံးခွဲသမားအား တားဆီးခဲ့ကြောင်း၊ သို့သော် အသေခံဗုံးခွဲသမားမှာ လေဆိပ်လမ်းမပေါ်သို့ ဝင်ရောက်ခဲ့ပြီးနောက် အဆိုပါယာဉ်မှာ ပေါက်ကွဲသွားခဲ့ကြောင်း ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ဒီယာဇစ်အလီအီဘရာဟင်က ပြောခဲ့သည်။

စစ်သွေးကြွများသည် မိုဂါဒစ်ရှူးမြို့ရှိ အာဖရိကသမဂ္ဂနှင့် ဆိုမာလီတပ်ဖွဲ့ဝင်များ အထူးသဖြင့် ၎င်းတို့၏ အခြေစိုက်စခန်းများ၊ ဟိုတယ်များနှင့် အခြားသော အများပြည်သူဆိုင်ရာနေရာများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများပြုနေကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်အနောက်ပိုင်း၌ လက်လုပ်အမြောက်ပေါက်ကွဲခဲ့မှုကြောင့် အမေရိကန်လူငယ်တစ်ဦး သေဆုံး

**ဝါရှင်တန် မေ ၇**

အမေရိကန်အနောက်ပိုင်း ဝိုင်ယိုမင်း ပြည်နယ်၌ လက်လုပ်အမြောက် ပေါက်ကွဲမှုကြောင့် အမေရိကန်လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အဆိုပါ အမေရိကန်လူငယ်မှာ ၎င်းကိုယ်တိုင်လုပ်ထားသော လက်လုပ်အမြောက်အား သူငယ်ချင်းကို ပြသနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးခဲ့သည့် အမေရိကန်လူငယ် အာချီပီးယားစ်သည် အဆိုပါအမြောက်အား စတီးပိုက်တစ်ခု၊ အဝတ်နှင့် မီးရှူးမီးပန်း အမှုန့်တို့ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အသက် ၁၄ နှစ်သာရှိသေးသည့် အမေရိကန်လူငယ်သည် အမြောက်ပြုလုပ်နည်းကို ယူကျူဗီဒီယိုများမှတစ်ဆင့် လေ့လာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒေသခံဗုံးနည်းပညာရှင်များက အမြောက်ပြောင်းကို အလွန်တင်းကျပ်စွာ ပတ်ထားသည့်အတွက် ထိုကဲ့သို့ ပေါက်ကွဲခဲ့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

လေ့လာစမ်းသပ်ချင်သည့်သဘောဖြင့် လုပ်ခဲ့ခြင်းဖြစ်ပြီး ဖြစ်တောင့်ဖြစ်ခဲကိစ္စတစ်ခုဖြစ်ကြောင်း ဒေသခံရဲအရာရှိ စကော့မက်သန်နီက ပြောခဲ့သည်။

ဗုံးနည်းပညာရှင်များက လက်လုပ်အမြောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် နေရာတွင် အခြားပေါက်ကွဲစေတတ်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပါလက်စတိုင်းနှင့် အစ္စရေးတပ်ဖွဲ့များ ပဋိပက္ခဖြစ်ပွားရာ ပါလက်စတိုင်းရှစ်ဦးသေဆုံး



**ဂါဇာ မေ ၇**

အစ္စရေးနိုင်ငံနှင့် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းဆန္ဒပြသူများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များကြား တစ်ရက်ကြာထိပ်တိုက်ရင်ဆိုင်မှုများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းဘက်မှ ရှစ်ဦးသေဆုံးခဲ့ပြီး အခြား ၁၀၇၀ ခန့် ဒဏ်ရာများရရှိခဲ့ကြောင်း ဆေးကုသရေးအဖွဲ့များက မေ ၆ ရက်တွင် ပြောခဲ့သည်။

ပါလက်စတိုင်းတစ်ဦးသည် မေ ၆ ရက်တွင် ရရှိခဲ့သော ဒဏ်ရာများကြောင့် ယင်းနေ့နှောင်းပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း ဂါဇာကမ်းမြောင်ဒေသ ကျန်းမာရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ အက်ရှ်ရက်ဖ်အယ်လ်ကွတ်ဒရာက ပြောခဲ့သည်။

အစ္စရေးနှင့် ထိစပ်နေသည့် ဂါဇာကမ်းမြောင်အရှေ့ပိုင်း၌ မေ ၆ ရက်က ဖြစ်ပွားခဲ့သော အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခအတွင်း အစ္စရေးဘက်မှ လက်ဖြောင့်သေနတ်သမားများကြောင့် လူ ခုနစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဂါဇာအရှေ့ပိုင်းနယ်စပ်ခြံစည်းရိုးအနီးရှိ အစ္စရေးတပ်ဖွဲ့များအား ပါလက်စတိုင်းဘက်မှ ခဲဖြင့် ပစ်ပေါက်ခဲ့သလို ပါလက်စတိုင်းဆန္ဒပြသူ ထောင်ပေါင်းများစွာကိုလည်း တားဆီးမှုများပြုလုပ်ရန် အစ္စရေးဘက်မှ ကျည်ဆန်အစစ်များ၊ ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယိုဗုံးများနှင့် မီးသတ်ကားများကို အသုံးပြုခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်းဆန္ဒပြသူများအား ဖိနှိပ်သတ်ဖြတ်ခြင်းကို ပြစ်တင်ရှုတ်ချပါကြောင်း၊ ပါလက်စတိုင်းသမ္မတရုံးဌာနက ထုတ်ပြန်ခဲ့သည့် တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိခဲ့သည်။

ထို့အပြင် ပါလက်စတိုင်းခေါင်းဆောင်များအနေဖြင့် ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး ရီယာ့ဒ်မန်ဆောအပါအဝင် အာရပ်အဖွဲ့ချုပ်၊ ဥရောပသမဂ္ဂတို့အား အပြစ်မဲ့ပြည်သူများကို အစ္စရေးတို့က ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာသတ်ဖြတ်နေခြင်းမျိုးကို တားဆီးရန် နိုင်ငံတကာအဖွဲ့အစည်းအားလုံးနှင့်အတူ ချက်ချင်းတုံ့ပြန်လုပ်ဆောင်သွားရန် တိုက်တွန်းကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## တောင်ကိုရီးယားနိုင်ငံ မြောက်ပိုင်း၌ စစ်ဘက်ဆိုင်ရာ လေယာဉ်တစ်စင်းပျက်ကျ

**ဆိုးလ် ဧပြီ ၇**

တောင်ကိုရီးယားနိုင်ငံ မြောက်ပိုင်း Gyeongsang ပြည်နယ် Chilgok စီရင်စုရှိ ဂေါက်ကွင်းတစ်ခုအနီးသို့ တောင်ကိုရီးယား စစ်ဘက်တိုက်လေယာဉ်တစ်စင်း ဧပြီ ၅ ရက်က ပျက်ကျခဲ့ကြောင်း တောင်ကိုရီးယား သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်သည် ဧပြီ ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၇ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ပျက်ကျခဲ့သောလေယာဉ်မှာ အက်ဖ်-၁၅ ကေ တိုက်လေယာဉ်ဖြစ်နိုင်သည်ဟု ကနဦး ခန့်မှန်းခဲ့ကြောင်း၊ ထိုလေယာဉ်မှာ Daegu International Airport မှ ပျံသန်းထွက်ခွာသွားခဲ့ပြီး အပြန်တွင် ယခုကဲ့သို့ ပျက်ကျခြင်းဖြစ်ကြောင်း၊ လက်ရှိသေဆုံး ဒဏ်ရာရသူများကို မတွေ့ရသေးကြောင်း သိရသည်။

လေယာဉ်ပျက်ကျစဉ် လေယာဉ်မှူးနှစ်ဦးမှာ အချိန်မီခုန်ထွက် လွတ်မြောက်သွားသည်ဟု ခန့်မှန်းခဲ့သည်။ လေယာဉ်ပျက်ကျပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် ၅၀ ကျော် အခင်းဖြစ်ပွားသောနေရာသို့ ချက်ချင်းသွားရောက်ကာ ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်ခဲ့သည့်အပြင် သက်ဆိုင်ရာဌာနမှလည်း ရဟတ်ယာဉ်နှစ်စင်းနှင့် မီးသတ်ကားများကိုစေလွှတ်ကာ ကယ်ဆယ်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါတိုက်လေယာဉ်သည် အနီးရှိ တောင်ကိုတိုက်မိပြီး ပျက်ကျခြင်းဖြစ်နိုင်သည်ဟု ကနဦးယူဆခဲ့ပြီး အသေးစိတ် အခြေအနေများကို ဆက်လက်စုံစမ်းစစ်ဆေး နေကြောင်း သိရသည်။ **ဆင်ဟွာ**

## အစ္စရေးစစ်လေယာဉ်၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း နိုင်ငံသားတစ်ဦး သေဆုံး

**ရာမာလာ ဧပြီ ၇**

အစ္စရေးစစ်လေယာဉ်၏ ဂါဇာကမ်းမြောင်ဒေသ၌ မကြာသေးမီက ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း နိုင်ငံသားတစ်ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အစ္စရေးစစ်လေယာဉ်၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် ၂၃ နှစ်အရွယ် ပါလက်စတိုင်းနိုင်ငံသား လူငယ်တစ်ဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

မတ် ၃၀ ရက်က ဂါဇာကမ်းမြောင်ဒေသ၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် အစ္စရေးတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ပါလက်စတိုင်း နိုင်ငံသားတစ်ဦး ဧပြီ ၅ ရက်က သေဆုံးသွားခဲ့ကြောင်း၊ ဧပြီ ၅ ရက်အထိ အစ္စရေးနိုင်ငံ အစိုးရတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၁၉ ဦးအထိ ရှိလာကြောင်း သိရသည်။ **ဆင်ဟွာ**

# အကျင့်ပျက်ခြစားမှုကြောင့် ကျဆုံးခန်းရောက်ခဲ့ရတဲ့ ဘရာဇီးသမ္မတဟောင်း လူလာ

**ကလျာမိုးမြင့်**



ဘရာဇီးသမ္မတဟောင်း Luiz Inacio Lula Da Silva ကို ဘရာဇီးနိုင်ငံရဲ့ ဗဟိုတရားရုံးက အကျင့်ပျက်ခြစားမှုနဲ့ ဧပြီ ၅ ရက်မှာ ထောင်ဒဏ် ၁၂ နှစ်ချမှတ်လိုက်ပြီ ဖြစ်ပါတယ်။ ပြစ်ဒဏ်ချမှတ်ခြင်း ခံလိုက်ရသော်လည်းပဲ သမ္မတဟောင်း လူလာဒါဆေးလ်ဗားကို ထောင်ထဲပို့ဦးမှာ မဟုတ်ပါဘူး။ အယူခံဝင်ထားတဲ့ အချိန်ကာလအတွင်းမှာတော့ ၎င်းကိုနေမြဲအတိုင်း လွတ်လပ်ခွင့်ပေးထားမှာ ဖြစ်ပါတယ်။

### လူလာကိုပြစ်ဒဏ်ချမှတ်မှု နိုင်ငံရေးအရလုပ်ကြံမှုတစ်ခုလား

ဘရာဇီးနိုင်ငံ ကမ်းခြေမှာ တည်ဆောက်မယ့် အိမ်ရာစီမံကိန်းလုပ်ငန်းတစ်ခုကနေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းကို လာဘ်ငွေရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့တဲ့အတွက် အသက် ၇၂ နှစ်ရှိပြီဖြစ်တဲ့ ဘရာဇီးသမ္မတဟောင်းကို ဗဟိုတရားရုံးက ခုလိုထောင်ဒဏ် ချမှတ်လိုက်တာဖြစ်တယ်လို့ သိရပါတယ်။ သမ္မတဟောင်း လူလာကတော့ ၎င်းကို ခုလိုလုပ်တာဟာ နိုင်ငံရေးအရ လုပ်ကြံတာဖြစ်ပြီး လာမယ့် အောက်တိုဘာလမှာကျင်းပမယ့် ရွေးကောက်ပွဲမှာ ၎င်းအနိုင် မရရှိစေရေးအတွက် ခုလိုကြံစည်ခံလိုက်ရတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ၎င်းမှာ ဘာအပြစ်မှ မရှိဘူးလို့လည်း ငြင်းဆန်ထားပါသေးတယ်။

သမ္မတဟောင်း လူလာဟာ လာမယ့်အောက်တိုဘာလမှာ ပြုလုပ်မယ့် ဘရာဇီးသမ္မတရွေးကောက်ပွဲမှာ အနိုင်ရရှိဖို့ ရေပန်းစားနေတဲ့ သူတစ်ယောက်အဖြစ် လူသိများနေသူ တစ်ယောက်ပါ။ လူလာ ပြစ်ဒဏ် ချမှတ်ခံလိုက်ရပြီးနောက်မှာ ၎င်းကို ထောက်ခံသူတွေက သမ္မတဟောင်းကို လွှတ်ပေးရေး ဆန္ဒပြပွဲတွေ ပြုလုပ်ဖို့ စီစဉ်နေကြပြီဖြစ်ပါတယ်။ လူလာရဲ့ အလုပ်သမားပါတီက ယခု စီရင်ဆုံးဖြတ်မှုဟာ ဒီမိုကရေစီနဲ့ ဘရာဇီးနိုင်ငံအတွက် ကြေကွဲဝမ်းနည်းစရာ နေ့ရက်တစ်ခုလို့ ပြောဆိုခဲ့ကြပါတယ်။

လူလာရဲ့ အလုပ်သမားပါတီကို ထောက်ခံသူတွေဘက်ကတော့ နယ်ဆင် မင်ဒဲလား၊ ဂန္ဒီနဲ့ လူလာတို့ဟာ တူညီတဲ့ ခေါင်းဆောင်သုံးဦးဖြစ်ပြီး ပြည်သူတွေကို ကာကွယ်ပေးဖို့ ကြိုးပမ်းခဲ့ကြသူတွေ ဖြစ်တယ်လို့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ရေးသားဖော်ပြခဲ့ကြပါတယ်။

### ဘရာဇီးကို နှစ်ခြမ်းကွဲစေခဲ့သူ

ဘရာဇီးသမ္မတဟောင်း လူလာကို ကျဆုံးခန်းရောက်စေခဲ့တဲ့ အကျင့်ပျက်ခြစားမှုကြောင့် လူလာဟာ ၂၀၀၃ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်အတွင်းမှာ သမ္မတအဖြစ် တာဝန်ထမ်းဆောင်လာသူ ဖြစ်ပါတယ်။ လတ်တလောမှာ ထောက်ခံသူတွေများပြီး ရွေးကောက်ပွဲမှာ အနိုင်ရရှိဖို့အခွင့်အလမ်းသာနေတဲ့သူ ဖြစ်နေခဲ့ပေမယ့်လည်း ၎င်းဟာဘရာဇီးနိုင်ငံမှာ နှစ်ခြမ်းကွဲစေတဲ့ ဇာတ်ကောင်အဖြစ်နဲ့ ရာဇဝင်တွင် ကျန်နေပါတယ်။ ၎င်းကိုထောက်ခံသူတွေရှိသလို ၎င်းကိုဆန့်ကျင်သူတွေကလည်း အမြောက်အမြားပါပဲ။ ပြီးခဲ့တဲ့ အင်္ဂါနေ့က ဘရာဇီးနိုင်ငံ ဆော်ပိုလိုမှာ လူနှစ်သောင်းထက်မနည်းဟာ လူလာကို ထောင်ချဖို့ ဆန္ဒပြတောင်းဆိုခဲ့ကြပါတယ်။ ဒီအချိန်မှာ ထောက်ခံသူများစွာဟာလည်း လူထုစုဝေး ချီတက်မှုတွေ ပြုလုပ်ပြီး အပြိုင်အဆိုင် ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။

### တရားရုံးရဲ့စီရင်ဆုံးဖြတ်မှု

မကြာသေးမီအချိန်ကပဲ ဘရာဇီးရှိ တရားပြိုင်တွေဟာ ၎င်းတို့ရဲ့နောက်ဆုံး အယူခံဝင် လျှောက်လဲမှုတွေကို အချည်းနှီးမဖြစ်ခင်အချိန်အထိ လွတ်လပ်စွာနေထိုင်ခွင့်ပြုခြင်းခံရပါတယ်။ သို့သော်လည်း ဗဟိုတရားရုံးက ၂၀၁၆ စီရင်ဆုံးဖြတ်မှုမှာ ပထမအယူခံဝင်မှု ကျရှုံးသွားရင် တရားပြိုင်တွေကို ထောင်ဒဏ်ချမှတ်နိုင်ဖို့ တစ်ဆင့်နိမ့်ခုံရုံးက စီရင်ဆုံးဖြတ်ဖို့ ထည့်သွင်းစဉ်းစားခဲ့ပါတယ်။

လူလာဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလမှာ ပထမ အယူခံရှုံးနိမ့်ခဲ့ပါတယ်။ အယူခံရုံးက ၎င်းရဲ့ပြစ်မှုကျူးလွန်မှုကို လက်ခံခဲ့ခြင်း မရှိတဲ့အပြင် ပြစ်ဒဏ်ကို ကိုးနှစ်ကနေ ၁၂ နှစ်အထိ တိုးမြှင့်လိုက်ပါတယ်။ Opreation Car Wash လို့အမည်ရတဲ့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုတစ်ရပ်ကနေ ဒီလိုအရေးယူဆောင်ရွက်မှုတွေ ပေါ်ထွက်လာတာဖြစ်ပြီး ဒီစုံစမ်းစစ်ဆေးမှုကို ပါတီအဖွဲ့အစည်းအချို့က ထိပ်တန်းနိုင်ငံရေးသမားတွေကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

### လူလာဆိုတာဘယ်သူလဲ

အသက် ၇၂ နှစ်ရှိပြီဖြစ်တဲ့ လူလာဟာ ၂၀၀၃ ခုနှစ်ကစပြီး ဘရာဇီးနိုင်ငံကို ရှစ်နှစ်ကြာအောင် စီမံအုပ်ချုပ်ခဲ့ပါတယ်။ သတ္တုလုပ်သားဟောင်းတစ်ဦးဖြစ်ပြီး အလုပ်သမားသမဂ္ဂ တက်ကြွလှုပ်ရှားသူဖြစ်တဲ့ လူလာဟာ ပထမဆုံးသော လက်ဝဲယိမ်း ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့ပြီး ဒီအချက်က၎င်းကို ရာစုနှစ်တစ်ခုရဲ့ ထက်ဝက်လောက်နီးပါး လောက်မှာ ဘရာဇီးသမ္မတအဖြစ် တာဝန်ယူ၊ ဆောင်ရွက်ရသူဖြစ်လာစေခဲ့ပါတယ်။

၎င်းရဲ့ သမ္မတသက်တမ်းအတွင်းမှာ ဘရာဇီးဟာ ဆယ်စုနှစ်သုံးခုအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှည်ကြာဆုံးကာလတစ်ခုကို ကြုံတွေ့ခဲ့ရပြီး လူလာရဲ့ အစိုးရအဖွဲ့အနေနဲ့ လူမှုရေးဆိုင်ရာ အစီအစဉ်တွေမှာ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ခွင့်ကို ရရှိစေခဲ့ပါတယ်။ အစိုးရရဲ့ စွမ်းစွမ်းတမံ ကြိုးပမ်းရွက်ဆောင်မှုတွေကြောင့် သန်းနဲ့ချီတဲ့ ပြည်သူတွေဟာ ဆင်းရဲတွင်းထဲကနေ ရုန်းထွက်လာနိုင်ခဲ့ပြီး ဘရာဇီးနိုင်ငံမှာ ခွင့်ပြုထားတဲ့ အုပ်ချုပ်မှုသက်တမ်းဖြစ်တဲ့ သက်တမ်းနှစ်ဆက် ပြီးမြောက်ပြီးနောက်မှာ ရာထူးကနေ ထွက်ခွာခဲ့ပါတယ်။

### Operation Car Wash ဆိုတာ

၂၀၁၄ခုနှစ် လူလာသမ္မတရာထူးကနေ ထွက်ခွာလာပြီးနောက်မှာ ဘရာဇီးနိုင်ငံ အစိုးရရှေ့နေတွေက ဘရာဇီးရဲ့ အကြီးဆုံး ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီဟာ ကန်ထရိုက်တည်ဆောက်မှုတွေအတွက် နိုင်ငံပိုင် Petrobras ရေနံကုမ္ပဏီကို ဈေးပိုတင်နေတယ်လို့ ပေါ်ထွက်လာတဲ့ စွပ်စွဲချက်တွေကို စုံစမ်းစစ်ဆေးမှုတွေ စတင်လုပ်ဆောင်ပါတယ်။

Operation Car Wash လို့ အမည်ပေးထားတဲ့ စုံစမ်းစစ်ဆေးမှုကို ကျယ်ပြန့်တဲ့ပါတီများစွာတွေက ထိပ်တန်းအဆင့် နိုင်ငံရေးသမားတွေ ပါဝင်ပတ်သက်နေတဲ့ အကျင့်ပျက်ခြစားမှုတွေကို ဖော်ထုတ်ဖို့အတွက် ကြီးမားတဲ့ စုံစမ်းစစ်ဆေးမှု စီမံချက်တစ်ရပ်အနေနဲ့ လူသိရှင်ကြား ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လူလာ ကိုယ်တိုင်ဟာလည်း အိုအေအက်စ်ကုမ္ပဏီတစ်ခုက လာဘ်ပေးခဲ့တဲ့ ကမ်းခြေအိမ်ရာစီမံကိန်းတစ်ခုမှာ ပါဝင်ပတ်သက်နေတယ်ဆိုပြီး စုံစမ်းစစ်ဆေးခြင်း ခံခဲ့ရပါတယ်။

### ပြစ်ဒဏ်စီရင်မှုအပေါ် လူလာရဲ့တုံ့ပြန်ချက်

၎င်းပြစ်မှုကို စုံစမ်းစစ်ဆေးခဲ့တဲ့ ထိုးနှက်မှုနဲ့ ထောင်ဒဏ်ချမှတ်မှုကို လူလာက ၁၉၈၅ ခုနှစ်မှာ သက်တမ်းကုန်ဆုံးသွားတဲ့ ဘရာဇီးနိုင်ငံရဲ့ တပ်မတော်စိုးမိုးအုပ်ချုပ်မှုကို ၎င်းက ဆက်လက် တွန်းလှန်တိုက်ခိုက်နေမှု တစ်ခုအဖြစ် ဖော်ပြခဲ့ပါတယ်။ တပ်မတော်ရဲ့အာဏာရှင်စနစ်အုပ်ချုပ်မှုကို ကျွန်ုပ်လက်မခံနိုင်ဘူး။ ပြီးတော့ အစိုးရရှေ့နေတွေရဲ့ အာဏာရှင်စနစ်ကျင့်သုံးမှုကိုလည်း လက်မခံနိုင်ဘူးလို့ လူလာက ပြီးခဲ့တဲ့ တနင်္လာနေ့မှာ ၎င်းကို ထောက်ခံသူတွေစုဝေးခဲ့ရာမှာ ပြောကြားခဲ့ပါတယ်။


### လူလာရဲ့ကျဆုံးခန်း


သဘောထား တင်းမာပြတ်သားပြီး လူကြိုက်များတဲ့ သမ္မတဟောင်း လူလာအတွက်တော့ ယခုလို ထောင်ဒဏ်ချမှတ်ခံလိုက်ရခြင်းဟာ နိုင်ငံရေးအရ ကျဆုံးမှုတစ်ခုဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လမှာ ချမှတ်ခဲ့တဲ့ ပြစ်ဒဏ်ကို ဘရာဇီးအယူခံရုံးက တညီတညွတ်တည်း ဆက်လက်ချမှတ်လိုက်ဖြစ်ပြီး လူလာအနေနဲ့ အယူခံဝင်မှုကို ဆက်လက် လုပ်ဆောင်ခဲ့ပေမယ့် တရားရုံးဆုံးဖြတ်ချက်က လူလာကို အောက်တိုဘာလမှာ ပြုလုပ်မယ့် သမ္မတရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင် အရွေးခံနိုင်တဲ့ ကိုယ်စားလှယ် လောင်းတစ်ဦး မဖြစ်စေနိုင်တော့ပါဘူး။ ။

**ကိုးကား- ဘီဘီစီ၊ အေအက်ဖ်ပီ**






> “သဘောထား တင်းမာပြတ်သားပြီး လူကြိုက်များတဲ့ သမ္မတဟောင်း လူလာအတွက်တော့ ယခုလို ထောင်ဒဏ်ချမှတ်ခံလိုက်ရခြင်းဟာ နိုင်ငံရေးအရ ကျဆုံးမှုတစ်ခု ဖြစ်နေပါတယ်”


HTOO


(Unfriend)
(Unfollow)
(Block)








CARTOONS

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(ခ) ဤဥပဒေနှင့် သက်ဆိုင်သည့်အခွန်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုပြုသူသည် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍တတ်နိုင်သမျှ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး အဆိုပါသတင်း အချက်အလက်များသည် မှန်ကန်သည်ဟု လုံလောက်သောအကြောင်း အရင်းများအရ ယုံကြည်ခဲ့ပါလျှင် ယင်းကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများတွင် ဖော်ပြထားသည့် ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ထားမှုအခြေအနေ သို့မဟုတ် အခွန်ထမ်းမှတ်ပုံတင်အမှတ် အပါအဝင် သတင်းအချက် အလက် မှားယွင်းမှု သို့မဟုတ် မပြည့်စုံမှုတစ်စုံတစ်ရာကြောင့် ထိုသူအား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ (၃) သို့မဟုတ် ပုဒ်မခွဲငယ် (၄) အရ ဒဏ်ကြေးငွေပေးဆောင်ရန် တာဝန် မရှိစေရ။

(ဂ) ဤဥပဒေနှင့် သက်ဆိုင်သည့်အခွန်ဥပဒေတစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည် တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ တစ်ဦးဦးသည် ထိုက်သင့်အားလျော်စွာ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို လက်ခံရရှိချိန်တွင် ထုတ်ပေးသူအနေဖြင့် မှတ်ပုံတင်ထားသူ သို့မဟုတ် မှတ်ပုံတင်ထားခြင်း မရှိသူဟု လုံလောက်သောအကြောင်းအရင်းများအရ ယုံကြည်ထိုက် သောအားဖြင့် ယုံကြည်ခဲ့ပါက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ဒဏ်ကြေးငွေပေးဆောင်ရန် တာဝန် မရှိစေရ။

**ကြေညာလွှာနောက်ကျတင်သွင်းခြင်း**

၆၇။ (က) မည်သူမဆိုအခွန်ကြေညာလွှာ သို့မဟုတ် အခြားကြေညာလွှာတစ်ရပ်ရပ်ကို နောက်ဆုံးထားတင်သွင်းရန် သတ်မှတ်ထားသည့် နေ့ရက်တွင် သို့မဟုတ် ယင်းနေ့ရက်မတိုင်မီ တင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(၁) ပေးဆောင်ရမည့်အခွန်ပမာဏ၏ ငါးရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့် နေ့ရက်မှညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှု ပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ကျပ်တစ်ရာခိုင်နှုန်း၊

(၂) ကျပ်တစ်သိန်း။

(ခ) ဤပုဒ်မပါရည်ရွယ်ချက်များအလို့ငှာ **“ပေးဆောင်ရမည့် အခွန်ပမာဏ”** တွင်လစဉ် သို့မဟုတ် သုံးလပတ်အလိုက် အရစ်ကျပေးဆောင်ရသည့် ကြိုတင်ခွန်များလည်း ပါဝင်သည်။

**ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် အခွန်လျော့နည်း ပေးဆောင်ခြင်း**

၆၈။ အခွန်ထမ်း၏ ကြေညာလွှာတွင် မမှန်ကန်သော ဖော်ပြချက်တစ်ခု သို့မဟုတ် ချန်လှပ်ထားခဲ့သော အကြောင်းအချက်တစ်ခုခုအရ အခွန်ကိုလျော့နည်းပေးဆောင် ခဲ့ပြီး သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး ယင်းဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ပေါ့ဆခြင်းဖြစ်လျှင် အခွန်ထမ်းသည် အောက်ပါဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပေး ဆောင်ရမည်-

(က) ပုဒ်မခွဲ (ခ) နှင့်အကျုံးမဝင်ပါက လျော့နည်းပေးဆောင်သည့် အခွန်ငွေ ပမာဏ၏ ၂၅ ရာခိုင်နှုန်း၊

(ခ) လျော့နည်းပေးဆောင်သည့် အခွန်ငွေပမာဏသည် ကျပ်သိန်းတစ်ထောင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ငွေပမာဏ၏ ၇၅ ရာခိုင်နှုန်း။

**မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သောဖော်ပြချက်များ**

၆၉။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည်မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်ကို အခွန်ဝန်ထမ်းထံတင်ပြသဖြင့် ယင်းသတင်းအချက်အလက် အပေါ်မှန်ကန်သည်ဟု ယူဆ၍ စည်းကြပ်မှုပြုရာတွင် အမှန်ပေးဆောင် ရန် တာဝန်ရှိသောအခွန်ထက် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိခြင်း သို့မဟုတ် အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်ရှိခြင်းဖြစ် လျှင် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းနှင့် အောက်ပါဒဏ်ကြေးငွေ တစ်ရပ်ရပ်တို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(၁) အမှန်ကျသင့်သည့် အခွန်ပမာဏနှင့် လျော့နည်းစည်းကြပ်ခဲ့ နိုင်ဖွယ်ရှိသည့်အခွန်တို့၏ ခြားနားသည့်ပမာဏ၊

(၂) အမှန်ပြန်အမ်းရမည့် ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ်ရှိမည့် ငွေကြေးတို့၏ ခြားနားသည့် ပမာဏ။

(ခ) ဖော်ပြချက်ကိုတင်ပြသည့် ပုဂ္ဂိုလ်အနေဖြင့် ဖော်ပြချက်ပါအဓိက အကြောင်းအချက်သည် မှားယွင်းကြောင်း သို့မဟုတ် လမ်းလွဲစေနိုင် ကြောင်း မသိရှိခဲ့လျှင်ဖြစ်စေ၊ သိရှိနိုင်မည်ဟုယူဆရန် လုံလောက်သော အကြောင်းအရင်းမရှိခဲ့လျှင်ဖြစ်စေ ဤပုဒ်မအရမည်သည့် ဒဏ်ကြေးငွေ ကိုမျှ ချမှတ်ခြင်း မပြုရ။

ရှင်းလင်းချက် (၁) ။ ဤပုဒ်မအရ အခွန်ဝန်ထမ်းတစ်ဦးထံသို့တင်ပြသည့် ဖော်ပြချက်ဟု ရည်ညွှန်းရာ၌ပုဒ်မ ၆၈ နှင့်အကျုံးဝင်သည့် ဖော်ပြချက်တစ်စုံတစ်ရာမှအပ ဤဥပဒေအရ ယင်းအခွန်ဝန်ထမ်း၏တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းတစ်ဦးထံသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့် သော်လည်းကောင်း တင်ပြသောအောက်ပါဖော်ပြချက်တစ်ရပ်ရပ်လည်း ပါဝင်သည်-

(၁) ဤဥပဒေအရ ရေးသားသည့်၊ ပြုစုသည့်၊ တင်သွင်းသည့်၊ တင်ပြ သည့် သို့မဟုတ် ပေးအပ်သည့်လျှောက်လွှာ၊ သက်သေခံလက်မှတ်၊ ကြေညာချက်၊ အမိန့်ကြော်ငြာစာ၊ ကြေညာလွှာ၊ ကန့်ကွက်လွှာ သို့မဟုတ် အခြားစာတမ်း အမှတ်အသားများ၊

(၂) ဤဥပဒေအရ ပေးအပ်ရန်လိုအပ်သော သတင်းအချက်အလက် တစ်စုံတစ်ရာ၊

(၃) ဤဥပဒေအရမဟုတ်ဘဲ အခွန်ဝန်ထမ်းအားပေးအပ်သော စာတမ်း အမှတ်အသား၊

(၄) အခွန်ဝန်ထမ်းမှ ပုဂ္ဂိုလ်တစ်ဦးအား မေးမြန်းသောမေးခွန်း၏ အဖြေ၊

(၅) အခွန်ဝန်ထမ်းထံသို့ ပေးအပ်မည်ဟု သိရှိလျက် သို့မဟုတ် ကျိုးကြောင်း ဆီလျော်စွာမျှော်လင့်လျက် အခြားပုဂ္ဂိုလ်တစ်ဦးထံသို့ ပေးအပ်သည့် ဖော်ပြချက်။

ရှင်းလင်းချက်(၂)။ ဤပုဒ်မပါ **လမ်းလွဲစေနိုင်သော အဓိကအကြောင်းအချက်တစ်ခု ပါဝင်သည့်ဖော်ပြချက်** ဟု ရည်ညွှန်းရာတွင် ကိစ္စရပ်တစ်ခု သို့မဟုတ် အရာတစ်ခုကို ယင်းဖော်ပြချက်မှ ချန်လှပ်ထားခြင်းကြောင့် ယင်းသို့ လမ်းလွဲမှုဖြစ်စေသည့် ဖော်ပြ ချက်အား ရည်ညွှန်းခြင်းလည်း ပါဝင်သည်။

**စာတမ်းအမှတ်အသားများကို ထိန်းသိမ်းရန်ပျက်ကွက်ခြင်း**

၇၀။ (က) မည်သူမဆို ဤဥပဒေအရ သော်လည်းကောင်း၊ ဤဥပဒေနှင့် သက်ဆိုင် သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း သင့်လျော်သည့် စာတမ်းအမှတ်အသားများ ထိန်းသိမ်းရန်ပျက်ကွက်ပါက ပျက်ကွက်မှု ဖြစ်ပွားနေသည့် နေ့တစ်နေ့ချင်းစီအတွက် ဖြစ်စေ၊ နေ့တစ်နေ့၏ တစ်စိတ် တစ်ပိုင်းအတွက်ဖြစ်စေဝန်ကြီးဌာနက သတ်မှတ်သော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

(ခ) ဝန်ကြီးဌာနသည် စာတမ်းအမှတ်အသားများကို ထိန်းသိမ်းရန်ပျက်ကွက် ခြင်းအတွက် ပေးဆောင်ရမည့် ဒဏ်ကြေးငွေကို အမိန့်ကြော်ငြာစာထုတ် ပြန်သတ်မှတ်နိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည်အခွန်ထမ်းအား ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာရန်ပျက်ကွက်ကြောင်း အကြောင်းကြားသည့်နေ့မှ အများ ဆုံးရက်ပေါင်း ၃၀ အထိ ကာလအတွက် ဒဏ်ကြေးငွေချမှတ်ခြင်းကို သက်သာခွင့်ပြုနိုင်သည်။

**တတိယပုဂ္ဂိုလ်အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်ခြင်း**

၇၁။ မည်သူမဆိုပုဒ်မ ၆၀ အရ ထုတ်ပြန်သည့် အကြောင်းကြားစာကို လိုက်နာ ဆောင်ရွက်ရန်ပျက်ကွက်ပါက တတိယပုဂ္ဂိုလ်ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ယင်းအကြောင်းကြားစာတွင် ဖော်ပြထားသည့် နောက်ဆုံးပေးဆောင်ရန်ရက်စွဲတွင် ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်ပြီးဖြစ်သည့် အခွန်ပမာဏတို့အကြား ခြားနားချက် ၏ ၂၅ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

**ရုံးလုပ်ငန်းဆောင်ရွက်ရန်ထိုက်သင့်သည့် နေရာ၊ အသုံးအဆောင်နှင့် အကူအညီများ ပေးရန် ပျက်ကွက်ခြင်း**

၇၂။ မည်သူမဆို ဤဥပဒေအရလည်းကောင်း၊ ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေ တစ်ရပ်ရပ်အရ လည်းကောင်း အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့် သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ်ငါးသိန်း ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

**သတင်းအချက်အလက်ပေးပို့ရန် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း**

၇၃။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေသက်ရောက်သည့် အခွန်တစ်ရပ်ရပ် အရဖြစ်စေ သင့်လျော်စွာညွှန်ကြားရေးမှူးချုပ်က တောင်းခံလာသည့်သတင်းအချက် အလက်ကို သတ်မှတ်အချိန်အတွင်းပေးအပ်ရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက် မပိုသောဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

**နောက်ကျပေးဆောင်ခြင်း**

၇၄။ (က) မည်သူမဆိုစည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုသည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာပါ နောက်ဆုံးပေး ဆောင်ရန် သတ်မှတ်ရက်အတွင်း ပေးဆောင်ရန်ရှိသည့် အခွန်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးဆောင်ရန်ပျက်ကွက်ပါက ပေး ဆောင်ခြင်းမရှိသေးသည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့်ပမာဏကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(ခ) မည်သူမဆို ဤဥပဒေနှင့် သက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွက် ကြိုတင်ပေးဆောင်ရ မည့် အခွန် သို့မဟုတ် အခွန်ကို အရစ်ကျပေးဆောင်ခွင့်ရရှိသူသည် အရစ် တစ်ရစ်အတွက် ပေးဆောင်ရန် နောက်ဆုံးသတ်မှတ်ရက်မှ ၁၄ ရက်အတွင်း ယင်းကာလအပိုင်းအခြားအတွက် ကြိုတင်ပေးဆောင်ရမည့် အခွန်အားလုံး သို့မဟုတ် တစ်ရစ်လုံးကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ပေးဆောင် ရန်ပျက်ကွက်ပါက ပေးဆောင်ရန်ကျန်ရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် ပမာဏကိုနောက်ကျပေးသွင်းမှုအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(ဂ) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ ဤဥပဒေသက်ရောက် သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် အခွန် ကို နုတ်ယူပေးသွင်းရန် သတ်မှတ်ခံထားရသူတစ်ဦးဦးသည် အခွန်ကို နုတ်ယူပေးသွင်းခြင်းမပြုလျှင် ထိုအခွန်နှင့်စပ်လျဉ်း၍ ပျက်ကွက်သူအဖြစ် မှတ်ယူခြင်းခံရမည်ဖြစ်ပြီး နုတ်ယူခြင်းမရှိသည့် အခွန်အားပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) မည်သူမဆို ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့်အခွန်ကို သတ်မှတ်ထားသည့်ရက်အတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ထိုသို့ ပေးဆောင်ရန် ပျက်ကွက်သော ပမာဏ၏ ၁၀ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေး ငွေအဖြစ် ပေးဆောင်ရမည်။

(င) ပုဒ်မ ၄၄ အရ အချိန်ကာလတိုးမြှင့်ခြင်းကို ခွင့်ပြုထားလျှင် ယင်းကာလ အတွင်း ပေးဆောင်ရမည့်အခွန်ကို ပေးဆောင်ခဲ့ပါက ပုဒ်မခွဲ (က)အရ ဒဏ်ကြေးငွေပေးဆောင်ရန် တာဝန် မရှိစေရ။

**အခန်း (၁၀)**

**ပြစ်မှုပြစ်ဒဏ်**

**ယေဘုယျပြဋ္ဌာန်းချက်များ**

၇၅။ (က) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရလည်းကောင်း၊ ဤဥပဒေအကျိုး သက်ရောက်သည့် အခြားအခွန်ဥပဒေများအရလည်းကောင်း သတ်မှတ် ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်ကို စုံစမ်းစစ်ဆေးနိုင်သည်။

(ခ) ဤဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေများနှင့် အညီဆောင်ရွက်နိုင်သည်။

(ဂ) ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်သည် အခြားဥပဒေတစ်ရပ်ရပ် ဖြင့် ဆောင်ရွက်သည့်ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်ချက် အပေါ်သက်ရောက်မှု မရှိစေရ။

**တရားစွဲဆိုရန် ကာလစည်းကမ်းသတ်**

၇၆။ ဤအခန်းအရ တရားစွဲဆိုဆောင်ရွက်ရာတွင် အောက်ပါကာလများတွင် စတင် ဆောင်ရွက်နိုင်သည်-

(က) စွပ်စွဲထားသည့်ပြစ်မှုသည် ပြုလုပ်မှုတစ်ခုကို ဆောင်ရွက်ခြင်းဖြစ်ပါက ယင်းပြုလုပ်မှုကို ဆောင်ရွက်ပြီးနောက် ၁၂ နှစ်အတွင်း၊

(ခ) စွပ်စွဲထားသည့် ပြစ်မှုသည်လိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ် ကို ပျက်ကွက်သည့်ကိစ္စရပ်ဖြစ်ပါက ယင်းပျက်ကွက်မှုဖြစ်ပွားပြီးနောက် ၁၂ နှစ်အတွင်း သို့မဟုတ် ယင်းထက်နောက်ကျ၍ သိရှိရပါက ညွှန်ကြား ရေးမှူးချုပ်က ပျက်ကွက်မှုကိုသိရှိပြီး နောက်သုံးနှစ်အတွင်း၊

(ဂ) စွပ်စွဲထားသည့် ပြစ်မှုသည်ပုဂ္ဂိုလ်တစ်ဦးက အခွန်ဥပဒေတစ်ရပ်ရပ်အရ ယင်းပုဂ္ဂိုလ်၏ အခွန်တာဝန်ဆိုင်ရာ သတင်းအချက်အလက်ကို ဖော်ပြမှု မရှိခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြခြင်းဖြစ်ပါက ထိုအခွန်ကာလ အတွက် ယင်းပုဂ္ဂိုလ်၏ မှန်ကန်သောအခွန်တာဝန်ကို အပြီးသတ်အတည် ပြုပြီးနောက် ခြောက်နှစ်အတွင်း။

**အခွန်တိမ်းရှောင်ခြင်း**

၇၇။ မည်သူမဆိုအခွန်စည်းကြပ်ခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကို တမင် တိမ်းရှောင်ခြင်း သို့မဟုတ် တိမ်းရှောင်ရန်အားထုတ်ခြင်း သို့မဟုတ် ယင်းပုဂ္ဂိုလ် အနေဖြင့် ရပိုင်ခွင့်မရှိသည့် အခွန်ပြန်အမ်းငွေကိုရရှိရန် တမင်ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက် မပိုသော ထောင်ဒဏ်ကို ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းနှင့် ယင်းကာလအတွက် ယင်း ပုဂ္ဂိုလ်ပေးဆောင်းရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏတို့ အနက် များရာဒဏ်ကြေးငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေကျခံစေရမည်။

**အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားခြင်း**

၇၈။ (က) မည်သူမဆို ဦးစီးဌာနက ဤဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက် ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန် အားထုတ်ခြင်းပြုလုပ် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းထက်မပိုသော ဒဏ်ကြေး ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ ဤဥပဒေကို ကျင့်သုံးဆောင်ရွက် ရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့် တားသည်ဟု မှတ်ယူရမည်-

(၁) ထိန်းသိမ်းထားသည့် စာတမ်းအမှတ်အသားများ၊ မှတ်တမ်းများ သို့မဟုတ် ကိန်းဂဏန်းအချက်အလက်များကို စစ်ဆေးရန်ဦးစီး ဌာန၏ ဝန်ထမ်းက ဥပဒေနှင့်အညီ တောင်းခံခြင်းကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) ဦးစီးဌာန၏ ဝန်ထမ်းများ ရှေ့မှောက်သို့လာရောက်ရန် ဥပဒေနှင့် အညီဆင့်ဆိုမှုအပေါ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၃) လုပ်ငန်းပရဝဏ် သို့မဟုတ် နေထိုင်ရာနေရာတစ်ခုခုသို့ ဦးစီးဌာန ၏ ဝန်ထမ်း၊ ကိုယ်စားလှယ်နှင့် အဖွဲ့တို့က ဥပဒေနှင့်အညီဝင်ရောက် ခွင့်ကို တားမြစ်ခြင်းနှင့် နှောင့်ယှက်ခြင်း၊

(၄) အခွန်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်း၊

(၅) မမှန်ကန်သော အခွန်ထမ်းမှတ်ပုံတင်အမှတ် သို့မဟုတ် မိမိနှင့် မသက်ဆိုင်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*



# စာလုံးပေါင်းနည်း အသံထွက်နည်း (၆)

**မောင်ခင်မင် (ဓနုဖြူ)**

"ဒါဆိုရင် ဘဘငယ်ငယ်တုန်းက ဘဘပြောတဲ့ ဆယ်စောင်တွဲတို့၊ ငါးစောင်တွဲတို့ သင်ခဲ့ရမှာပေါ့နော်"

"ဘဘက အတန်းကျောင်းမတက်ရခင် ဘုန်းတော်ကြီးကျောင်းမှာလည်း စာသင်ရတော့ ဆယ်စောင်တွဲသင်ရတာပေါ့"

"သမီးတို့မသိလို့ ဆယ်စောင်တွဲအကြောင်း နည်းနည်းပြောပြပါနော် ဘဘ"

"အေး... ခုခေတ်မှာတော့ ဆယ်စောင်တွဲဆိုတာ သမီးတို့နာမည်တောင် မကြားဖူးကြတော့ဘူး မဟုတ်လား၊ ဘဘပြောသလိုပါပဲ၊ သင်ပုန်းကြီးစာအုပ် ကုန်အောင်သင်ပြီးရင် စာအားလုံးကို စာလုံးပေါင်းပြီး ဖတ်တတ်သွားပြီလေ၊ ဒီတော့ ဘုန်းတော်ကြီးကျောင်းမှာ မင်္ဂလသုတ်စသင်ရတယ်၊ မင်္ဂလသုတ်တော့ သမီးတို့သိမှာပါ၊ မင်္ဂလာတရား ၃၈ ပါးရဲ့အဓိပ္ပာယ်ကို ရှင်းပြထားတာပဲ၊ အင်မတန်ကောင်းတဲ့စာပါ၊ အခြေခံကျင့်ဝတ်တွေ အားလုံးပါတာပေါ့၊ ဒါပေမယ့် မင်္ဂလသုတ်စကတည်းက 'ယံမင်္ဂလံ ဒွာဒသဟိ၊ စိန္တယိံသု၊ သဒေဝကာ' ဆိုပြီး ပါဠိတွေဖတ်ရတော့ ခက်တာပေါ့၊ မြန်မာစာမှ မဟုတ်တာ၊ နောက်မှ အဓိပ္ပာယ်ကို ဘုန်းတော်ကြီးက ရှင်းပြတာလေ၊ ကလေးတွေရဲ့ အသက်အရွယ်နဲ့ဆိုရင်တော့ သင်ခန်းစာက သိပ်မြင့်နေတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မင်္ဂလသုတ်ဆိုတာ ဘုရားရှင်ဟောတော်မူတဲ့ သုတ်တစ်ခုပဲ မဟုတ်လား၊ နောက်ပြီးတော့ ဘုရားရှင်က အပြင်ရန်၊ အတွင်းရန်တွေကို အောင်မြင်ပုံ ဖွဲ့ထားတဲ့ 'အပြင်အောင်ခြင်း'၊ 'အတွင်းအောင်ခြင်း' ဂါထာတွေ သင်ရတယ်၊ အပြင်အောင်ခြင်းရှစ်ပါးကိုတော့ သမီးတို့ ကြားဖူးမှာပါ၊ ဒေါ်မေရှင်ဆိုထားတဲ့ အောင်ခြင်းရှစ်ပါးသီချင်းလည်း ရှိနေတာလေ"

"မာန်နတ်တို့၊ အာဠဝကတို့၊ နာဠာဂီရိတို့ကို အောင်မြင်တဲ့အကြောင်း မဟုတ်လား ဘဘ"

"ဟုတ်ပါတယ်၊ အတွင်းအောင်ခြင်းရှစ်ပါးကတော့ အတွင်းက ကိလေသာ၊ တဏှာ စတဲ့ရန်တွေကို ဘုရားရှင်အောင်တော်မူပုံအကြောင်း ဂါထာတွေပေါ့၊ အောင်မြင်တော်မူတဲ့ ဘုရားရှင်ရဲ့ဂုဏ်ကို ပူဇော်တဲ့ ဂါထာတွေပဲ၊ နောက် 'ရတနာရွှေချိုင့်' တို့၊ 'နမက္ကာရ' တို့ဆိုတာတွေလည်း ဘုရားရှင်ရဲ့ဂုဏ်တော်ကို ပူဇော်တဲ့ ဂါထာတွေပေါ့၊ နောက် သမီးတို့သိတဲ့ လောကနီတိပါဠိကို သင်ရတယ်၊ ပြီးတော့ မင်္ဂလသုတ်ကပြန်စပြီး ပရိတ်ကြီး ၁၁ သုတ်သင်ရတယ်၊ သမီးတို့သိချင်တယ်ဆိုလို့ ပြောပြတာပါ"

"ကျေးဇူးတင်ပါတယ် ဘဘ"

"အခုပြောခဲ့တဲ့ ပါဠိစာပေတွေကို ပဓာနထားပြီး သင်ရတာပေါ့၊ ပြီးတော့ ဘဘပြောခဲ့တဲ့အတိုင်း လောကသာရပျို့ဆုံးမစာ၊ ပုတ္တောဝါဒပျို့ဆုံးမစာတွေလည်းပါတယ်၊ ဒါတွေကျတော့ ပါဠိစာပေ မဟုတ်တော့ဘဲ ရှေးမြန်မာစာပေ ပျို့ကဗျာတွေ ဖြစ်သွားပြီ၊ အဲ... ဆယ်စောင်တွဲကုန်ရင်တော့ 'သဒ္ဒါပြုဟ်' တို့၊ 'သဒ္ဒါ' တို့ ဆက်သင်ရတယ်၊ သဒ္ဒါပြုဟ်က အဘိဓမ္မာကျမ်း၊ သဒ္ဒါက ပါဠိသဒ္ဒါကျမ်းပေါ့၊ ဒါတွေဟာ အတန်းကျောင်းပညာရေးမတိုင်ခင် ဘုန်းတော်ကြီးကျောင်းတွေမှာ သင်ရတဲ့ စာတွေပဲ"

"သိပါပြီ ဘဘ၊ မှတ်ထားပါ့မယ်"

"အတန်းကျောင်းပညာရေးစတဲ့အခါမှာ သူငယ်တန်းကစပြီး မြန်မာစာသင်ရတော့ အခုသမီးတို့ သင်ရတဲ့ မြန်မာဖတ်စာ စာအုပ်တွေ ပေါ်လာတာပဲ"

"ဘဘရော မြန်မာဖတ်စာသင်ခဲ့ရမှာပေါ့နော်"

"ဘဘငယ်ငယ်က သင်ရတဲ့ဖတ်စာနှစ်မျိုးကို မှတ်မိနေတယ်၊ တစ်မျိုးက ဒေါင်းတံဆိပ်မြန်မာဖတ်စာ...တဲ့၊ ဦးရွှေကြူးနဲ့ ဆရာကြီး ဦးလင်းတို့ ရေးသားပြုစုတာလေ၊ အဖုံးမှာက ဒေါင်းရုပ်တံဆိပ်နဲ့ သူငယ်တန်းကစပြီး အတန်းစဉ် ဆဋ္ဌမတန်းအထိ ဒေါင်းတံဆိပ် ဖတ်စာတွေရှိတယ်၊ နောက်တစ်မျိုးက ဆရာကြီး ဦးဖေမောင်တင် ရေးသားပြုစုတဲ့ ခြင်္သေ့တံဆိပ်ဖတ်စာပေါ့၊ အဖုံးမှာ ဘုရားစောင်းတန်းက ခြင်္သေ့ရုပ်ကြီးပုံပါတယ်၊ အဲဒီဖတ်စာလည်း အတန်းစဉ်ရှိတယ်လေ"

> **"အဲဒီဖတ်စာတွေကျတော့ သမီးတို့သိတဲ့အတိုင်း သင်ပုန်းကြီးလို စာလုံးပေါင်းတွေ အစအဆုံး တစ်ခါတည်း သင်တာမဟုတ်ဘဲ ဗျည်း၊ သရအတွဲတွေ တစ်ဆင့်သင်ပြီးရင် အဲဒီစာလုံးတွေချည်းပဲပါတဲ့ ဖတ်စာကိုပါ တစ်ဆက်တည်း ဆက်သင်တယ် မဟုတ်လား၊ ပြီးမှ တစ်ဆင့်ပြီးတစ်ဆင့် အဲဒီပုံစံအတိုင်း သင်သွားတာ၊ သင်ပုန်းကြီးမှာပါတဲ့ ဗျည်းသရအတွဲ တွေလည်းကုန်ရော၊ ဖတ်စာတွေလည်း အကုန်ဖတ်တတ်သွားရောလေ"**

"သမီးအဖိုးရဲ့စာအုပ်ဗီရိုထဲမှာ ခြင်္သေ့တံဆိပ်ဖတ်စာရော၊ ဒေါင်းတံဆိပ်ဖတ်စာရော တွေ့ဖူးပါတယ် ဘဘ"

"အဲဒီဖတ်စာတွေကျတော့ သမီးတို့သိတဲ့အတိုင်း သင်ပုန်းကြီးလို စာလုံးပေါင်းတွေ အစအဆုံး တစ်ခါတည်း သင်တာမဟုတ်ဘဲ ဗျည်း၊ သရအတွဲတွေ တစ်ဆင့်သင်ပြီးရင် အဲဒီစာလုံးတွေချည်းပဲပါတဲ့ ဖတ်စာကိုပါ တစ်ဆက်တည်း ဆက်သင်တယ် မဟုတ်လား၊ ပြီးမှ တစ်ဆင့်ပြီးတစ်ဆင့် အဲဒီပုံစံအတိုင်းသင်သွားတာ၊ သင်ပုန်းကြီးမှာပါတဲ့ ဗျည်းသရအတွဲတွေလည်းကုန်ရော၊ ဖတ်စာတွေလည်း အကုန်ဖတ်တတ်သွားရောလေ"

"သမီးတစ်ခုသတိထားမိလို့ပါ ဘဘ"

"ပြောပါဦး၊ ဘာပါလိမ့်"

"သမီးတို့သူငယ်တန်းမှာတုန်းက က ကာ ကား၊ စ စာ စား၊ ရ ရာ ရား ဆိုတဲ့ အသံ သုံးသံတွဲမျိုးတွေ အရင်ဆုံးသင်ရတယ် မဟုတ်လား ဘဘ၊ ပြီးတော့ ဖတ်စာမှာ 'ညအခါ၊ လသာသာ၊ ကစားမလား၊ နားမလား' ဆိုတဲ့ အကြောင်းတွေ ဖတ်ရပါတယ်၊ အဲဒီစာကြောင်းတွေမှာလည်း အဲဒီ သုံးသံတွဲတွေပဲ ပါပါတယ်၊ တခြားအသံတွေ မပါပါဘူး၊ တစ်ဆင့်ပြီးတစ်ဆင့် အဲဒီပုံစံနဲ့ သင်သွားတာ အခု ဘဘပြောတာ သတိထားမိလို့ပါ"

"ဟုတ်တယ်လေ သမီးရဲ့၊ ဖတ်စာစနစ်က ကလေးတွေကို သင်ထားပြီးတဲ့ စာလုံးတွေနဲ့ပဲ၊ ကလေးတွေ အဓိပ္ပာယ်နားလည်နိုင်တဲ့ စာကြောင်းတွေ ဝါကျတွေဆိုပါတော့၊ အဲဒီဝါကျတွေနဲ့ ဖတ်စာပြုစုထားတာဆိုတော့ ကလေးတွေ တစ်ဆင့်ပြီး တစ်ဆင့် နားလည်သွားတာပေါ့ကွယ်၊ ဖတ်လည်း ဖတ်တတ်သွားတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဖတ်စာပြုစုတဲ့ ပညာရှင်ကြီးတွေက ကလေးတွေ စာတတ်ဖို့သက်သက်ပဲ ရည်ရွယ်တာ မဟုတ်ဘူး၊ ပျော်ပျော်ရွှင်ရွှင် စိတ်ဝင်တစား ဆိုရင်းရွတ်ရင်း စာလည်းတတ်သွားအောင် ဖတ်စာတွေကို ဂရုတစိုက် ပြုစုခဲ့ကြတာလေ"

"သြော်၊ ဟုတ်ကဲ့ပါ"

"ဘဘပြောတဲ့ ခြင်္သေ့တံဆိပ်ဖတ်စာတို့၊ ဒေါင်းတံဆိပ်ဖတ်စာတို့မှာလည်း အဲဒီသဘောတွေပါပါတယ်၊ လွတ်လပ်ရေးရပြီးတဲ့နောက် 'ဦးဝန်- ဦးဘ ဖတ်စာ' ဆိုတဲ့ ဖတ်စာကို တော်တော်တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြတယ်၊ သမီးတို့တော့ မီမှာ မဟုတ်ဘူး၊ ဦးဝန်ဆိုတာက မြန်မာစာပညာရှင် ကဗျာဆရာကြီး မင်းသုဝဏ်ပေါ့၊ ဦးဘ ဆိုတာက ပညာရေးဆိုင်ရာပညာရှင် ဆရာကြီး ဦးဘပေါ့၊ အဲဒီဖတ်စာမှာ၊ စစချင်း သူငယ်တန်းဖတ်စာပေါ့၊ အဲဒီမှာ 'အ အာ အား၊ က ကာ ကား' ဆိုတဲ့ သရ သုံးလုံးတွဲသင်ပြီးတော့ ဖတ်ရတဲ့ ဖတ်စာကလေးကို ဘဘ သတိရလို့ပါ"

"ဘယ်လိုသုံးထားလို့လဲ ဘဘ"

"'ထပါကပါ၊ လသာသာ၊ ပဝါပါးပါး ကာ ကာ ထား' တဲ့"

"ကဗျာကလေးပေါ့နော် ဘဘ၊ ဆိုလို့ကောင်းတာပေါ့"

"အဲဒီအသံ သုံးသံတည်းနဲ့ ကလေးတွေ ပျော်ပျော်ရွှင်ရွှင် ဆိုနိုင်တဲ့ ကဗျာကလေးထည့်ပေးထားတာလေ၊ အိ၊ အီ၊ အီး အတွဲသင်ပြီးတော့ ဖတ်စာမှာပါတာက 'စီစီရီရီ၊ မီးနီနီ၊ ရာသီဝါပါ၊ သာယာည' တဲ့ ဘယ်လောက်လှသလဲ"

"ဟုတ်တယ်နော် ဘဘ"

"အခုသမီးတို့သင်နေတဲ့ ဖတ်စာမှာလည်း ဒါမျိုးပါတယ်လေ၊ အ အာ အား အတွဲသင်ပြီးတော့ ကဗျာကောင်းတစ်ပုဒ်ထည့်ထားတာ"

"သမီးသိပြီ ဘဘ၊ 'မမဝဝထထက၊ အကပထမ၊ ကပါကပါ မမရာ ညညလသာသာ၊ ညအခါငါစာရ၊ မမဝဝထထက' မဟုတ်လား ဘဘ"

"ဟုတ်တာပေါ့ကွယ်၊ ကဲ...သမီးတို့ကြည့်စမ်း၊ အဲဒီကဗျာကလေးမှာ ဗျည်းနဲ့တွဲတဲ့ သရက အ အာ အား သုံးသံစလုံးတောင် မဟုတ်ဘူး၊ အနဲ့အာ နှစ်သံနဲ့ပဲတွဲတာ၊ အဲဒီလို သရသံ နှစ်သံတည်းနဲ့တွဲပြီး အင်မတန်လှတဲ့ ကဗျာကလေးဖွဲ့ထားတာလေ"

"ဘယ်သူရေးတာပါလဲ ဘဘ"

"ကဗျာဆရာတွေ ဖတ်စာရေးရင် အဲဒီလို လှလှပပ ရေးတတ်တာ ဘဘ ပြောခဲ့တယ်လေ" ဆရာကြီး မင်းသုဝဏ်ရေးတဲ့ ဖတ်စာမှာလည်းတွေ့ပြီးပြီ၊ ခု ဒီ မမဝဝ ကဗျာရေးတာလည်း ကဗျာဆရာကြီးပဲကွဲ့၊ ဆရာတင်မိုးလေ"

" သိပ်တော်တာပဲနော် ဘဘ"

"တော်တာပေါ့ကွယ်၊ ကလေးတွေအတွက် ခက်လည်း မခက်ဘူး၊ နားမလည်တဲ့ စကားလုံးလည်း မပါဘူး၊ အသံလည်း သာတယ်။ ပျော်ပျော်ရွှင်ရွှင်ဆိုရင်း စာတတ်သွားအောင် ပြုစုထားတဲ့ ဖတ်စာပေါ့ကွယ်"

"သိပ်ကောင်းပါတယ် ဘဘ၊ ဘဘပြောပြလို့ ပိုပြီး သဘောပေါက်သွားပါပြီ"

"သင်ပုန်းကြီးစနစ်တုန်းက စာလုံးပေါင်းတွေကို အလွတ်ကျက်ရတယ် မဟုတ်လား၊ ဒါပေမယ့် ဘာမှမစဉ်းစားဘဲ တွေ့သမျှ စာလုံးအားလုံးကို မျက်စိမှိတ်ပြီး အလွတ်ကျက်စရာတော့ မလိုဘူးပေါ့၊ အကျိုးနဲ့ အကြောင်းနဲ့ စဉ်းစားတတ်ရင် အလွတ်မကျက်ဘဲ အသံထွက်တတ်သွားတာပဲလေ"

"ဟင် ဘာကိုဆိုလိုတာလဲ ဘဘ"

"သြော် ... ဒီလိုလေ၊ ကကာ ကိကီ ကုကူ ကေကဲ ကော့ကော် ကံကား ဆိုတဲ့ အစီအစဉ်ကို မှတ်မိပြီဆိုရင် ကနေရာမှ ခကို အစားထိုးပြီး ဆိုကြည့်၊ ဘယ်လိုဆိုမလဲ"

"ခခါ ခိခီ ခုခူ..."

"အေး ... အဲဒါကို တကူးတကန့် အလွတ်ကျက်နေစရာ မလိုတော့ဘူး မဟုတ်လား၊ သရက အတူတူပဲမို့ ဗျည်းကို ပြောင်းပြီးဆိုရင် အဲဒီအစဉ်အတိုင်းပဲ အသံထွက်မှာပဲလေ၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဖတ်စာစနစ်ကျတော့ သင်ပုန်းကြီးတုန်းက အပြည့်အစုံ မပါတဲ့ အောက်ကမြစ်တို့၊ ဝစ္စပေါက်တို့နဲ့ တွဲပြီး 'ကကာကား၊ ကိကီကီး၊ ကုကူကူး' ဆိုတာမျိုး တွဲဆိုရတာ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ကဲ- ဒီနေရာမှာ သတိပြုစရာတစ်ခုတွေ့ပြန်ပြီ အဲဒီအသံ သုံးသံတွဲကို သမီးတို့ မှတ်မိတယ်နော်"

"မှတ်မိပါတယ် ဘဘ"

"'က ကာ ကား' မှာ 'က' က အောက်ကမြစ်သံ၊ အောက်မြစ်သံလို့လည်း ခေါ်တယ်၊ ကကို ရေးတော့ အောက်မြစ်မပါပေမယ့် 'က့' ဆိုတဲ့ အောက်မြစ်သံနဲ့ အတူတူပဲလေ၊ ဒါကြောင့် အောက်မြစ်သံပေါ့၊ သံလတ်လို့လည်း ခေါ်တယ်၊ 'ကာ' က ရိုးရိုးအသံ၊ ဆက်ဆွဲလို့ရတဲ့ အသံပေါ့၊ သံလွင်လို့လည်း ခေါ်တယ်၊ ကားက ဝစ္စပေါက်သံ၊ သံလေးပေါ့၊ ခုန ဘဘတို့ ဆိုကြတဲ့ ကကာကား၊ ကိကီကီး၊ ကုကူကူး အထိ သုံးသံတွဲတွေမှာ အဲဒီအသံအစီအစဉ်အတိုင်းပဲ သွားတယ်နော်"

"ဟုတ်ကဲ့ပါ"

"ကဲ... နောက်သံစဉ် တစ်တွဲကို ဆိုကြည့်ပါဦး"

"'ကေ၊ ကေ့၊ ကေး' ပါ ဘဘ"

"ရှေ့က အသံအစီအစဉ်အတိုင်းဆိုရင် အောက်မြစ်သံက အရင်လာရမှာပေါ့၊ ကေ့ကေကေး လို့ ဆိုရမှာ မဟုတ်ဘူးလား"

"ဟင်... သြော်၊ ဟုတ်ပါရဲ့၊ ဒါပေမယ့် ဖတ်စာအုပ်ထဲမှာ ကေကေ့ကေး လို့ပြထားလို့ သမီးတို့လည်း ငယ်ငယ်ကတည်းက အဲဒီလိုပဲ ကျက်ခဲ့တာပါ ဘဘ"

"ဟုတ်ပါပြီ၊ အဲဒီပြဿနာကိုလည်း သိထားဖို့ လိုတာပေါ့၊ ကဲ...

အချိန်ကုန်ပြီဆိုတော့ ...

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ် ဘဘ"

# ကမ္ဘာ့အဆိုးဆုံး ဂနိုရောဂါကို ဗြိတိန်အမျိုးသားတစ်ဦး ခံစားနေရ

***ကလျာမိုးမြင့်***

ဗြိတိန်နိုင်ငံက အမျိုးသားတစ်ဦးဟာ Super- gonorrhoeae လို့ခေါ်တဲ့ ကမ္ဘာ့အဆိုးရွားဆုံး ကာလသားရောဂါကို ခံစားနေရပါတယ်။ အဲဒီအမျိုးသားဟာ အရှေ့တောင်အာရှနိုင်ငံက အမျိုးသမီးတစ်ဦးနဲ့ ထိတွေ့ဆက်ဆံမှုရှိခဲ့ပြီးနောက်မှာ အဲဒီရောဂါကို ရရှိလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အင်္ဂလန်ပြည်သူ့ကျန်းမာရေးဌာနက ဆီးပူညောင်းကျကာလသားရောဂါပိုး (ဂနိုရောဂါပိုး) ကို ပထမဆုံးရွေးချယ်လိုက်တဲ့ ပဋိဇီဝဆေးနဲ့ ကုသလို့မရတာ ဒါပထမဆုံးအကြိမ်ပဲလို့ ဖော်ပြခဲ့ပါတယ်။ ကျန်းမာရေးအာဏာပိုင်တွေက ကူးစက်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ဖို့အတွက် ဂနိုရောဂါပိုးကူးစက်ခံရတဲ့ အမျိုးသားရဲ့အခြားသော လိင်ဆက်ဆံဖက်တွေကို သိရှိရဖို့စုံစမ်းနေပါတယ်။ အမျိုးသားဟာ ဒီရောဂါကို ယခုနှစ်အစောပိုင်းလောက်မှာ ကူးစက်ခံခဲ့ရခြင်း ဖြစ်ပါတယ်။

အဓိကပဋိဇီဝကုထုံးဖြစ်တဲ့ အဇီသရိုမိုင်စင် (azithromycin) နဲ့ ဆက်ဖ်ထရီရာဇုန်း (ceftriaxone) ကို ပေါင်းစပ်မှုက ဒီရောဂါကို ကုသခြင်းငှာ မစွမ်းနိုင်တော့ပါဘူး။ အင်္ဂလန်ပြည်သူ့ကျန်းမာရေးဌာနက ဒေါက်တာ ဂွမ်ဒါဟတ်စ်က ရောဂါဟာ ဒီဆေးဝါးနှစ်မျိုးလုံးနဲ့ အခြားပုံမှန်သုံးနေကျ ပဋိဇီဝဆေးဝါးတွေအများစုကို ခံနိုင်ရည်ရှိနေတာကို ဒါပထမဆုံးတွေ့မြင်ရတာပဲလို့ တအံ့တသြ ပြောဆိုခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ရောဂါထိန်းချုပ်ရေးဥရောပဗဟိုဌာနတို့ ဆွေးနွေးမှုတွေ ပြုလုပ်ပြီးနောက်မှာတော့ ဒီလိုဖြစ်ပွားမှုဟာ ကမ္ဘာပေါ်မှာ ပထမဆုံးသော ကာလသားရောဂါ ဆိုးဆိုးရွားရွားဖြစ်ပွားမှုဖြစ်တယ်လို့ သဘောတူ လက်ခံလိုက်ကြပါတယ်။

**ဂနိုရောဂါဆိုတာဘာလဲ**

ဂနိုရောဂါဆိုတာဟာ Neisseria gonorrhoeae လို့ခေါ်တဲ့ ဗက်တီးရီးယားကြောင့် ဖြစ်ပွားရတဲ့ ကာလသားရောဂါအမျိုးအစား ဖြစ်ပါတယ်။ အကာအကွယ်မဲ့ လိင်ဆက်ဆံမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ဒီရောဂါကူးစက်ခံရပြီဆိုတဲ့အခါ အချို့လူတွေမှာ သိသာထင်ရှားတဲ့ လက္ခဏာတွေ လွယ်လွယ်ကူကူပြလေ့မရှိပါဘူး။




ဒါပေမယ့် ရောဂါလက္ခဏာတွေအနေနဲ့ လိင်အင်္ဂါတွေမှာ အနာဖြစ်ပြီး အစိမ်းရောင်ရင့်ရင့် သို့မဟုတ် အဝါရောင်အရည်တွေ၊ ပြည်တွေ ဖြစ်လာနိုင်ပြီး ဆီးသွားစဉ်မှာ နာကျင်နိုင်၊ သွေးထွက်နိုင်ပါတယ်။ ရောဂါကို မကုသဘဲထားရင် မျိုးပွားတစ်သျှူးတွေ ပျက်စီးပြီး သားသမီး မထွန်းကားနိုင်ခြင်းနဲ့ တင်ပါးဆုံရိုးနာကျင်ရောင်ရမ်းတဲ့ရောဂါ ဖြစ်ပွားနိုင်ပြီး ကိုယ်ဝန်ဆောင်ကာလအတွင်းမှာ ကလေးငယ်ဆီကို ရောဂါပိုးကူးစက်ရောက်ရှိသွားနိုင်ပါတယ်။ ။

**ဘီဘီစီ**

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ထိုင်းနိုင်ငံရောက် မြန်မာလုပ်သား သိထားသင့်သည်များ

**သတင်းဆောင်းပါး - ခင်ရတနာ**

**ဓာတ်ပုံ - မေဉီးမိုး**



၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ထိုင်းနိုင်ငံ၏ အနည်းဆုံးလုပ်ခသတ်မှတ်ချက်ကို တိုးမြှင့်သတ်မှတ်ရန် ကြေညာခဲ့သည်။ ထို့ကြောင့် ဧပြီ ၁ ရက်မှ စတင်ကာ အနည်းဆုံး လုပ်အားခများကို ခံစားရရှိကြတော့မည်ဖြစ်သည်။ အနည်းဆုံးလုပ်အားခအဖြစ် ဖူးခက်၊ ချွန်ဘူရီ၊ ရယောင်တို့တွင် တစ်ရက်လျှင် အနည်းဆုံး လုပ်ခလစာမှာ ဘတ် ၃၃၀ ၊ ဘန်ကောက်၊ နွန်ထဘူရီ၊ နခွန်ပသွန်၊ ပထုံဌာနီ၊ စမွတ်ပရာကန်၊ စမွတ်စခွန်(မဟာချိုင်)၊ ချာချွန်စောင်တို့တွင် တစ်ရက်လုပ်ခလစာ ၃၂၅ ဘတ်နှင့် ချန်သဘူရီ၊ စမွတ်စုံခရမ် စသည့် ဒေသများတွင် ၃၁၈ ဘတ်၊ ရှိုင်အက်၊ ပကျွတ်၊ နခွန်စဝမ်၊ စာကရောင်စသည့် ဒေသများတွင် ၃၁၅ ဘတ်၊ စင်ဘူရီ၊ တရန်၊ လန်ပန်၊ မဲဆောက်၊ ရနောင်း၊ ဆူခိုထိုင်း၊ ရတ်ချာဘူရီ(လုပ္ပူလီ)၊ မဲဟောင်ဆောင်စသည့် ဒေသများတွင် အနည်းဆုံးလုပ်ခလစာမှာ တစ်ရက်လျှင် ၃၁၀ ဘတ်၊ ယာလာ၊ ပါတနီ၊ နာရာထီဝတ် တို့အတွင် ၃၀၈ ဘတ် စသည်ဖြင့် အနည်းဆုံးအခကြေးငွေများကို သတ်မှတ်လိုက် သည်ကို မြင်တွေ့ရသည်။

"အနည်းဆုံးအခကြေးငွေ သတ်မှတ်လိုက်ပေမယ့် ကျွန်တော်တို့ကိုတော့ လစာနဲ့ပတ်သက်ပြီး ပြောဆိုတာမရှိသေးဘူး၊ စက်ရုံက လက်ရှိပေးနေတဲ့ အနေအထားက တစ်ရက်ကို ဘတ် ၃၂၀ရပါတယ်၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်လိုက်ရင်တော့ နည်းနည်းစီလိုက်ပြီး တိုးပေးမယ်လို့ ထင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ မြန်မာအများစုကတော့ အနည်းဆုံးအခကြေးငွေဆိုတာ သိပ်တော့မသိပါဘူး၊ လက်ရှိလုပ်ခလစာလောက်ပဲ စိတ်ဝင်စားတယ်"ဟု ရနောင်းမြို့ရှိ စက်ရုံလုပ်သား ကိုနောင်နောင်က ပြောသည်။

ယခုနောက်ပိုင်းတွင် ထိုင်းနိုင်ငံသည် အလုပ်သမားများ နေထိုင်အလုပ်လုပ်ခွင့်ကို လိုက်လံကန့်သတ်မှုများဖြင့် စနစ်ကျနမှုရရှိစေရန် ကြိုးပမ်းလာခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားသား ရွှေ့ပြောင်းလုပ်သားများအား အဆင့်ဆင့် စိစစ်ခြင်း၊ စာရွက်စာတမ်း အထောက်အထားများ တောင်းခံခြင်း၊ ဖမ်းဆီးအရေးယူခြင်းများကို ပြုလုပ်လာခြင်းကြောင့် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းအလုပ်သမားများ အများဆုံး လာရောက်သည့် နိုင်ငံများက အစိုးရများကလည်း ထိုင်းအစိုးရနှင့် အကြိမ်ကြိမ်ညှိနှိုင်းကာ မိမိတို့ နိုင်ငံမှ အလုပ်သမားများ လုံခြုံစိတ်ချရမှုနှင့် လုပ်ခလစာ၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် သွားရောက်ညှိနှိုင်းမှုများ ပြုလုပ်နေကြရသည်။

### အရေးကြီးသော စာရွက်စာတမ်းများ

အလုပ်ရှင်သည် မူရင်းစာချုပ်စာတမ်းများအား လက်ဝယ်ကိုင်ဆောင်ထားမှုဖြစ်စဉ်မှာ ထိုင်းနိုင်ငံတွင် ဆက်လက်ဖြစ်ပွားဆဲပင်ဖြစ်ကြောင်း သိရသည်။ ယင်းသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသား အလုပ်သမားများအနေဖြင့် မြန်မာမှတ်ပုံတင်ကတ်၊ မြန်မာအိမ်ထောင်စုစာရင်း၊ မြန်မာနိုင်ငံကူးလက်မှတ်၊ ထိုင်းပန်းရောင်ကတ်၊ အစိမ်းရောင် စီအိုင်စာအုပ်၊ ထိုင်းအလုပ်လုပ်ခွင့် ဝေါ်ခ့်ပါမစ်စာအုပ်နှင့် အီး-ဝေါ့ခ်ပါမစ်(အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ကတ်)များကို ကိုယ်နှင့်မကွာ အမြဲသိမ်းဆည်းထားရန် လိုအပ်ကြောင်း သိရှိရသည်။

"အလုပ်ရှင်ကနေ ဗီဇာနဲ့ အလုပ်လုပ်ခွင့် ပါမစ်အတွက် ကုန်ကျငွေတွေကို ကျေတဲ့အထိ အထောက်အထားတွေ သိမ်းဆည်းထားတတ်ပါတယ်၊ ကြွေးကျေမှ ပြန်ပေးမယ်လို့လည်း ပြောတယ်၊ အမှန်က အဲဒီလိုလုပ်ခြင်းဟာ ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး အဓမ္မစေခိုင်းခြင်းရဲ့ လက္ခဏာတွေဖြစ်ပါတယ်၊ ထိုင်းနိုင်ငံရဲ့ ဥပဒေအရ မည်သည့် နည်းနဲ့မဆို ရာဇဝတ်မှုမြောက်တယ်၊ ဒီလို ကြုံတွေ့လာရင် အစ်ဆာရာအဖွဲ့ကို သို့မဟုတ် အခြားယုံကြည်ရတဲ့အဖွဲ့တစ်ခုခုကို ဆက်သွယ်အကူအညီရယူနိုင်တယ်"ဟု ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား အခမဲ့ကူညီဆောင်ရွက်ပေးနေသည့် အစ်ဆာရာအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

### အလုပ်စာချုပ်များ

အလုပ်စာချုပ်သည် ထိုင်းနိုင်ငံတွင် ယခင်ကထက် ပိုမိုအရေးကြီးလာသည့် အရာတစ်ခုဖြစ်ကြောင်း သိရသည်။ အကြောင်းမှာ ထိုင်းအစိုးရသည် အလုပ်သမားများအား တရားဝင်နေထိုင်လုပ်ကိုင်ကြစေရန်အတွက် ထိုင်းစက်ရုံပိုင်ရှင်များနှင့် အလုပ်သမားများအား ဖိအားပေးလျက်ရှိခြင်းကြောင့် စာချုပ်စာတမ်းဆိုင်ရာ ကိစ္စရပ်များသည် ယခင်ကထက် ပိုမိုလိုအပ်လာကြကြောင်း ထိုင်းနိုင်ငံရောက် မြန်မာများထံမှ သိရှိရသည်။

"အလုပ်စာချုပ်က အရေးကြီးပါတယ်၊ ထိုင်းနိုင်ငံရဲ့ဥပဒေက အလုပ်သမားတွေ အနည်းဆုံး၊ အနိမ့်ဆုံးရရှိမယ့် အခွင့်အရေးနဲ့ အကျိုးခံစားခွင့်တွေကို ဥပဒေနဲ့အညီ ပြဋ္ဌာန်းပေးထားသလို၊ အလုပ်စာချုပ်တွေမှာလည်း အနိမ့်ဆုံးရရှိခွင့်ရှိတဲ့ အခွင့်အရေးနဲ့ အကျိုးခံစားခွင့်ကိုရရှိစေဖို့ ပြဋ္ဌာန်းထားပါတယ်၊ ဥပမာ- ဥပဒေအရအလုပ်သမားတစ်ဦးသည် တစ်နှစ်အတွက် လစာဖြင့် အနည်းဆုံး ခြောက်ရပ် ခံစားခွင့်ရှိရာ အလုပ်စာချုပ်တွင် အလုပ်သမားက မိမိ ကြီးကြပ်ရေးမှူး သို့မဟုတ် အလုပ်ရုံးခန်းတွင် ထိုခံစားခွင့်အတွက် တောင်းဆိုနိုင်ပါတယ်"ဟု အလုပ်သမားအရေးဆောင်ရွက်သူတစ်ဦးက ရှင်းပြသည်။

ရွှေ့ပြောင်းအလုပ်သမား အားလုံးသည် အလုပ်စာချုပ်တွင် ထိုင်းဘာသာအပြင် မိမိတို့ဘာသာစကားဖြင့် ရေးသားထားရမည်။ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် အလုပ်ကုမ္ပဏီ၏ မူဝါဒအား ရှင်းလင်းဖော်ပြပေးရမည့်အပြင် လုပ်ခ၊ အကျိုးခံစားခွင့်နှင့် နုတ်ယူမည့် ငွေကြေးများအား ရှင်းလင်းစွာရေးသားကာ အလုပ်သမားလက်မှတ်၊ အလုပ်ရှင်လက်မှတ် သို့မဟုတ် အလုပ်ရှင်၏ ကိုယ်စားလှယ် လက်မှတ်တို့ကို ယှဉ်တွဲရေးထိုးထားရမည်။ ထို့ပြင် လက်မှတ်များ ပြည့်စုံသည့် မူရင်းစာချုပ်တစ်စုံအား အလုပ်သမားမှ ရရှိကိုင်ဆောင်ထားရမည်ဖြစ်ကြောင်း သိရသည်။

သတိပြုရမည့်အချက်မှာ စာရွက်အလွတ်ပေါ်တွင် သို့မဟုတ် မိမိနားမလည်သည့် စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်းမပြုသင့်ဘဲ လက်မှတ်မရေးထိုးမီ ဘာသာပြန်ခွင့်ပေးရန် တောင်းဆိုခြင်း၊ လိုအပ်ပါက စိတ်ချရသည့် အဖွဲ့အစည်းများအား ခေါ်ဆိုချုပ်ဆိုခြင်းများကိုလည်း လုပ်ဆောင်သင့်ကြောင်း၊ စာဖြင့် ရေးသားထားသည့် စာချုပ်မရှိသော်လည်း အခြားအလုပ်သမားများကဲ့သို့ပင် အလုပ်သမားတိုင်းသည် အခွင့်အရေးကို တောင်းဆိုနိုင်ကြောင်း ၊ ထိုင်းနိုင်ငံ၏ အလုပ်သမားအားကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ အလုပ်ရှင် အလုပ်သမားတို့အကြား နှုတ်ဖြင့် သဘောတူပြီး အလုပ်ရှင်မှ လုပ်ခပေးရန်နှင့် အလုပ်သမားမှ ထိုလုပ်ခဖြင့် အလုပ်လုပ်ကိုင်ရန် သဘောတူညီထားသည့် အလုပ်သမားကိုလည်း ကာကွယ်စောင့်ရှောက်မှုပေးထားကြောင်း အစ်ဆာရာအဖွဲ့မှ သိရှိရသည်။

### အလုပ်ချိန်၊ အိုတီနဲ့ လုပ်ခဖြတ်တောက်ခြင်း

ထိုင်းနိုင်ငံ၏ ပုံမှန်အလုပ်လုပ်ရက်သည် တစ်ပတ်လျှင် ခြောက်ရက်ဖြစ်ပြီး တစ်ရက် ၈ နာရီနှင့် တစ်ပတ်အတွက် ၄၈ နာရီဖြစ်သည်။ တစ်ရက်အလုပ်လုပ်ချိန်အတွင်း တစ်နာရီခန့်သည် အနည်းဆုံး နားချိန်ဖြစ်ရမည်။ တစ်ပတ်လျှင် အချိန်ပို အိုတီ ၃၆ နာရီခန့် လုပ်ကိုင်နိုင်ပြီး ယင်းမှာလည်း အလုပ်သမား၏ သဘောဆန္ဒအရဖြစ်လေသည်။ အချိန်ပိုမဆင်းလိုသူအား အချိန်ပိုများစွာ ဆင်းခိုင်းခြင်းသည် ဥပဒေချိုးဖောက်ရာရောက်သည်ဟု ဥပဒေတွင် ဖော်ပြထားသည်။ တစ်ရက်အတွက် ၈ နာရီ အလုပ်လုပ်ပြီးသည့်အခါ အချိန်ပိုအလုပ်မတိုင်မီ မိနစ် ၂၀ ခန့် အနားယူခွင့်ပြုထားပြီး အချိန်ပို ၂ နာရီ လုပ်ကိုင်ပြီးသည့်အခါတိုင်း နောက်ထပ် မိနစ် ၂၀ ခန့် အနားယူနိုင်ကြောင်း ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

အလုပ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဖြတ်တောက်ငွေများရှိပါက ဖြတ်တောက်ငွေတစ်ခုချင်းစီသည် ပုံမှန်လစာ၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်ဖြတ်တောက်ခြင်း မပြုရမည့်အပြင် ဖြတ်တောက်ငွေအားလုံးသည် ပုံမှန်လစာ ၂၀ ရာခိုင်နှုန်းထက် ကျော်လွန်၍မရဟု အလုပ်သမားဥပဒေက ဆိုထားသည်။ လခကို ငွေသားဖြင့် ပေးသည် ဖြစ်စေ၊ ဘဏ်မှလွှဲသည်ဖြစ်စေ လုပ်ခထုတ်ယူသည့်အခါတိုင်း လုပ်ခစာရွက်(ဘိုင်စလစ်)ကို ရရှိရမည်။ ဖြတ်တောက်သည့် ငွေကြေးများအား ဘိုင်စလစ်တွင် ရှင်းလင်းစွာ ဖော်ပြထားပြီး အိုတီနာရီစုစုပေါင်းနှင့် နှုန်းထားကိုလည်း ဘိုင်စလစ်တွင် သေချာစွာဖော်ပြထားရမည်။ လစာစာရွက်ကို မြန်မာ-ထိုင်းနှစ်ဘာသာဖြင့် ဖော်ပြပေးရန် လိုအပ်ပြီး လိုအပ်ချက်များရှိပါက အလုပ်ရှင် သို့မဟုတ် ကြီးကြပ်သူထံ ပြောကြားကာ မဖြစ်မနေ တောင်းခံသင့်ကြောင်း သိရှိရသည်။

တရားဝင်ဖြတ်တောက်ခြင်းများတွင် အခွန်ဆောင်ခြင်း၊ ပကန်စန်ခွန်(လူမှုဖူလုံရေးအာမခံကြေး)၊ အလုပ်သမားသမဂ္ဂကြေး၊ ငွေစုငွေချေးအကြွေးများနှင့် အလုပ်သမားကြောင့် အလုပ်ရုံမှ ပျက်စီးသွားသောအရာများပါဝင်ပြီး တရားမဝင် ဖြတ်တောက်ငွေများတွင် ရဲကြေး၊ ပွဲစားခ၊ အလုပ်သမားများ သဘောမတူသည့် ဒဏ်ကြေးငွေများ၊ မည်သည့် ဖြတ်ငွေမဆို အလုပ်သမားများ သဘောမတူပါက ဖြတ်ခွင့်မရှိသည်ကိုလည်း သတိပြုသင့်ကြောင်း ဥပဒေကျွမ်းကျင်သူများက ရှင်းပြသည်။

### ပိတ်ရက်နှင့် ခွင့်ရက်

ထိုင်းနိုင်ငံသည် တစ်နှစ်လျှင် အလုပ်သမားများအတွက် ရုံးပိတ်ရက် ၁၃ ရက်ခန့်နှင့် တစ်နှစ်အတွက် လုပ်သက်ခွင့်(ဖတ်ခလို)မှာ ခြောက်ရက်၊ လစာဖြင့် နာမကျန်းခွင့်မှာ ရက် ၃၀ ၊ ထိုခွင့်သည် သက်ဆိုင်ရာ ဆေးစာဖြင့် အလုပ်ရှင်အား ပြသနိုင်သည့် ခွင့်ဖြစ်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မီးဖွားခွင့် ရက် ၉၀ ရရှိပြီး ခွင့်ရက် ၄၅ ရက်အတွက် အခြေခံခံစားခွင့် လုပ်အားခရရှိမည်ဖြစ်သည်။ အခြေခံခံစားခွင့်ပေးငွေကို ၅၀ ရာခိုင်နှုန်းအား အလုပ်ရှင်မှပေးပြီး ၅၀ ရာခိုင်နှုန်းမှာ လူမှုဖူလုံရေးမှ ပေးအပ်ခြင်းဖြစ်သည်။

ပန်းရောင်ကတ် သို့မဟုတ် လူမှုဖူလုံရေးကတ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့ရရှိနိုင်သည့် ဆေးရုံများအမည်ကို ထိုင်းဘာသာဖြင့် ဖော်ပြထားသည်။ သတ်မှတ်ထားသော ဆေးရုံများတွင် ဆေးကုသနိုင်ပြီး လူမှုဖူလုံရေး အာမခံရန်ပုံငွေ(ပကန်စန်ခုမ်) သည် အသက်အာမခံပုံစံမျိုးဖြစ်ပြီး ဆေးကုသခွင့်အပြင် မတော်တဆမှုများနှင့် ပေးလျော်ရန် ကိစ္စရပ်များတွင်လည်း အကျိုးရှိခြင်းကြောင့် အာမခံထားရှိရန် လိုအပ်ပါသည်။

"ထိုင်းနိုင်ငံမှာ လူမှုဖူလုံရေး ထည့်ထားတာဟုတ် မဟုတ်ကို လူမှုဖူလုံရေးဌာန ဖုန်းနံပါတ် ၁၅၀၆ ကို ဆက်ပြီး မေးမြန်းနိုင်ပါတယ်၊ မြန်မာစကားပြော အော်ပရေတာရှိပြီး မွေးနေ့၊ အမည်၊ လူမှုဖူလုံရေး အသင်းဝင်ကတ်အမှတ်တွေ ပြောပြီး စုံစမ်းနိုင်ပါတယ်"ဟု ထိုင်းနိုင်ငံရောက် မြန်မာ ကိုအေးမိုးက ပြောပြသည်။

### အလုပ်မှထွက်ခြင်း

ပန်းရောင်ကတ်၊ အမ်အိုယူနှင့်အခြား မည်သည့် အလုပ်သမားမဆို ထိုင်းနိုင်ငံတွင် အလုပ်မှ ထွက်လိုသည့်အခါ မိမိထွက်လိုကြောင်း အလုပ်ရှင်အား ကြိုတင်အသိပေးရန် လိုအပ်ပါသည်။ အလုပ်ရှင်က အလုပ်မှ ထွက်ခွင့်ပြုစာနှင့် ပယ်ဖျက်စာထုတ်ပေးမှသာ တရားဝင်မည်ဖြစ်သည်။ အလုပ်သမားသည် ထိုင်းအလုပ်သမားဦးစီးဌာနမှ အလုပ်လုပ်ခွင့်ပါမစ် ဖျက်စာရရှိပြီး ခုနစ်ရက်အတွင်း အလုပ်သစ်တစ်ခုကို ရရှိရမည်ဖြစ်သည်။ သို့မဟုတ်ပါက နိုင်ငံမှ ထွက်ခွာရမည်ဖြစ်သည်။ အကယ်၍ ပယ်ဖျက်စာမှာ ရုံးတွင်လုပ်ဆောင်ဆဲဖြစ်ပြီး ခုနစ်ရက်အတွင်း အလုပ်သစ်ရရှိပါက အလုပ်ရှင်သစ်က အလုပ်သမားရုံးသို့ သွားရောက်၍ အထောက်အထားများ တင်ပြရန်လိုအပ်ပြီး ထိုင်းနိုင်ငံမှ မထွက်ခွာမီ အလုပ်လုပ်ခွင့်ပါမစ်ကို မပယ်ဖျက်မိဘဲ ထွက်ခွာခဲ့ပါက ထိုင်းနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် လွယ်ကူတော့မည်မဟုတ်သည်ကို သတိပြုရန် လိုအပ်သည်။

ထိုင်းနိုင်ငံတွင် ဗီဇာသက်တမ်းကျော်လွန်နေထိုင်ပါက တစ်ရက်အတွက် ဘတ် ၅၀၀ ဒဏ်ကြေးသတ်မှတ်ထားပြီး ရက် ၉၀ ထက် ပိုမိုနေထိုင်ပါက ဝင်ရောက်ခွင့်တစ်နှစ် ပိတ်ခံရမည်ဖြစ်သည်ကိုလည်း သတိပြုကြရင်း ယခုလစတင်မည့် ထိုင်းနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာအသစ်များကို ပြည့်မီစွာရရှိခြင်းဖြင့် တရားဝင်နေထိုင်နိုင်ကြစေရန် ရည်ရွယ်ရေးသားလိုက်ရပါသည်။ ။

ခ ရီး သွား ဆောင်း ပါး

# ပုဂံအငွေ့အသက်တွေ လွှမ်းခြုံနေတဲ့ မိုးနဲမြို့

**သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ - ခင်ဇွန်ဇာလင်း**



လွိုင်လင်မြို့မှာရောက်နေတဲ့ကျွန်တော်ဟာ အလုပ်တာဝန်တွေ ပြီးစီးသွားတာမို့ ရန်ကုန်ပြန်ဖို့ ပြင်ဆင်ရပါတယ်။ မပြန်ခင် တစ်ရက်အချိန်ရသေးတာနဲ့ အနီးဝန်းကျင်ကို လေ့လာလိုစိတ်လည်းရှိနေတာကြောင့် လွိုင်လင်မြို့သား ကျွန်တော့်သူငယ်ချင်း ကိုစိုးမြိုင်ကိုမေးကြည့်တဲ့အခါ သိပ်လည်းမဝေးတဲ့မိုးနဲမြို့ကို သူ့ကားနဲ့လိုက်ပို့ပေးမယ်လို့ဆိုတာမို့ အဆင်ပြေသွားပါတယ်။ လွိုင်လင်မြို့က ကျွန်တော်တို့ကားနဲ့ထွက်တော့ နံနက် ၈ နာရီခန့်ရှိနေပေမယ့် တောင်ကြောတွေပေါ်မှာ မြူနှင်းတွေဝေနေဆဲပါပဲ။

ကားအသွားအလာရှင်းတာမို့ ခရီးတွင်အောင် ကိုစိုးမြိုင်ကကားကို မြန်နှုန်းနည်းနည်းတင်ပြီး မောင်းနေပါတယ်။ ရှမ်းတောင်တန်းတွေကို ဖြတ်သန်းတိုက်ခတ်လာတဲ့လေဟာ အေးစက်နေတာမို့ ကားမှန်တံခါးကိုဖွင့်ပြီး ပတ်ဝန်းကျင်ကိုလည်းကြည့်ရှုကာ သန့်စင်တဲ့လေကိုရှူရှိုက်နေမိပါတယ်။ ဘယ်နေရာကြည့်ကြည့် စိမ်းစိုနေတဲ့တောင်တန်းတွေဝိုင်းရံနေတာမို့ တောင်လည်းစိမ်းစိမ်း၊ တောလည်းစိမ်းစိမ်းမြင်ကွင်းက စိတ်ကိုအေးချမ်းမှုဖြစ်စေတာတော့ အမှန်ပါပဲ။ တောင်ယာမီးရှို့မှုတွေ၊ သစ်တောသစ်ပင် ခုတ်လှဲမှုတွေ တဖြည်းဖြည်းလျော့နည်းကျဆင်း ပပျောက်လာဖို့ကတော့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြမှရမယ်လို့ အတွေးဝင်နေပြန်ပါတယ်။

ရှမ်းပြည်နယ် တောင်ပိုင်းမှာ ကားလမ်းတွေကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ထားတာမို့ လမ်းပန်းဆက်သွယ်ရေးက ကောင်းမွန်နေပြီဖြစ်ပါတယ်။ မိုးနဲမြို့ဟာ လွိုင်လင်း-မိုင်းပန်သွားလမ်းရဲ့ ၄၆ မိုင်မှာရှိတာမို့ ခရီးကမဝေးလှပါဘူး၊ ကျွန်တော်က လွိုင်လင်မြို့ကို အရင်ကနှစ်ကြိမ် ရောက်ခဲ့ဖူးပေမယ့် မိုးနဲမြို့ကိုတော့ တစ်ကြိမ်မှ မရောက်ဖူးသေးတာမို့ ကျွန်တော့်သူငယ်ချင်း ကိုစိုးမြိုင်က လိုက်ပို့ပေးခြင်းလည်း ဖြစ်ပါတယ်။

### စိုက်ပျိုးရေး

မိုးနဲမြို့က ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းမှာပါဝင်ပြီး မိုင်းပန်နဲ့ မောက်မယ်တို့ကလည်း လွိုင်လင်ခရိုင်ထဲမှာ ပါဝင်နေပါတယ်။ လွိုင်လင်နဲ့ မိုးနဲမြို့ဟာ ၄၆ မိုင်သာဝေးပေမယ့် တောင်ဆင်းတောင်တက်လမ်းတွေကြောင့် အချိန်အတန်ကြာအောင် ကားကိုမောင်းနှင်ရပါတယ်။ ကိုစိုးမြိုင်ကတော့ သည်လမ်းခရီးကို အမြဲသွားနေကျဖြစ်သောကြောင့် ကျွမ်းကျင်မှုရှိနေတာမို့ စကားပြောမပျက် ကားကိုမောင်းနှင်နေပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာ တိုင်းရင်းသားတွေရဲ့ကျေးရွာအချို့ကိုတွေ့ရပြီး အဓိကတော့ စိုက်ပျိုးရေးလုပ်ကိုင်တာကို သတိပြုမိပါတယ်။

ကျွန်တော်တို့မော်တော်ယာဉ်က မိုးနဲမြို့ကိုရောက်ရှိလာပါတယ်။ လှိုက်လှဲစွာကြိုဆိုပါ၏ မိုးနဲမြို့ ဆိုတဲ့ အနီရောင်အောက်ခံမြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်ကို ကျော်ဖြတ်လာတဲ့အချိန်မှာတော့ နံနက် ၁၀နာရီထိုးခါနီးဖြစ်ပါတယ်။ မိုးနဲမြို့ဟာ အေးချမ်းတိတ်ဆိတ်တဲ့မြို့ဖြစ်ပြီး အခြားမြို့တွေလို လှုပ်လှုပ်ရှားရှား စည်စည်ကားကား မဟုတ်ပေမယ့် တိုးတက်မှု၊ သန့်ရှင်းမှုတွေတော့ မြင်တွေ့ရပါတယ်။ လွိုင်လင်၊ မိုင်းပန်၊ မန္တလေး၊ ကျိုင်းတောင်း၊ လင်းခေး စတဲ့မြို့တွေနဲ့ ကားလမ်းဆက်သွယ်သွားလာနိုင်တာမို့ မိုးနဲမြို့ဟာ အရင်ကထက်တိုးတက်ဖွံ့ဖြိုးလာတယ်လို့ ကိုစိုးမြိုင်က ပြောပြပါတယ်။

### အဓိပ္ပာယ်ရ

ကျွန်တော်တို့ မိုးနဲမြို့တွင်းကို ကားနဲ့ဖြည်းဖြည်းချင်းမောင်းဝင်လာကာ လေ့လာမိပါတယ်။ မိုးနဲမြို့ဟာ ရှမ်းဘာသာစကား မိုင်းခင်းက ဆင်းသက်လာတာဖြစ်ပြီး အဘွားမြို့လို့ အဓိပ္ပာယ်ရပါတယ်။ တချို့မှတ်တမ်းတွေမှာတော့ မိုးနဲဆိုတာ မိုင်းနိုင်းဆိုတဲ့ ရှမ်းဘာသာစကားမှ ဆင်းသက်လာတာဖြစ်ပြီး နှင်းမြို့တော်လို့အဓိပ္ပာယ်ရတယ်လို့လည်း ဆိုကြပါတယ်။ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၁၇၉ မှာရှိတာမို့ ကျွန်တော်တို့ မိုးနဲမြို့ကိုရောက်ချိန်မှာတောင် ရာသီဥတုက အေးမြမြဖြစ်နေပါတယ်။

ထူးခြားတာကတော့မိုးနဲမြို့ဟာ စေတီပုထိုးတွေပေါများနေခြင်း ဖြစ်ပါတယ်။ ကားလမ်းဘေးဝဲယာတစ်လျှောက်မှာ ဘုရားစေတီတွေက မပြတ်တမ်းတွေ့ရပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွေကလည်း ၁၆ ကျောင်းကျော် ရှိနေပါတယ်။ မိုးနဲမြို့မြင်ကွင်းက စေတီပုထိုးတွေပေါများနေပြီး ပုဂံအတိုင်းဖြစ်နေတာမို့ ကျွန်တော် အံ့သြစိတ်ဖြစ်မိတာတော့ အမှန်ပါပဲ။ ရှမ်းပြည်နယ် နေရာအနှံ့အပြားမှာရှိတဲ့ မြို့တွေများများကို ကျွန်တော်ရောက်ခဲ့ဖူးပေမယ့် ရှေးဟောင်းစေတီပုထိုးတွေပေါများစွာတည်ရှိနေတာမျိုး မတွေ့ခဲ့ရပါဘူး၊ အခုမိုးနဲမြို့ကတော့ တစ်မူထူးခြားတဲ့ မြို့ပါပဲ။

မိုးနဲမြို့ဟာ ပုဂံခေတ်က ပုဂံနေပြည်တော်နဲ့ အဆက်အစပ်ရှိခဲ့ပြီး ကူးလူးဆက်ဆံမှုတွေရှိခဲ့တယ်လို့ ဆိုပါတယ်။ မိုးနဲမြို့ကို သီပေါစော်ဘွားရဲ့သားဖြစ်တဲ့ စပ်ဟိုဖ တည်ခဲ့တာဖြစ်ပြီး ပုဂံနဲ့ဆက်ဆံမှုများခဲ့တာကြောင့် စေတီပုထိုးတွေ ပေါများကြွယ်ဝခဲ့တာ ဖြစ်ပါတယ်။ မိုးနဲမြို့အဝင်လမ်း တစ်ဖက်တစ်ချက်မှာ ညောင်ပင်ကြီးနှစ်ပင်က ကိုင်းချင်းယှက်ပြီး ပေါက်ရောက်နေတာကြောင့် ရှေးယခင်က သစ်တံခါးမြို့လို့လည်း ခေါ်ဆိုခဲ့ကြတယ်လို့ သိရပါတယ်။

### အမည်ပေးခဲ့

ကျွန်တော်တို့ မိုးနဲမြို့လယ်မှာရှိတဲ့ စစ်ကဲကြီးဦးရွှေအောင်ဘုရားဆီကို သွားရောက်ခဲ့ကြပါတယ်။ မိုးနဲမြို့တွင်းလမ်းတွေက ကောင်းမွန်ပြီး ယာဉ်အသွားအလာလည်း ရှင်းနေပါတယ်။ ကျွန်တော်တို့ စစ်ကဲကြီးဦးရွှေအောင်ဘုရားကို ရောက်ရှိလာပြီး ဖူးမြော်တဲ့အခါ ပုဂံရွှေစည်းခုံစေတီရဲ့ ပုံသဏ္ဍာန်အတိုင်း တည်ထားကြောင်း သတိ ပြုမိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့ကို ရောက်နေပေမယ့် ပုဂံက ရွှေစည်းခုံစေတီကို ရောက်ရှိဖူးမြော်နေရသလို စိတ်ထဲခံစားနေမိတာတော့ အမှန်ပါပဲ။ ဒီစေတီကို ကုန်းဘောင်ခေတ်က မိုးနဲမြို့ကို စစ်ကဲများခန့်ထားအုပ်ချုပ်စေခဲ့ရာမှာ သာယာဝတီမင်းလက်ထက်မှာ အုပ်ချုပ်ခဲ့တဲ့ စစ်ကဲကြီး ဦးရွှေအောင် တည်ခဲ့တာမို့ စစ်ကဲကြီး ဦးရွှေအောင်ဘုရားလို့ အမည်ပေးခဲ့တာဖြစ်ပါတယ်။ စေတီတော်ရဲ့ရင်ပြင်တော်မှာ ကျွန်တော်တို့ ရောက်ရှိနေချိန်မှာ ဘုရားဖူး တစ်ဦး၊ နှစ်ဦးသာ တွေ့ရပါတယ်။

စစ်ကဲကြီးဦးရွှေအောင်စေတီက ကျွန်တော်တို့ ပြန်ထွက်လာခဲ့ပြီး မိုးနဲဟော်တည်ရှိရာကို သွားရောက်ခဲ့ကြပါတယ်။ မိုးနဲစော်ဘွား နေထိုင်ရာအိမ်ဖြစ်ပေမယ့် ဘယ်အချိန်က စတင်တည်ဆောက်ခဲ့တယ်ဆိုတာ သေသေချာချာတော့ မသိနိုင်တော့ပါဘူး။ မူလမိုးနဲဟော်ကတော့ ၁၉၄၅ ခုနှစ်မှာ ဂျပန်တို့ ယိုးဒယားကို ဆုတ်ခွာခဲ့စဉ်က မီးရှို့ဖျက်ဆီးသွားခဲ့တာကြောင့် ၁၉၅၀ ပြည့်နှစ်မှာ စော်ဘွားစောကျော်ဟိုးက ပြန်လည်တည်ဆောက်ထားခဲ့တာဖြစ်ပါတယ်။ အဆင့်ဆင့်ပြောင်းလဲမှုတွေရှိခဲ့တဲ့ မိုးနဲဟော်ဟာ သမိုင်းပုံရိပ်အဖြစ် မပျောက်မပျက်ထိန်းသိမ်းတည်ရှိနိုင်ရင်တော့ လေ့လာစရာနေရာအဖြစ် သွားရောက်နိုင်တဲ့နေရာတစ်ခုပါပဲ။

**“မိုးနဲမြို့ဟာ ရှမ်းဘာသာစကား မိုင်းခင်းက ဆင်းသက်လာတာဖြစ်ပြီး အဘွားမြို့လို့ အဓိပ္ပာယ်ရပါတယ်။ တချို့မှတ်တမ်းတွေမှာတော့ မိုးနဲဆိုတာ မိုင်းနိုင်းဆိုတဲ့ ရှမ်းဘာသာစကားမှ ဆင်းသက်လာတာဖြစ်ပြီး နှင်းမြို့တော်လို့ အဓိပ္ပာယ်ရတယ်လို့လည်း ဆိုကြပါတယ်။ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၁၇၉ မှာရှိတာမို့ ကျွန်တော်တို့ မိုးနဲမြို့ကို ရောက်ချိန်မှာတောင် ရာသီဥတုက အေးမြမြဖြစ်နေပါတယ်”**

ကျွန်တော်တို့ မိုးနဲမြို့အနောက်တောင်ဘက်မှာရှိတဲ့ နောင်မိုရေကန်ကို သွားရောက်ခဲ့ပါတယ်။ နောက်မိုရေကန်က မိုးနဲမြို့သူမြို့သားတွေအတွက် အသုံးပြုတဲ့ရေကန်ဖြစ်ပြီး ကျယ်ဝန်းပါတယ်။ နောက်မိုရေကန်ရဲ့ သန့်ရှင်းသပ်ရပ်မှု၊ ပြုပြင်ထိန်းသိမ်းမှုတွေ ပိုမိုကောင်းမွန်အောင် အမြဲတမ်းပြုလုပ်ပေးနိုင်ရင်တော့ ကောင်းမှာပဲလို့ ထင်မြင်နေမိပါတယ်။

### ဝိုင်းရံနေ

ကျွန်တော်တို့ နောင်မိုရေကန်မှ ပြန်ထွက်လာခဲ့ကြပါတယ်။ မိုးနဲမြို့တည်နေပုံဟာ ဆင်ခြင်လျှောပုံသဏ္ဍာန်ဖြစ်ပြီး မြို့အနောက်ဘက်အပိုင်း မြေမျက်နှာပြင်က မြင့်ပြီး အရှေ့ဘက်ကို နိမ့်ဆင်းသွားပါတယ်။ မိုးနဲမြို့ရဲ့အရှေ့ဘက်မှာ နောင်ကျော့အင်းနဲ့ နောင်ကျော့ချောင်းရှိပြီး အနောက်ဘက်နှင့်မြောက်ဘက်မှာတော့ မြို့ဟောင်းပျက်ရှိပါတယ်လို့ ကိုစိုးမြိုင်ကပြောပြပါတယ်။ မိုးနဲမြို့ရဲ့အနောက်ဘက်မှာ တံခွန်တောင်၊ မြတောင်နဲ့ ငွေတောင်တို့ရှိပြီး တောင်ကုန်းတောင်စွယ်တွေ ဝိုင်းရံနေပါတယ်။ အဲဒီတောင်ကုန်းတောင်စွယ်ပေါ်မှာ စေတီတွေတည်ထားတာမို့ ဗုဒ္ဓဘာသာထွန်းကားကိုးကွယ်မှုအားကောင်းရာ နေရာဒေသအဖြစ် သမိုင်းနဲ့ယှဉ်ပြီး တည်ရှိလာခဲ့တာ အထင်အရှားပါပဲ။

ကျွန်တော်တို့ တောင်ပေါ်မှာ တည်ထားတဲ့ ရှေးဟောင်းစေတီတစ်ဆူကို ဖူးမြော်ဖို့ တက်ရောက်ခဲ့ကြပါတယ်။ ရှေးဟောင်းစေတီတွေ အများအပြားတွေ့ခဲ့ရလို့ မိုးနဲမြို့ဟာ တချို့နေရာတွေမှာ ပုဂံကိုရောက်နေသလို တွေ့မြင်ခံစားရပါတယ်။ စောင်းတန်းလှေကားထစ်တွေအတိုင်း တက်လာတဲ့အခါ ဘုရားဖူးဆိုလို့ တစ်ဦးတစ်ယောက်မျှ မတွေ့ခဲ့ရပါဘူး။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်အေးချမ်းလှပါတယ်။ လှေကားထစ်တွေကို အတန်ကြာတက်ရောက်ပြီးတဲ့အခါ ရင်ပြင်တော်ပေါ်ကို ရောက်ရှိခဲ့တဲ့အချိန်မှာတော့ အပေါ်စီးကမြင်နေတဲ့ မိုးနဲမြို့ရဲ့မြင်ကွင်းဟာ စေတီ၊ ပုထိုးတွေ၊ သစ်ပင်အုပ်တွေ၊ တောင်ကုန်း တောင်စွယ်တွေနဲ့ ကြည်နူးလှပစွာမြင်တွေ့လိုက်ရလို့ အမောတွေပြေပျောက်သွားပါတော့တယ်။

မိုးနဲမြို့တစ်ခွင်နဲ့ ပတ်ဝန်းကျင်တောင်ကုန်းတောင်စွယ်တွေပေါ်မှာ စေတီတွေတည်ထားမှုကို မြင်တွေ့ရတာဟာ ဒုတိယပုဂံကို ရောက်ရှိနေသလိုပါပဲ။ ဒီလိုနေရာ၊ ဒီလိုမြင်ကွင်းကို ကမ္ဘာလှည့်ခရီးသွားတွေ ရောက်ရှိလာနိုင်အောင် ကြိုးစားမယ်ဆိုတော့ အကြိုက်တွေ့စေမယ့်နေရာ တစ်ခု၊ ခရီးစဉ်တစ်ခုဖြစ်လာမှာ သေချာပါတယ်။ ရာသီဥတုအေးမြမှုရစ်ထွေးလွှမ်းခြုံထားတဲ့ မိုးနဲမြို့နဲ့တည်ရှိနေတဲ့ ရှေးဟောင်းစေတီပုထိုးတွေဟာ လေ့လာလို့မကုန်နိုင်အောင် များပြားနေပါတယ်။ လှပလွန်းတဲ့ မိုးနဲမြို့ရဲ့အပေါ်စီးမြင်ကွင်းကို ငေးမောရင်း ကျွန်တော်အတန်ကြာအောင် နစ်မြောနေမိပါတယ်။

“ကဲ၊ ပြန်ဆင်းရအောင်”လို့ ကိုစိုးမြိုင်သတိပေးတော့မှ အတွေးပြတ်သွားပြီး ဘုရားပေါ်မှ ပြန်ဆင်းလာခဲ့ပါတယ်။ တိတ်ဆိတ်ပြီး ငြိမ်းချမ်းသာယာကာ တရားဘာဝနာပွားများဖို့လည်းကောင်းမွန်တဲ့အပြင် လေ့လာစရာပေါများလှတဲ့ မိုးနဲမြို့ဟာ ခရီးသွားတွေအတွက် ခရီးစဉ်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သွားလာဖို့ ကောင်းတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

ကျွန်တော်တို့ လေ့လာစရာများစွာ ကျန်နေသေးပေမယ့် အချိန်မရတော့တာမို့ မိုးနဲမြို့က ပြန်လာခဲ့ကြပါတယ်။ ရက်တစ်ပတ်ခန့်နေပြီး အေးအေးဆေးဆေး လေ့လာနိုင်ရင်တော့ မိုးနဲမြို့ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေအထိ သွားရောက်လေ့လာဖြစ်တဲ့ စိတ်တွေဖြစ်ပေါ်နေမိပါတယ်။ အခုတော့ ပြန်ရပါဦးမယ်။ နောက်တစ်ကြိမ်ကြိုးစားပြီး အရောက်လာဖို့ စိတ်ထဲတွေးရင်း မိုးနဲမြို့ဘက်ဆီလှည့်ကြည့်လိုက်ချိန်မှာတော့ တောင်တန်းတောင်စွယ်တွေကြောင့် မိုးနဲမြို့ကို မမြင်တွေ့ရတော့ပါဘူး။ နေရစ်တော့ မိုးနဲ.....။ ။

# ပူတာအိုမှာ တစ်ထောက်နားလို့ နောင်မွန်းကိုတဲ့ သွားခဲ့တယ်

## မြင့်စိုး(နတလ)

### ပူတာအို ကိုရောက်ခဲ့ပြီ

ပူတာအိုဒေသသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးပါသေးဘဲလျက် ပူတာအို၊ နောင်မွန်းဒေသဝမ်းစာဖူလုံရေးအတွက် မြေယာဖော်ထုတ်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စက်ယန္တရားကြီးများအပါအဝင် လယ်ထွန်စက်များ ဝယ်ယူထောက်ပံ့ပေးခဲ့ကြောင်း ဆောင်းပါးရေးသားခဲ့ဖူးသည့် ကျွန်တော်၊ ဖုန်ကန်ရာဇီရေခဲတောင်အလုနှင့် ရဝမ်၊ လီဆူတိုင်းရင်းသူတို့၏ သဘာဝကို နတလဦးစီးဌာနပြက္ခဒိန်များ၌ ဖော်ကျူးတတ်သောကျွန်တော်၊ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခဌာနမှူး ဆရာမကြီး ဒေါ်တင်ရီ၏ တပည့်မများရေးသားသည့် မြန်မာပြည်၏ ပစ်ဂမီဟု တင်စားခေါ်ဝေါ်ခဲ့ကြသော ထရုံမျိုးနွယ်စု တိုင်းရင်းသားသွေးချင်းများနှင့် ပူတာအိုဒေသမှ ရှားပါးသစ်ခွမျိုးစေ့များ၊ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဖုများအကြောင်းကို နတလတိုင်းရင်းသား မဂ္ဂဇင်းတွင် (တာဝန်ခံ အယ်ဒီတာ ဆရာဦးလင်းဇော်ခိုင်နှင့်အတူ) ဖော်ပြပေးခဲ့ဖူးသော ကျွန်တော်၊ မတ် ၂၃ ရက်မှာတော့ ပူတာအိုဒေသသို့ ဒုတ်ဒုတ်ထိခြေချမိပါပြီ။

နယ်စပ်ရေးရာဝန်ကြီးဌာနက တပ်မတော်၏အကူအညီများ ရယူဖောက်လုပ်နေသော မဂွေဇ-ခေါင်လန်ဖူး(၆၅/၄)မိုင် ကားလမ်းဖောက်လုပ်နေမှုကို သွားရောက်ကွင်းဆင်းဆောင်ရွက်ရေးတာဝန်နှင့် ရောက်လာခဲ့ခြင်းဖြစ်၏။ လေဆိပ်သို့မဆင်းမီ လေယာဉ်တစ်ပတ်ဝဲနေခိုက် အောက်တွင်မြင်နေရသော လွင်ပြင်ကြီးတစ်ခုမှာ အလျား ၁၄ မိုင်၊ အနံ ၁၂ မိုင်ခန့်ရှိ နာမည်ကျော် ပူတာအိုလွင်ပြင်ကြီးဖြစ်ကြောင်း နောက်တစ်နေ့မှ သိခွင့်ရလိုက်၏။ မြစ်ကြီးနားတစ်ဝိုက်ကို လေယာဉ်ဝဲစဉ်က တစ်သျှူးငှက်ပျောစိုက်ခင်းကြီးများ မြင်ခဲ့ဖူးသကဲ့သို့ ကိုးကန့် လောက်ကိုင်ဒေသမှာလည်း ကြီးမားလှသည့် ကြံစိုက်ခင်းကြီးများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရသည်မှာ မြင်ကွင်းတစ်ဆုံး။ ပူတာအိုလွင်ပြင်မှာတော့ ထင်တိုင်းမပေါက်၊ စိုက်တိုင်း မအောင်မြင်ဘဲ လက်မြှောက်အရှုံးပေးထားရသလိုမျိုးကြီး ဖြစ်နေခြင်းကိုမူ တယ်ပြီးဘဝင်မကျလှ။ စာရေးဆရာကြီးတစ်ဦး၏ စကားလုံးတွေအတိုင်း ခဏငှားပြောရလျှင် အကျွန်ုပ်ကရော ဘာများ တတ်နိုင်ပါဦးတော့မည်နည်း။

### ကောင်းမှုလုံစေတီကို ဦးခိုက်ခဲ့သည်

၁၉၉၉-၂၀၀၀ ပြည့်နှစ်လောက်က ဖြစ်ပါမည်။ ပူတာအိုဒေသက ကောင်းမှုလုံစေတီတော်မြတ်ကို ထုံးသင်္ကန်းတဖွေးဖွေးနှင့် ဓာတ်ပုံထဲမှာ စ၍ဖူးတွေ့ခဲ့ရသည်။ ထိုစဉ်က အတွင်းရေးမှူး(၃) ဒုတိယ ဗိုလ်ချုပ်ကြီးဝင်းမြင့်၏ခရီးစဉ်မှာ ပြန်/ဆက် ဦးစီးဌာနက ကိုသန်းအောင်(သို့မဟုတ်)ကိုကျော်ဆွေမိုးတို့ ရိုက်လာတာပဲဖြစ်ပါလိမ့်မည်။ ယခုတော့ ရွှေသင်္ကန်းတဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ထွန်းလင်းတောက်ပနေသော ကောင်းမှုလုံစေတီတော်။ ပူတာအိုကိုရောက်သည့် ညနေပိုင်းမှာပဲ ရှေးဦးမဆွ သွား၍ ဖူးမြော်ကန်တော့ဖြစ်ခဲ့သည်။ ကွယ်လွန်သူ ဇနီးသည်အတွက်လည်း အမျှအတန်းပေးဝေခဲ့၏။ အထက်မှာ ကောင်းမှုလုံ၊ အလယ်မှာရွှေစည်းခုံ၊ အောက်မှာ ရွှေတိဂုံဆိုသော ဆိုရိုးစကားနှင့်အညီ သုံးဆူသော ဘုရားစေတီများကို ဖူးမြော်ခွင့်ရခဲ့၍ ဝမ်းသာပီတိ ဖြစ်လိုက်ရပါဘိခြင်း။

### သကြ်န်မနူ၊ ခေဘီ၊ ခိုင်ခါးရှိ

ထိုနေ့ညနေစာကို ကျွန်တော်တို့ မိတ်ဆွေကြီး ဦးအားတန်၏အိမ်၌ စားခဲ့ကြသည်။ ဧည့်ခံကျွေးမွေးသော ဟင်းလျာများထဲက ရဝမ်ရိုးရာတိုင်းရင်းသား အစားအစာများဖြစ်သော သကြ်န်မနူဟု ခေါ်သည့် သတိရရွက် အသုပ်ကို နှစ်သက်မိသည်။ နာမည်လေးကိုက ကဗျာဆန်လှသည်။ သတိရရွက် ဟူသတဲ့လေ။ တောထဲမှာ သွားရင်းလာရင်း သတိရရွက်အပင်များရှိပါက ယင်း၏ရနံ့ကို အတော်ဝေးဝေးမှ ရှူရှိုက်သိရှိရသည်ဟုလည်း ဆို၏။

ခေဘီဆိုတာကတော့ မြန်မာလို အာလူးသေးသေးလေးကို ခေါ်ခြင်းဖြစ်သော်ငြားလည်း အာလူးနှင့်တော့မတူ၊ မြေကြီးထဲမှာဥသည့် အစိမ်းရောင် ဥသေးသေးလေးများသာ။ ခိုင်ခါးရှိုကတော့ ခရမ်းသီးကဆော့ထောင်းလို ဟင်းမျိုးဖြစ်သည်။ ထူးဆန်းသော ရိုးရာအစားအစာများကို စားဖူးမြင်ဖူးခဲ့၍ ဦးအားတန်တို့ ဇနီးမောင်နှံအား များစွာ ကျေးဇူးတင်မိပါသည်။ နောက်တစ်နေ့ ပူတာအိုမှ ထွက်ခွာပြီးနောက် မချမ်းဘောမြို့အနီးက နာမည်ကျော် ဂူဘားရိပ်သာကို ဝင်ရောက်ကြည့်ရှုလေ့လာကာ ထိုမှတစ်ဆင့် ကျောက်နဂါးဘုရားရှိရာသို့ အရောက်သွား၍ ဖူးမြော်ခဲ့ကြသေး၏။



ပူတာအိုခရိုင် နောင်မွန်းမြို့

### အမှတ်တရ ဓာတ်ပုံထဲက နောင်မွန်း

ပူတာအိုမှ ထွက်လာပြီးနောက် မိမိတို့ နတလ ယာဉ်၊ ယန္တရားများရှိရာ မဂွေဇ လမ်းစခန်းလေးသို့ မဝင်သေးဘဲ နောင်မွန်းမြို့လေးသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ သမ္မတကြီး ဦးထင်ကျော်(ငြိမ်း) လာရောက်ဖွင့်လှစ်ပေးခဲ့သော ရပ်ဘော့တံတားကို ဖြတ်ကျော်ခဲ့ရ၏။ မဂွေဇနှင့် နောင်မွန်း ခရီးသည် မဝေးလှ။ ရပ်ဘော့မှဖြတ်ပြီး နာရီဝက်သာသာမျှသာ။ မိမိတို့ နတလမြို့နယ်ရုံးလည်း ရှိနေသဖြင့် ဝန်ထမ်းများနှင့် တွေ့ဆုံချင်၍လည်းဖြစ်သည်။ နောင်မွန်းမြို့လေးကို သွားရောက်လိုသည့်ရည်ရွယ်ချက်က ဒါတွေပဲလားဆိုလျှင်တော့ မကသေးပါ။ ကျွန်တော်ကိုယ်တိုင် တစ်ကြိမ်တစ်ခါက်မှ မရောက်ဖူးသေး၍လည်း ဖြစ်သည်။ ကချင်ပြည်နယ်အတွင်းမှာ မြစ်ကြီးနားနှင့် ဗန်းမော်၊ မံစီ၊ မိုးမောက်ဒေသများကလွဲ၍ မရောက်ဖူးသေးသော နေရာများစွာ ရှိနေပါသေးသည်။ ပူတာအိုဒေသလည်း အပါအဝင်ဖြစ်၏။

နောင်မွန်းမြို့လေးထဲသို့ ဝင်ရောက်လာပြီး မကြာခင်မှာဘဲ လမ်း၏ဝဲဘက်၌တည်ရှိနေသော ဘောလုံးကွင်းငယ်တစ်ခု၊ ဘောလုံးကွင်းဘေး၌လည်း အလွန်ရှေးကျသော ပုံသဏ္ဍာန်ဖြင့် တည်ဆောက်ထားသည့် တစ်ချိန်က ရုံးအဆောက်အအုံလေးများဖြစ်ဖွယ်ရာရှိသည့် သစ်သားအိမ်လေး လေး၊ ငါးလုံးခန့်တို့ကို စတင်တွေ့မြင်ရပြီး သကာလ ကားကိုခဏရပ်ခိုင်းပြီး ဘောလုံးကွင်းထဲသို့ ဝင်ရောက်ခဲ့မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆိုင်ကယ်စီး၍ရောက်လာသော မြို့နယ်အုပ်ချုပ်ရေးမှူး ညီငယ် ဦးဇေယျာမင်းကို တွေ့လိုက်ရသဖြင့် ဟိုးယခင် လူကြီးတွေလာရင် ရဟတ်ယာဉ်ဆင်းသည့်နေရာမှာ သည်ကွင်းထဲတွင် ဟုတ် မဟုတ် မေးကြည့်မိသည်။ သေချာသည်။ သည်နေရာပါပဲဟု သိလိုက်ရသည်ခဏ ကျွန်တော့်မိတ်ဆွေကြီး ပြန်/ဆက်ဦးစီးက ဓာတ်ပုံဆရာ ကိုအောင်တင်ရိုက်ခဲ့သည့် ဆုရဓာတ်ပုံတစ်ပုံကို ပြေး၍မြင်ယောင်မိ၏။ ထိုခရီးစဉ်၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် ကျွန်တော်တို့ဆရာ ဒုတိယဗိုလ်မှူးကြီးတင်ခ (တက္ကသိုလ်တင်ခ)လည်း ပါဝင်ခဲ့ကြသည်။ ကျန်သူတွေကိုတော့ ကျွန်တော်မမှတ်မိတော့ပါ။ ရဟတ်ယာဉ် ကွင်းဆင်းနေရာနှင့် သစ်သားအိမ်တန်းလေးများကို နောက်ခံထားပြီး အမှတ်တရဓာတ်ပုံ ကျွန်တော် ရိုက်ခဲ့ပါသေးသည်။

### နောင်မွန်းမြို့က လက်ဖက်ရည်တစ်ခွက်

ကျွန်တော်နှင့် အတူတကွပါလာသော အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးဇော်လင်း၊ ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးတို့အား နောင်မွန်းမြို့နယ်ရုံးမှ တပည့်များက ထူးထူးခြားခြား နောင်မွန်းဒေသထွက် လက်ဖက်ရည်ကို တိုက်၍ ဧည့်ခံခဲ့ကြသည်။ နာမည်ပေးထားသည်ကိုက ထူးဆန်းနေ၏။ ရဝမ်ဘာသာ စကားအရ လန်ချားခရော့ဂ်ဟု ခေါ်တွင်ကြောင်း သိလိုက်ရသည်။ ပါဝင်သော ပစ္စည်းများကလည်း အစုံအလင်ပင်။ လက်ဖက်ခြောက်နှပ်ရေထဲမှာ ဒေသထွက် ကြက်ဥ၊ နို့မှုန့်၊ တရုတ်ဘက်မှလာသော(ထောပတ်ကဲ့သို့အရသာရှိသည့်) သစ်ဆီခဲ၊ မြေပဲဆန်၊ ငရုတ်ကောင်းအနည်းငယ်၊ ဆားအနည်းငယ်တို့ကို ဝါးကျည်တောက် တစ်ခုအတွင်းသို့ ရောထည့်ကာ ဒလက်တစ်ခုဖြင့် အတန်ကြာအောင် လှည့်ပတ်မွှေပေးရသည်။ ကျွန်တော့်စိတ်ထင် ၁၅ မိနစ်ခန့်ကြာအောင် မွှေရသည်ဟု ထင်မိ၏။ တပည့်မ ထုံဖူးထမ်းဇီ၏လက်ရာပင်။ အထူးအဆန်းလည်းဖြစ်၊ တစ်ခါမှလည်း မမြင်ဖူး၊ မကြားဖူးသော၊ သူတို့အပြောအရ ကချင်ပြည်နယ်ထဲမှာတောင် နောင်မွန်းဒေသ တစ်နေရာတည်းမှာပဲ တွေ့နိုင်သော အနီ လန်ချားခရော့ဂ် လက်ဖက်ရည်ကို သောက်ကြည့်လိုက်ရာ လေးလေးပင်ပင်နှင့် တစ်သက်မမေ့စရာ ဖြစ်သွားတော့သည်။

### နောင်မွန်းမြို့အပြန်ခရီးက အတွေးစများ

ယခင်က ကျွန်တော်ကြားဖူးထားသော နောင်မွန်းနှင့် ယခုလက်တွေ့ရောက်ခဲ့ပြီဖြစ်သော နောင်မွန်း ဘာတွေကွာခြားသွားပြီလဲဟု မေးလာခဲ့ပါမူ ပူတာအိုမှ နောင်မွန်းဒေသသို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သွားပြီဟု ပြောရမည်သာ။ ယာဉ်ငယ်လိုင်းတွေ တော်တော်များများ ဆွဲနေပြီဖြစ်၏။ ဆောက်လက်စလေယာဉ်ကွင်းငယ်တစ်ခုကိုတော့ဖြင့် တွေ့မြင်ခဲ့ရသည်။ အကြောင်းမညီညွတ်၍ လုပ်ငန်းရပ်ဆိုင်းသွားတာလား၊ ဘာလားညာလားတော့ ကျွန်တော် မပြောတတ်ပါ။

ဖြစ်နိုင်လျှင် သဘာဝဘေးကြောင့် မကြာခဏစားနပ်ရိက္ခာ ပြတ်လပ်တတ်သော နောင်မွန်း၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးဒေသအတွက် အရေးပေါ် လေယာဉ်ကွင်းငယ်လေးတစ်ခု နောင်မွန်းမြို့မှာပေါ်ပေါက်လာစေချင်တာကတော့ ကျွန်တော်၏ ရင်တွင်းဆန္ဒအမှန်ပင် ဖြစ်ပါကြောင်း။ ။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ဇက်၁၊ မြေကွက် အမှတ် V Class ၈၀ နှင့်၊ ၈၀ အေ၊ မြေကွက်တည်နေရာအမှတ်၃၁၊ ၁၄ လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ (ဒေါ်အင်ရ)အမည်ပေါက် နှစ် ၆၀ဂရန်(သက်ကုန်)မြေအား ဒေါ်အင်ရ (မိခင်)နှင့် ဦးမောင်အေး(ဖခင်)၊ သမီးတစ်ဦးဖြစ်သူ ဒေါ်ခမ္မသီရိ(ခ)ဒေါ်ကျင်နု (အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြသဖြင့် ကျန်သားသမီးများ ဖြစ်ကြသော ဦးသိန်းငွေ ၁၂/လမတ(နိုင်)၀၁၇၅၄၉၊ ဒေါ်ကျင်ကြူခ ၁၂/လမတ(နိုင်)၀၁၄၄၀၁၊ ဦးသန်းငွေ ၁၂/လမတ(နိုင်)၀၁၀၅၆၀နှင့် ဦးမျိုးငွေ ၁၄/ကခန(နိုင်)၀၆၃၄၃၄တို့မှ မိခင် ဒေါ်အင်ရ(ခ) ဒေါ်အင်းယား(ခ) တယူအင်ရ အမည်တစ်ဦးတည်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သားသမီးများဖြစ်ကြောင်း တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာနှင့် သေစာရင်းများ၊ ဂရန်မူရင်းတို့ကိုတင်ပြ၍ အထောက်အထား၊ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေလှူမိတ်ဆွေ**

**ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၆)မီးကြာရိုးတောင်၊ ဦးပိုင်အမှတ်(၁၅၀-ဃ)၊ ဧရိယာ(၀ဒသမ၂၃)ဧကရှိမြေကွက်ကို ဦးရှင်စင်(ခ)ဦးမြင့်ဆွေ ၁၃/ကခန(နိုင်)၀၃၀၁၈၂က မြို့မြေဂရန်သစ်လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည်LL.B တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

**အများသိစေရန်အသိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (ဂ)ရပ်ကွက်၊ ၂၃လမ်း၊ အမှတ် ၁၃၈ဟု ခေါ်တွင်သည့် (၇)ထပ် တိုက်အဆောက်အအုံရှိ အကျယ်အဝန်း(၁၂½ပေ× ပေ၅၀)ရှိ မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်တင်နွေဦး ၁၂/လသန(နိုင်)၀၀၉၈၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ အခန်း အမှတ် (၁၀)၊ ဒုတိယထပ်၊**
**၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

**ပြည်ထဲရေးဝန်ကြီးဌာန(မီးသတ်ဦးစီးဌာန)**
**မွန်ပြည်နယ်မီးသတ်ဦးစီးဌာန၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | မီးငြိမ်းသတ်ယာဉ် | (၅) စီး |
| (ခ) | ရေသယ်ယာဉ် ၁၆၀၀ဆံ့ | (၅) စီး |
| (ဂ) | အမြှုပ်မီးသတ်ယာဉ် | (၁) စီး |

၂။ တင်ဒါများကို မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့တွင် အောက်ပါ အတိုင်းတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က)**တင်ဒါလျှောက်လွှာရယူရန်** - ၉-၄-၂၀၁၈ ရက်(တနင်္လာနေ့)မှ ၁-၅-၂၀၁၈ ရက်(တနင်္ဂနွေနေ့)ထိ ရောင်းချသွား မည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၆-၅-၂၀၁၈ ရက်တွင် နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၁၄၉၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွန်ပြည်နယ်မီးသတ်ဦးစီးဌာန**
**တင်ဒါခေါ်ယူရေးကော်မတီ**
**မော်လမြိုင်မြို့**

unicef

**ရှိုတ်ပိတ်တင်ဒါဖိတ်ကြားလွှာ**
**UN agencies များအတွက် ခရီးသွား ကား/မော်တော်ယာဉ် အငှားဝန်ဆောင်မှု**
**Reference No.: LRFP-2018-9138821**

UNICEFသည် UN agencies များအား ခရီးသွားကား/မော်တော်ယာဉ် အငှားဝန်ဆောင်မှု ထောက်ပံ့ပေးရန်အတွက် တစ်ဦး (သို့) တစ်ဦးထက်ပိုသော အဖွဲ့များအား ရှိုတ်ပိတ်တင်ဒါ ခေါ်ဆောင်မည် ဖြစ်ပါသည်။

စိတ်ပါဝင်စားပြီး ၎င်းလုပ်ငန်းတွင် အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိ၍ တရားဝင်မှတ်ပုံတင်ရှိသော ကုမ္ပဏီများအား UNICEF ရုံး၊ အမှတ် (၂၃-A)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၂)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါလျှောက်လွှာအား လာရောက်ထုတ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။ ကုမ္ပဏီများသည် သက်ဆိုင်ရာ ကုမ္ပဏီမှတ်ပုံတင် မိတ္တူကို တင်ဒါလျှောက်လွှာ လာရောက်ထုတ်ယူစဉ်တွင် တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပြီး တင်ဒါနောက်ဆုံး ထုတ်ယူနိုင်သော နေ့မှာ ၂၄၊ ဧပြီလ၊ ၂၀၁၈ ဖြစ်ပါသည်။

ထို့အပြင် စိတ်ပါဝင်စားသောကုမ္ပဏီများအား ၂၄၊ ဧပြီလ၊ ၂၀၁၈ (၂း၀၀ နာရီ) တွင် UNICEF ရုံး၌ ပြုလုပ်မည့် Pre Bid Meeting အား တက်ရောက်ရန်ဖိတ်ကြားအပ်ပါသည်။ ဖော်ပြပါ သတ်မှတ်ရက်မတိုင်ခင် ကိုရဲထွဋ် yhtut@unicef.org သို့ ကြိုတင်စာရင်းပေးသွင်းရန်လို အပ်ပါသည်။

တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့စွဲ - ၂၊ မေလ၊ ၂၀၁၈ (၂း၀၀ နာရီ)

ဆက်သွယ်ရန်
ကိုရဲထွဋ်
Procurement Assistant, Supply & Logistics Section, UNICEF Myanmar.
Tel: +95 1 2305960-69 (Ext. 1568). E-mail yhtut@unicef.org


C B BANK
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
Visa မှ ဂုဏ်ယူစွာ ချီးမြှင့်မည့်
ကမ္ဘာ့ဖလားပွဲအားကြိုဆိုခြင်း
Package ကိုရယူလိုက်ပါ
မည်သည့်ဆိုင်တွင်မဆို CB Visa ကဒ်ဖြင့်
ကျပ် ၁၀၀၀၀၀ ဖိုး သုံးစွဲပြီးပါက ကမ္ဘာ့ဖလားပွဲသို့
သွားရောက်နိုင်မည့် ဆုတစ်ဆု (လူနှစ်ဦးစာ)
အတွက်အခွင့်အလမ်းတစ်ကြိမ် ရရှိမည်ဖြစ်ပါသည်။
၂၀၁၈ ခုနှစ်၊ဖေဖော်ဝါရီလ (၁၆) ရက် နေ့မှ
၂၀၁၈ ခုနှစ်၊ဧပြီလ (၃၀) ရက်နေ့ အထိ
© 2017 Visa. All Rights Reserved.
© 2017 Getty Images.
CB Visa FIFA World Cup™ card

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှထွက်ရှိသော ဘေးထွက်ပစ္စည်းများကိုအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။
၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၄-၄-၂၀၁၈ရက်မှ ၁၈-၄-၂၀၁၈ ရက်အထိ နေ့စဉ် (နံနက် ၉း၃၀ နာရီမှ ညနေ ၄း၀၀နာရီ)အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၈-၄-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီ ဖြစ်ပါသည်။
၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့်အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။
၂။ Open Tender ပုံစံများကို ၆-၄-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀ိ/)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၇-၅-၂၀၁၈ ရက်နေ့ ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အဆိုပါ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့်ကျောင်းများအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။
၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆ နှင့် website ဖြစ်သော www.tvetmyanmar.Org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၁၀-၄-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၄း၀၀ နာရီ
ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## JICA ချေးငွေလျှောက်လွှာခေါ်ယူခြင်း

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ JICA SME ချေးငွေအတွက် လျှောက်လွှာများအား အောက်ပါအချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည်။
၁။ အနည်းဆုံးလုပ်ငန်းလုပ်သက်(၃)နှစ်နှင့်အထက်ရှိ လည်ပတ်နေသော SME လုပ်ငန်းဖြစ်ရမည်။
၂။ လယ်ယာစိုက်ပျိုးရေး၊ အိမ်ခြံမြေ၊ ဘဏ္ဍာရေးအာမခံ၊ အဖိုးတန်ကျောက်များ ရောင်းဝယ်ခြင်း၊ အရက်ဆိုင်နှင့် ပျော်ပွဲစားရုံများ၊ ဖျော်ဖြေရေး၊ ပျော်ပွဲရွှင်ပွဲဆိုင်ရာလုပ်ငန်းများ၊ လက်နက်၊ ခဲယမ်းမီးကျောက်လုပ်ငန်းများ၊ လူမှုဆိုင်ရာတည်ငြိမ်မှုကိုထိခိုက်စေသော ကဏ္ဍများနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများအား ခွင့်ပြုထုတ်ချေးမည်မဟုတ်ပါ။
၃။ ချေးငွေအား လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန်(သို့မဟုတ်) လုပ်ငန်းနှင့်ပတ်သက်သော အဆောက်အအုံများတိုးချဲ့ဆောက်လုပ်ရာတွင်အသုံးပြုရမည်ဖြစ်ပါသည်။
၄။ လျှောက်ထားချေးငွေများကို JICA စည်းကမ်းချက်များနှင့် SMIDB ၏ချေးငွေစည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုမည်ဖြစ်ပါသည်။
၅။ JICA မှ ခွင့်ပြုပေးသော ချေးငွေပမာဏအားလုံးမှ ၆၀ရာခိုင်နှုန်းအား CGI စနစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးသောပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဦးစားပေးထုတ်ချေးပေးပါမည်။
၆။ CGI စနစ်ဖြစ်သည့်အတွက် မြန်မာ့အာမခံလုပ်ငန်းမှ သတ်မှတ်ထားသော ပရီမီယံကြေးကိုထပ်မံပေးသွင်းရပါမည်။ အာမခံပစ္စည်းမပါသည့်စနစ်ဖြစ်သည့်အတွက်ရေ့အလားအလာကောင်း၍ နိုင်ငံတော်၏ကုန်ထုတ်ကဏ္ဍတိုးတက်နိုင်ချေရှိပြီးဆုံးရှုံးနိုင်ချေနည်းသော လုပ်ငန်းများကိုသာ ထုတ်ချေးပေးပါမည်။
၇။ ချေးငွေလျှောက်ထားရန်လိုအပ်ချက်အသေးစိတ်အား နီးစပ်ရာဘဏ်ခွဲများတွင်စုံစမ်းနိုင်ပါသည်။ (ချေးငွေလျှောက်ထားခြင်းအတွက် မည်သည့်တန်စိုးလက်ဆောင်မှ ပေးရန်မလိုပါ)

**စုံစမ်းရန်။ ။အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အမှတ် ၂၉၈၊ အနော်ရထာလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ အမှတ် (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၃၀၂၃၄၀၊ ၀၁-၂၃၀၂၃၄၁၊ ၀၁-၂၃၀၂၄၁၈၊ SMIDB ဘဏ်ခွဲများ**

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်၊ စမ်းကြီးကျေးရွာ တတိယတန်းမှ မောင်ဇင်မင်းအောင်၏ မိခင်အမည်မှန်မှာ ဒေါ်မှုံစီ ၈/မလန (နိုင်)၁၁၈၇၇၇ ဖြစ်ပါကြောင်း။

**ဒေါ်မှုံစီ**

## အမည်မှန်နှင့်ဖခင်အမည်မှန်

ကလေးမြို့နယ်၊ လက်ပံချောင်းရွာ၊ အထက အဋ္ဌမတန်း(ဖြေဆဲ)မှ မယဉ်မေ၏ အမည်မှန်မှာ မဇင်ထေးမေ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးနုံးထုံး ၄/မတပ (နိုင်)၀၂၂၃၇၆ ဖြစ်ပါကြောင်း။

**မဇင်ထေးမေ၊ ဦးနုံးထုံး**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**လမ်းတံတားဌာန**
**တည်ဆောက်ရေးလုပ်ငန်းသုံး ကျောက်များဝယ်ယူရန်နှင့်သယ်ယူရန်**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ်အတွက် လမ်း၊ တံတား၊ ရေမြောင်း၊ ပလက်ဖောင်းနှင့် အဆောက်အဦအစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျောက်မျိုးစုံ ဝယ်ယူခြင်းနှင့် သယ်ယူခြင်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၄-၂၀၁၈ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၅-၂၀၁၈ ရက် (သောကြာနေ့) ၁၃း၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်(၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**လမ်းတံတားဌာန**
**အသင့်ကြိုကတ္တရာအရည်ပြည့်(၆၀/၇၀)ဝယ်ယူရန်**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော အသင့်ကြိုကတ္တရာအရည်ပြည့်(၆၀/၇၀)များ ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၄-၂၀၁၈ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၅-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁၃း၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်(၃၀၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း
## အကြိမ်(၆၀)ပြည့် မဟာသင်္ကြန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ
## ဖိတ်ကြားခြင်း

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ ၂၀၁၈ ခုနှစ် အကြိမ်(၆၀)ပြည့် မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကြီးကို ပြင်ဦးလွင်ဂေါက်ကွင်းတွင် အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂေါက်သီးရိုက်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်အားလပ်ရက်များအတွင်း ပြင်ဦးလွင်မြို့သို့လာရောက်အပန်းဖြေအနားယူရင်း ပါဝင်ယှဉ်ပြိုင်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(က) **ကျင်းပမည့်ရက်** - ၁၂-၄-၂၀၁၈ ရက်မှ ၁၆-၄-၂၀၁၈ ရက်အထိ
(ခ) **ပြိုင်ပွဲအမျိုးအစားများ** -
- ရွှေ၊ ငွေ၊ ကြေး (အသင်းလိုက်၊ တစ်ဦးချင်း)
- သက်ကြီးတန်း (၆၀-၇၀)၊ သက်ကြီးတန်း (၇၀ နှစ်)အထက်
- အမျိုးသမီး
- ပြင်ဦးလွင်တံခွန်စိုက်ဖလား
- တစ်ဦးချင်း (အကျော့မဲ့)
- မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဖလား (အကြီးတန်း/အငယ်တန်း)

(ဂ) အသင်းခေါင်းဆောင်များအစည်းအဝေးကို ၁၂-၄-၂၀၁၈ ရက် မွန်းလွဲ ၁း၀၀ နာရီတွင် ပြုလုပ်ပါမည်။
(ဃ) ဖွင့်ပွဲအခမ်းအနားကို ၁၃-၄-၂၀၁၈ ရက် နံနက် ၀၆း၀၀ နာရီတွင် ကျင်းပပြုလုပ်ပါမည်။

**ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း**
**ဖုန်း-၀၈၅-၂၀၂၂၃၈၊ ၀၉-၄၀၂၅၄၇၀၃၄**

## ပိုးသတ်ဆေး သက်တမ်းလွန်ကြောင်း ကြေညာချက်

ဂိုးဒင်းပလိန်းကုမ္ပဏီ (Golden Plain Co.,Ltd) မှ ဂိုးဒင်းပလိန်းအဘာမက်တင်-၂ (Golden Plain Abamectin II) အမည်နှင့် ဈေးကွက်ထဲတွင် ရောင်းချနေသော ပိုးသတ်ဆေးသည် သက်တမ်းကျော်လွန်နေသောပိုးသတ်ဆေးဖြစ်နေပါသဖြင့် အရည်အသွေးအာမခံချက် ကုန်ဆုံးပြီဖြစ်ပါ၍ တောင်သူများအနေနှင့် သုံးစွဲခြင်းမပြုကြပါရန်နှင့် လက်ကျန်ရှိနေသောအရောင်းဆိုင်များမှ ပိုးသတ်ဆေးများကိုလည်း ကုမ္ပဏီသို့ပြန်လည်ပေးပို့နိုင်ပါရန် ကြေညာအပ်ပါသည်။

**ကုမ္ပဏီအမည် ဂိုးဒင်းပလိန်းကုမ္ပဏီ ( Golden Plain Co.,Ltd)**
**လိပ်စာ- အမှတ် ၁၈(စီ)၊ ၅၆ လမ်းတို ၂ ရပ်ကွက်၊ ပုဇွန်တောင်**
**ဖုန်း-၀၉-၂၀၃၃၇၈၈၊ ၀၉-၂၀၀၉၈၆၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သထုံခရိုင်တရားရုံးတော်၌
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆

မလဲ့ဝင်းထက် **နှင့်** ၁။ ဦးမင်းလှိုင်ဘွား
၂။ မဂျူးလျှံမိုးမြင့်(ခ)ဂျူးဂျူး
**တရားလို** **တရားပြိုင်များ**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဘုရင့်နောင်ရပ်ကွက်၊ နှင်းဆီလမ်းနေ ဦးမင်းလှိုင်ဘွားနှင့် မဂျူးလျှံမိုးမြင့်(ခ)ဂျူးဂျူး (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုမလဲ့ဝင်းထက်က အလီလီချေးယူငွေကျပ် သိန်း (၃၈၀) ပြန်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီ ၂၅ရက် (၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက် စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လဲ့လဲ့ဝင်း)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ရွှေဝတ်မှုံအကွက်၊ ကွင်းအမှတ်(၅၂)၊ ဦးပိုင်အမှတ်(၃)၊ မြေဧရိယာ ၀ဒသမ၀၈၅ဧကရှိ ဒေါ်သန်းသန်းရီ အမည်ပေါက် ဂရန်မြေနှင့်ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးအား ပိုင်ဆိုင်သူ ဒေါ်မီမီအောင် ၁၄/ပသန(ပြု)၀၀၀၀၈၈ မှ ၎င်းပိုင်ဆိုင်သည်ဟု အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြင့် ၁၂/လမတ(နိုင်)၀၁၆၂၅၆ က စရန်ငွေပေးချေထားခဲ့ပြီးဖြစ်သဖြင့် အရောင်းအဝယ်အား တစ်စုံတစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ၁၄ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**ဦးချမ်းမြေ့အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၄၆)**
**အမှတ်(၅၆)၊ ဓမ္မေယျဝတီ(၃)လမ်း၊ ပုသိမ်မြို့၊**
**ဖုန်း-၀၉-၅၀၉၄၅၃၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း(၁)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၁၃၄၉)၊ အကျယ်အဝန်း (၄၀×၆၀)ပေရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဒေါ်ဝင်းဝင်းဟန် (ဘ) ဦးသန်းညွန့်အမည်ဖြင့် တည်ရှိနေပြီး ဦးမြင့်ဇော်(ဘ)ဦးအောင်သန်း ၉/တသန(နိုင်)၁၁၁၁၁၅ မှ ဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုသဖြင့် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်း (စဉ်-၁၃၉၀၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀၄၀)၊ ၁၇လမ်း၊ ပေါင်းလောင်း(၃)၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၂၀၇၁၈၄၄၂၊ ၀၉-၄၄၂၂၆၁၆၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၆၁၈)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧက၊ ဦးမြင့်သောင်း (ဘ) ဦးထွန်းရွှေ ၁၃/လလန(နိုင်)၀၈၆၆၅၆ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သီတာလွင်(ဘ) ဦးသိန်းခိုင် ၁၂/သကတ(နိုင်)၁၅၄၁၇၈ မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ သင်္ကန်းကြီးကျေးရွာအုပ်စု ဒူးကုဋ္ဌကျေးရွာမှ မောင်မြတ်မင်းသူ (အဋ္ဌမတန်း)၏ ဖခင်အမည်မှန်မှာ ဦးတက်ပု ၁၄/ပစလ(နိုင်)၀၁၂၃၁၀ ဖြစ်ပါကြောင်း။ **ဦးတက်ပု**

## ရောင်းမည်

(နှစ်ခန်းပေါင်း ၃၀'× ၅၀')
ထ-၁ ဒဂုံရှေ့ နဝဒေးလမ်း၊ ၉ လွှာ
တစ်ခန်း သိန်း ၆၅၀၊
နှစ်ခန်း ၁၃၀၀ ခွဲမရောင်းပါ။
**ဖုန်း- ၀၉-၇၉၆၅၇၂၈၁၈၊ ၀၉-၂၅၃၃၀၆၄၈၁**

## ပျောက်ဆုံးခြင်း

ကျွန်တော်များ ARKARKHA TRADING CO.,LTD မှ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ကတ် ၂၃၄၉၂(၁၇-၈-၀၉)မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၁၀၃၅၂**

## ပျောက်ဆုံးခြင်း

ကျွန်တော်များ AYE MAGA SERVICES CO., LTD မှ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ကတ် ၄၀၁၄၆(၂၅-၈-၁၆)မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၁၀၃၅၂**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ဈေး(၂)ရပ်ကွက်၊ ၉လမ်းနေ ဒေါ်စန်းမြင့် (ဘ) ဦးစိန်မောင် ၇/ပတတ(နိုင်)၀၅၂၅၄၇ ပိုင်ဆိုင်ခဲ့သော ပေါင်းတည်မြို့၊ မင်းကွက်(၁)ရပ်ကွက်၊ ရွှေတည် (၂)ကွက်သစ်၊ အကွက်အမှတ်(၃၈)၊ မင်းကွက်စုရပ်၊ ခြံအမှတ်(၆၃)အား ပေါင်းတည်မြို့၊ ရွှေတည်(၂)ကွက်သစ်၊ ခတ္တာလမ်းနေ ကျွန်တော် ဦးအေးလွင် ၇/ပတတ (နိုင်) ၀၇၉၉၁၀ သည် မှတ်ပုံတင်စာချုပ်ဖြင့် ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဝယ်ယူပေးချေပြီးဖြစ်ပါသည်။ ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဦးအေးလွင် ၇/ပတတ(နိုင်)၀၇၉၉၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၅၂၈)၊ ဧရိယာ ၀ဒသမ ၀၈၂ဧက၊ မြေကွက်တည်နေရာအမှတ်(၂၅၂၈)၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့ရှိ ဦးကျော်စိုး အမည်ပေါက် ပါမစ်မြေအား ဦးတေဇာနေမျိုးဝင်း (ဘ) ဦးသန်းဝင်း ၇/ညလပ(နိုင်)၀၉၂၄၉၆ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ပေါင်းလောင်း - ၃၊ မြေကွက်အမှတ်(၁၂၇၅)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဗိုလ်ကြီးအောင်ကျော်ဖုံ အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ကျော်(ဘ) ဦးအောင်ကြည် ၉/ပမန(နိုင်)၀၅၇၁၉၉မှ မြို့မြေနေရာချထားရေးကော်မတီ ပျဉ်းမနားမြို့၏မြေကွက်တန်ဖိုးငွေသွင်းပြေစာမူရင်း၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ် မစိုးရိမ်တိုက်သစ်

**စာအောင်သံဃာတော်အရှင်သူမြတ်တို့အား(ဘဏ်တိုး)ဖြင့် (နှစ်စဉ်)စာအောင်ဆုလှူဒါန်းနိုင်ရန်**

**စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိပါသည်**

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်(၁)သိန်းနှင့် ကျပ်(၁)သိန်းအထက် စာအောင်ဆု ထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅(-၄-၃)
(၂) ဦးသိန်းငွေအောင်(ဂေါပက) ဖုန်း-၀၉-၂၀၀၉၇၉၀

**အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။**

| မတ်လအလှူရှင်စာရင်း | | | |
|---|---|---|---|
| ၁။ | ဦးမောင်ကို-သိရီသုဓမ္မသီဂီဒေါ်ရွှေဥထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြရွှေဆိုင်မိသားစု | မန္တလေးမြို့ | 1000000 |
| ၂ | အဘဦးတင်ဖေ-အမိဒေါ်တင်ညွန့်တို့အားရည်စူး၍ သမီးဒေါ်တင်တင်ဦး၊ ဒေါက်တာဒေါ်တင်တင်ဖြိုး၊ ဒေါ်ဂျူလီမိသားစု | ခ/၁၉၁၊ A ရပ်ရှင်ရုံလမ်း၊ မြို့မရပ်၊ မိုးကုတ်မြို့ | 100000 |
| ၃ | ကိုအောင်စိုးဝင်း-မသင်းနွယ်စိုး "မင်္ဂလာ"ဘုရားမီးစကြာမိသားစု | ၈၉လမ်း၊ ၁၀+၁၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | 300000 |
| ၄ | ဦးအောင်ဝင်းချို-ဒေါ်ခင်ခင်ဆွေ သားကိုဖြိုးသုအောင်၊ ကိုရဲဝင့်အောင်မိသားစု | အမှတ် ၁၀၉၊ သန်လျင်တံတားအိမ်ရာဝင်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၅ | ဆရာတော် အာစရိယဗုဒ္ဓရက္ခိတ(၈၇နှစ်မြောက်မွေးနေ့အလှူ) | မဟာဗောဓိအသင်းစာသင်တိုက်၊ ဘန်ဂလောမြို့၊ အိန္ဒိယနိုင်ငံ | 500000 |
| ၆ | ဦးစိန်ဝင်း-ဒေါ်တင့်တင့်ဝေမိသားစု | အမှတ် ၅၂၈၊ အရှေ့ကြို့ကုန်း(မြောက်)၄လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၇ | ဒေါ်သန်းတင် | အမှတ် ၆၈၊စံပယ်ခြံ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၈ | ဦးသိန်းလှမော်-ဒေါ်နီနီလှမိသားစု | ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၉ | ဦးကျော်ကျော်အောင်-ဒေါ်သီတာ သမီးအေးငြိမ်းစံမိသားစု | ရန်ကုန်မြို့ | 30000 |
| ၁၀ | မဖြိုးစံသာကျော်(မွေးနေ့အလှူ) | အမှတ် ၂၄/A၊ ပထမထပ်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၁၁ | ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)-ဒေါ်မာမာငွေးမိသားစု | ရန်ကုန်မြို့ | 100000 |
| ၁၂ | မိဘနှစ်ပါးနှင့်ခင်ပွန်းဦးခင်မောင်တို့အားရည်စူး၍ ဒေါ်ညွန့်ရီမိသားစု | ဝင်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့ | 100000 |
| ၁၃ | ကွယ်လွန်သူမိဘများ၊ ဦးသိန်းငွေနှင့် သမီးလေး မစန်းစန်းမော်တို့အား ရည်စူး၍ ဒေါ်မြလေးမိသားစု | အမှတ် ၂၆၊ အကောက်ဆိပ်၊ ပုသိမ်မြို့ | 50000 |
| ၁၄ | ဦးတင်အောင်-ဆရာမဒေါ်သန်းစိန်မိသားစုနှင့် ၂၀၁၇/၂၀၁၈ ပညာသင်နှစ် KG-B ကျောင်းသား ကျောင်းသူများ | အမက(၁၀)၊ ပုဂံ၊ ပုသိမ်မြို့ | 100000 |
| ၁၅ | နှစ်ဖက်မိဘများအား အမှူးထား၍ ဦးသိန်းအောင်-ဒေါ်သန်းဦး မိသားစု | ငဝန်ကျွန်းသာ၊ ၂၀၀၀ တန်၊ ၅လမ်း၊ ပုသိမ်မြို့ | 100000 |
| ၁၆ | ဖခင်ကြီးဦးဉာဏ်-မိခင်ကြီးဒေါ်စင်းယုံတို့အားရည်စူး၍ သမီးဒေါက်တာအေးအေးလွင် (ရင်ခေါင်းနှင့် အဆုတ်အထူးကု သမားတော်ကြီး)နှင့် ကျန်ရစ်သူမိသားစု | ၂၉လမ်း၊ ၈၃+၈၄ကြား၊ မန္တလေးမြို့ | 200000 |
| ၁၇ | ဒုတိယဗိုလ်မှူးကြီးမောင်ထွန်း-ဒေါ်မြမြရီမိသားစု | ပါရမီ၊ ရန်ကုန်မြို့ | 100000 |
| ၁၈ | ဦးထေရာသဘ | မဟာသမယကျောင်းတိုက်၊ မိုးကောင်းမြို့ | 100000 |
| ၁၉ | ဒေါ်ခင်စန်းဝင်း | ကျောက်ပန်းတောင်းမြို့ | 100000 |
| ၂၀ | နှစ်ဖက်မိဘများကိုရည်စူး၍ ဦးဘုန်းနိုင်-ဒေါ်ရွှေမိသားစု | မကွေးမြို့ | 150000 |
| ၂၁ | ဦးထွန်းအောင်(ကျောင်းအုပ်ကြီး-ငြိမ်း၊ ရေနံချောင်းဒီဂရီကောလိပ်)-ဒေါ်နှင်းရီ ကျော်ကြားဖိနပ်ဆိုင်မိသားစု | ထန်းတပင်-ဇီးကုန်းမြို့၊ ကန့်ဘလူမြို့နယ် | 300000 |
| ၂၂ | ဆရာလေးဒေါ်ဓမ္မစာရီနှင့် မိခင်ကြီးဒေါ်ထွေးရှင်တို့အားရည်စူး၍ မောင်သန်းထိုက်လင်း | ရေစကြိုမြို့ | 100000 |
| ၂၃ | ဦးဝင်းမောင်-ဒေါ်သန်းနွဲ့မိသားစု | တိုက် ၂၃၅၊ အခန်း(၅)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၂၄ | ဖခင်ဦးရွှေ-မိခင်ဒေါ်ကြည်ညွန့်၊ သမီးဒေါ်ခင်အေးမြင့်မိသားစု (၆၁)နှစ်ပြည့်မွေးနေ့အလှူ | အမှတ် ၃၃၊ ဦးရွှေစိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၂၅ | ခမည်းတော် ဦးကြီးမောင်-မယ်တော်ဒေါ်ခင်မော်တို့အားရည်စူး၍ အရှင်တေဇနိယ | တိပိဋကနိကာယကျောင်း၊ မင်းကွန်း-မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့နယ် | 500000 |
| ၂၆ | ဒေါ်တင်ရီ(၈၄)နှစ်ပြည့်မွေးနေ့အလှူ | အမှတ် ၁၀၂၆၊ ယသဝတီ ၁၅လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၇ | ဦးကျော်သက်ပိုင်သိန်း-ဒေါ်ကြည်စုစုရှိန် သားမောင်တည်ကြည်ပိုင်ဦး မိသားစု | အမှတ် ၁၇၂၊ ကံသာ A-(၉)လမ်း၊ မကွေးမြို့ | 100000 |
| ၂၈ | ကျောင်းဒါယကာကြီးဦးဟန်စိန်အားရည်စူး၍ ဇနီးဒေါ်သက်သက်နှင်း မိသားစု | မန္တလေးမြို့ | 200000 |
| ၂၉ | ဦးထွန်းရီ-ဒေါ်ခင်မမ သမီး မငွေး မအိစံမိသားစု | မန္တလေးမြို့ | 100000 |
| ၃၀ | ဆရာမ မငွေးကျူရှင်မိသားစု | မန္တလေးမြို့ | 100000 |
| ၃၁ | ဦးဖေဝင်း-ဒေါ်ခင်ဝင်းမြင့် နီနီကနုကမာဆိုင်မိသားစု | အမှတ် ၇၃/၇၄၊ အရှေ့ဒီရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်မြို့ | 100000 |
| ၃၂ | ဦးရွှေသွင်-ဒေါ်မြင့် သမီးမသန်းသန်းငွေး၊ မစန်းစန်းလွင် သားမောင်မျိုးမြင့်နိုင်၊ မောင်ဆွေဝင်း၊ သမီး မမွန်မွန်ဆင့်၊ သားမောင်အောင်အောင်မိသားစု | အမှတ်(၄)ရပ်ကွက်၊ ရေနံစုရပ်၊ ညောင်ဦးမြို့ | 110000 |
| ၃၃ | နှစ်ဖက်မိဘများကိုအမှူးထား၍ ဦးအောင်အောင်(စက်မှုလယ်ယာ)-ဒေါ်သက်မွန်ပန်၊ သားမောင်ထက်ဝေအောင်၊ မောင်ဖွဲ့ထက်အောင် မိသားစု | အမှတ်(၅)ရပ်ကွက်၊သီရိပစ္စယာတိုးချဲ့ရပ်၊ ညောင်ဦးမြို့ | 110000 |
| ၃၄ | ဦးဆွေဝင်း(တပ်ကြပ်ကြီး)-ဒေါ်အေးအေးစန်း သမီးမအိမ့်မှူးကျော် မိသားစု | တံတားဦးလေယာဉ်ကွင်း၊မန္တလေးတိုင်းဒေသကြီး | 110000 |
| ၃၅ | ဦးဝရသိရီ ဇေယျသုခအေးကျောင်း ညောင်ဦးမြို့ကို အမှူးထား၍ ရဟန်းဒါယကာကြီး၊ ဦးဇော်မင်းအားရည်စူး၍ ဒေါ်ဝင်းဝင်းသန်း မိသားစု | ဘီးတန်း၊ မန္တလေးမြို့ | 110000 |
| ၃၆ | ဦးလီရှုဖန်-ဒေါ်ချင်ဆွေယုတို့အားရည်စူး၍ သမီး ဒေါ်ရိမ်ဖီး၊ ဒေါ်အေးအေးသွယ်မိသားစု | ရန်ကုန်မြို့ | 100000 |
| ၃၇ | ဒေါ်ထွန်းထွန်းလင်း မနောဖြူဆရာမများကုသိုလ်ရှင်အဖွဲ့ | အမှတ် ၆၇၃၊ ၃၀×၃၁လမ်းကြား၊ ၈၆×၈၇လမ်းကြား၊ ဓာတ်နန်းရပ်၊ မန္တလေးမြို့ | 300000 |
| ၃၈ | ဦးထွန်းအောင်ကျော်အားရည်စူး၍ ကျန်ရစ်သူမိသားစု | နေပြည်တော်၊ တပ်ကုန်းမြို့ | 100000 |
| ၃၉ | ဖခင်ကြီးဦးသာလှအောင်-မိခင်ကြီးဒေါ်တင်ကြည်တို့အားရည်စူး၍ ဦးအောင်သန်း-ဒေါ်စန်းရီမိသားစု | အမှတ်(၁)၊အနောက်ပုလဲဂေဟာလမ်း၊(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၀ | ဦးစိုးမြင့်-ဒေါ်သန်းရွှေမိသားစု | ၁၅/၆၇၊ ၁၁ လမ်း၊ တောင်ငူမြို့ | 100000 |
| | | | 7220000 |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၀၂၀၁ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြာရွှေ ၃/ကဆက(နိုင်)၀၆၉၆၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

## အများသိစေရန်ကြေညာခြင်း

ဦးစည်သူဟိန်း ၁၂/ဥကတ(နိုင်)၁၆၁၂၀၂ နှင့် ဒေါ်အေးအေးလှိုင် ၂/လကန(နိုင်)၀၆၅၉၆၆ တို့သည် ၃-၄-၂၀၁၈ တွင် သင်္ဃန်းကျွန်းမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အေးအေးလှိုင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**စည်သူဟိန်း**
၁၂/ဥကတ(နိုင်)၁၆၁၂၀၂

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာစက်မှုဇုန်၊ အိမ်အမှတ် ၆/၇၀ နေ [ဦးစန်းဝေ ၈/ခမန(နိုင်)၁၀၇၉၇၂]-ဒေါ်မြမြဝင်း ၁၃/တကန(နိုင်)၀၀၁၀၃၉ တို့၏သား မောင်ဝေဖြိုးအောင် ၁၃/တကန(နိုင်)၃၄၃၄၆၆ သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်အား ရိုင်းစိုင်းစွာပြုမူဆက်ဆံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်၄င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်မြမြဝင်း ၁၃/တကန(နိုင်)၀၀၁၀၃၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းထွန်းလှ ၁၃/တကန(နိုင်)၁၅၃၀၃၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၅၆၂၂၁၅**

## ရောင်းမည်

စမ်းချောင်း ဂန္ဓမာလမ်း/သီရိလမ်း၊ ပ/ထပ်အခန်းပါ ကြွေပြားခင်း။

**ဖုန်း-၀၉-၄၂၅၀၁၃၄၆၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**မြောက်ဦးခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၆**

၁။ ဒေါ်သိုင်းဘုစိန် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မခိုင်ရွှေ)
၂။ ဒေါ်သိုင်းမစိန်
၃။ ဒေါ်သိုင်းညိုစိန်

**နှင့်**

၁။ ဦးသိုင်းထွန်းစိန်
၂။ ဒေါ်နှင်းမေဦး
၃။ ဦးအောင်သိန်းထွန်း
၄။ ဦးအောင်သိန်းချေ
၅။ ဦးမောင်ဟန်သိန်း
၆။ ဒေါ်မဟန်သိန်း
၇။ ဦးဟန်သိန်းချေ

**တရားလိုများ** **တရားပြိုင်များ**

မောင်တောမြို့၊ အောင်ဘာလေကျေးရွာနေ ဦးအောင်သိန်းထွန်း၊ ဦးအောင်သိန်းချေ၊ ဦးမောင်ဟန်သိန်း၊ ဒေါ်မဟန်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဒေါ်သိုင်းဘုစိန် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မခိုင်ရွှေ)ပါ ၃က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၂ရက် (၁၃၈၀ ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထွန်းအောင်)**
**ခရိုင်တရားသူကြီး**
**မြောက်ဦးခရိုင်တရားရုံး**

## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

**၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၅၃**

ဦးမျိုးမြင့်
အမှတ် ၇၅၊ (စီ)၂ ပထမထပ်၊
သမိန်ဗရမ်းလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **လျှောက်ထားသူ**

(ကွယ်လွန်သူများဖြစ်ကြသည့် ဦးကောင်း(ခ)စီကောင်းရှုနှင့် ဒေါ်ရှမ်းတို့၏ ကျန်ရှိသောပစ္စည်းများနှင့် ပတ်သက်သောအမှုအရေးတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။)

အထက်အမည်ပါလျှောက်ထားသူက ကွယ်လွန်သူများဖြစ်ကြသည့် ဦးကောင်း(ခ)စီကောင်းရှုနှင့် ဒေါ်ရှမ်းတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၂၅-၆-၂၀၁၄ရက်တွင် ကွယ်လွန်သူများဖြစ်ကြသည့် ဦးကောင်း(ခ)စီကောင်းရှုနှင့် ဒေါ်ရှမ်းတို့၏ မြေးအရင်းဖြစ်သည့် လျှောက်ထားသူ ဦးမျိုးမြင့်အား ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှကွယ်လွန်သူများ၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ် အမွေအုပ်ထိန်းခွင့်သက်သေခံလက်မှတ်စာ ရရှိထားသော မြေကွက်လွတ်အပေါ်တွင် အမွေဆိုင်အားလုံး၏ကိုယ်စား တစ်ခန်းတွဲ (၆)ထပ် (သို့မဟုတ်) အထပ်မြင့်ကန်ထရိုက်တိုက်သစ်တည်ဆောက်၍ အမွေဆိုင်အားလုံးကို အမွေခွဲဝေပေးနိုင်ရန် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၃၀၇အရ လျှောက်ထားလာရာ ၄င်းလျှောက်လွှာကို ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက် (၁၃၈၀ခုနှစ် ကဆုန်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သော ကွယ်လွန်သူများဖြစ်ကြသည့် ဦးကောင်း(ခ)စီကောင်းရှုနှင့်ဒေါ်ရှမ်းတို့၏ ကျန်ရှိရစ်သော ပစ္စည်းအရေးကိစ္စတွင် မည်သူမဆို အထက်ဖော်ပြပါရုံးချိန်းရက်၌ ဤရုံးသို့ လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

၂၀၁၈ခုနှစ် ဧပြီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဝါးခယ်မမြို့နယ်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၉**

မမိုးပပလှိုင် **နှင့်** ၁။ ကိုဇော်မင်းထွန်း
၂။ မချိုချို

**တရားလို** **တရားပြိုင်များ**

ဝါးခယ်မမြို့နယ်၊ ကစကဲကျေးရွာအုပ်စုနေ ကိုဇော်မင်းထွန်း၊ မချိုချို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မမိုးပပလှိုင်က ကုန်ပစ္စည်းဖိုးငွေ ၂၃၀၀၀၀၀/-ကျပ်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီ ၂၀ ရက် (၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၆ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးသိမ့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဝါးခယ်မမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၄၅၀၂၆ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနိုင်စည်သူ ၆/မမန(နိုင်)၁၅၇၁၃၆ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၁၀၀၄၆၈၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ဟ/၅၄၂၇ Race Horse Three Wheel ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြအေး ၈/မကန(နိုင်)၀၉၅၇၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2D/7480 Nissan Diesel (CG45CWZ) Truck (8×4) R (T/S) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်စိန် ၈/နမန(နိုင်)၀၆၉၇၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်နိုင် ၈/တတက(နိုင်)၁၃၆၂၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၇၈၃၂၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူးဉာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူးဉာဏစီမံချက်)၊ မြေကွက်အမှတ်(၅၈၀)၊ မြေကွက်တည်နေရာအမှတ်(၅၈၀)၊ ပတ်လမ်း၊ ပေါင်းကူးဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမြင့်ဆွေ ၁/မညန(နိုင်)၁၀၂၄၃၀ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်သူ ဒေါ်ခင်သက်မော် ၁၂/ဒဂန(နိုင်)၀၂၀၀၂၄ မှ ပေါင်းကူးဉာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ၊ မြေကွက်အမှတ် ၆၁၇/က၊ မြေကွက်တည်နေရာအမှတ်(၆၁၇/က)၊ ဝေပုလ္လ(၈)လမ်း၊ ဃ-ရပ်ကွက် ဦးမြတ်ထွန်း ၁၂/ဥကမ(နိုင်)၁၀၅၆၃၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြတ်ထွန်းသည် ၂၄-၃-၉၄ရက်တွင် ကွယ်လွန်ပြီး တစ်ဦးတည်းဇနီးတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး ကျမ်းကျိန်လွှာအမှတ် ၂၉၈၉ (၁၀-၁၁-၁၇)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဦးမြတ်ထွန်းအမည်ပေါက် ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်+အပေး မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် ၁ထပ်ပျဉ်ထောင် ၁လုံးရှိပြီး လျှောက်ထားသူနေထိုင်ကြောင်းတင်ပြ၍ ဒေါ်သိန်းမှ ပိုင်ဆိုင်+အပေးမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

UNILINK
Myanmar UNILINK Communication CO., LTD.
FIBER INTERNET SERVICE COMPANY

Happy Myanmar New Year
နှစ်သစ်အတာသင်္ကြန်၌ ရွှင်လန်းချမ်းမြေ့ကြပါစေ
မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် တွင်ကျရောက်မည့် မြန်မာ့နှစ်သစ်အခါသမယတွင်
လူကြီးမင်းနှင့် လူကြီးမင်းတို့၏ မိသားစုဝင်များပျော်ရွှင်ချမ်းမြေ့ကြ၍ စီးပွားလာဘ်လာဘများ
တိုးတက်ပါစေကြောင်း ယူနီလင့်ခ်ကုမ္ပဏီ မိသားစုဝင် များမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Yangon Head Office: : No (816), Thanthumar Road, (13) Quarter, South Okkalapa Township, Yangon.
Yangon Office Branch : : No.A8-002 (Ground Floor) and No.A8-102 (first floor), Mindama Housing, Mindama Road, Mayangone Township, Yangon.
Mandalay Branch: No.(8/96), 66st coner of 39, Mahar Myaing, Mahar Aung Mingalar Township, Mandalay.
Pathein Branch: No.(9), Aung Thu Kha Road, 5 ward, Pathein.
HOTLINE 09-79 766 7799

ဗိတိုရိယ ဆေးရုံ Victoria Hospital
HVC နှလုံးနှင့်သွေးကြောဌာန
ဥရောပမှ နှလုံးနှင့် သွေးကြော အထူးကုဆရာဝန်ကြီး
Dr. Pavlin Pavlov
MD, Fellowship in Interventional Cardiology (Bulgaria)
အပတ်စဉ် တနင်္လာနေ့ မှ သောကြာနေ့အတွင်း
ဗိတိုရိယဆေးရုံ၊ နှလုံး နှင့် သွေးကြောပြင်ပလူနာဌာန၌ ပြင်ပလူနာများကို ကြည့်ရှုပေးမည့်အပြင်
နှလုံးသွေးကြောဓာတ်မှန်ရိုက်ခြင်း (Angiogram)
နှလုံးသွေးကြောထောက်တိုင် (Stent) ထည့်၍ နှလုံးသွေးကြောချဲ့ကုသခြင်း (Angioplasty)
နှလုံးနှိုးဆွစက် (Pacemaker) တပ်ဆင်ခြင်း

အစရှိသည့်နှလုံးနှင့်ပတ်သက်သောကုသနည်းအမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
BOOKING - HUNT LINE : +95 1 9666141, HOT LINES : +95 9 783666 141~4, EXT - 7080 (OR) 2



SHOW ROOM အသစ်ဖွင့်လှစ်ခြင်း
အမှတ်-(၁၇၀)၊ ပင်လုံလမ်း၊ (၃၁) ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၅၁၇၃၀၀၀၂၊ ၀၉-၇၈၃၉၇၈၈၈၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၂၃၉၀ Dayang-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်းလွင် ၅/စကန(နိုင်)၁၈၂၁၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## သင်တန်းသူများအတွက် တစ်သက်တာ အေးသူဇာ (ဖက်ရှင်ဒီဇိုင်း သင်တန်းကျောင်း)

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား ဦးထိပ်ပန်လျက် ဆရာမ ဒေါ်အေးအေးသန်း (အေးသူဇာ အမျိုးသမီးအပ်ချုပ်ဆိုင်)မှ ဂျပန် စင်တီမီတာနည်းဖြင့် မြန်မာအမျိုးသမီးများအတွက် ဝတ်စား ဆင်ယင်မှုတွင် အဆင်ပြေပြီးလွယ်ကူသော နည်းစနစ်များဖြင့် ကိုယ်တိုင် စာအုပ်ထုတ်ပြီး သင်ကြားပေးမည်ဖြစ်ပါသည်။

(၁)ကိုယ်ခန္ဓာအချိုးအစားစနစ်တကျတိုင်းထွာနည်း၊ (၂) ပုံဒီဇိုင်းဆွဲနည်း၊ (၃)ညှပ်နည်း၊ (၄)ချုပ်နည်းများနှင့် မြန်မာ့လက်မှုပညာ ပန်းကြယ်သီး ထိုးနည်းများပါသင်ကြားပို့ချပေးပါမည်။

* သင်တန်းသား/သူများလက်ခံသည်။
* နယ်မှ သင်ကြားလိုသူများ စုံစမ်းမေးမြန်းနိုင်ပါသည်။
* (၆)လ အတက်သင်တန်း
* (၄-၅-၂၀၁၈)ရက်နေ့သင်တန်းစမည်။

ဆက်သွယ်ရန်လိပ်စာ

အမှတ် (၈၁)ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း: 09-5015319, 09-785015319, 09-252639997

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/9129 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၄)၊မြေကွက်အမှတ်(၄၀၁/ခ)၊မြေကွက်တည်နေရာအမှတ်(၄၀၁/ခ)၊ သဇင်လမ်း၊(၁၅)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးထွားမောင်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးထွားမောင်ကွယ်လွန်သဖြင့် ဒေါ်ကြူ(၁၂/အစန(နိုင်)၀၅၈၇၄၄)မှမြေချပါမစ်မူရင်းနှင့်အရပ်ကတိအရောင်းစာချုပ်ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာနှင့်ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ မြေကွက်အမှတ်-၄၉၇၊ မြေကွက်တည်နေရာအမှတ်-၄၉၇ ကျွန်စင်သားလမ်း၊ ၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်တင်မေ (ISN-၅၂၆၂၆၃)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်မေ(ဇနီး)ကွယ်လွန်သဖြင့် ဦးကြည်ရွှေ (၁၂/သဃက (နိုင်) ၀၂၉၄၉၀)မှ ဒေါ်တင်မေအမည်ဖြင့် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့သောမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံခြင်းဆိုင်ရာ ဝေလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မှမရှိပါကြောင်းကျမ်းကျိန်လွှာနှင့် ဦးလှမင်း (၁၂/သကတ (နိုင်) ၀၀၂၀၀၇)နှင့် ဒေါ်ကြည် (CJ-၀၀၂၄၀၀)တို့မှ ဒေါ်တင်မေ အမည်ဖြင့် အမည်ပေါက် ပိုင်ဆိုင်ခဲ့သောမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံခြင်းဆိုင်ရာ ဝေလေ့ထုံးတမ်းဥပဒေနှင့်အညီတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မှမရှိသည်မှာ မှန်ကန်ကြောင်း ကတိသစ္စာပြုလွှာနှင့် ကျမ်းကျိန်လွှာ၊သေစာရင်း၊သန်းခေါင်စာရင်းနှင့်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအား၊ ကွင်းဆင်းစစ်ဆေးရာ ၁ထပ်ပျဉ်ထာ၊ သွပ်မိုး အဆောက်အဦး(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ ဦးကြည်ရွှေ မှ ဒေါ်တင်မေ အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ရန်မြေပုံကူး လျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူ့အခွင့်အရေးနှင့် သဟဇာတမဖြစ်သော ဖေ့စ်ဘွတ်၏ စီးပွားရေးလုပ်ငန်းပုံစံ

စာမျက်နှာ - ၈

ရွှေလင်ပန်း စက်မှုဇုန်တွင် လက်စွပ်ဘူး ထုတ်လုပ်သောစက်ရုံ မီးလောင်မှုဖြစ်

စာမျက်နှာ - ၁၂

အိန္ဒိယ အကြီးဆုံးလေကြောင်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်

စာမျက်နှာ - ၁၄



သဖန်းဆိပ်ရေလှောင်တမံ၏ အောက်ဘက်ရှိ ကာဘိုးရေလွှဲဆည်မှ တစ်ဆင့် ရေပေးဝေမည့် ရွှေဘိုတူးမြောင်း။

# စိုက်ပျိုးမြေ ၃၇၇၁၁၁ ဧကကို ရေပေးဝေပြီး မဟာဓာတ်အားလိုင်းအတွင်းသို့ လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်ထည့်ပေးနေသည့် သဖန်းဆိပ်ဘက်စုံရေလှောင်တမံ

**နေပြည်တော် ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်လယ်ယာမြေများ စိုက်ပျိုးရေလုံလောက်အောင် ပေးဝေနိုင်ပြီး သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ၁၀ မဂ္ဂါဝပ်သုံးလုံးဖြင့် ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းသည့်အပြင် ကန့်ဘလူ၊ ကျွန်းလှမြို့နယ်များနှင့် သဖန်းဆိပ်ဆည်အနီးတစ်ဝိုက် ကျေးရွာ ၄၃ ရွာအား တိုက်ရိုက်ဓာတ်အားဖြန့်ဝေလျက်ရှိပြီး ကင်းတပ်လက်ဝဲတူးမြောင်း မဟာနန္ဒာကန်မှတစ်ဆင့် ရွှေဘိုမြို့လူထုသောက်သုံးရေနှင့် ဆည်ရေသောက်ဧရိယာနှင့် ဆက်စပ်လျက်ရှိသည့် ရေရှားပါးသည့် ကျေးရွာများမှ သောက်သုံးရေကန် ၇၀ ကျော်အား ရေဖြည့်သွင်းပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐

# တောရိုင်းတိရစ္ဆာန်ပစ္စည်း တရားမဝင်ရောင်းဝယ်မှုရပ်တန့်ရန် ဂီတပွဲတော် ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် ဧပြီ ၇

**ရန်ကုန်မြို့တွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားနေခြင်းကို ရပ်တန့်ရန် တောင်းဆိုသည့် လူထုလှုပ်ရှားမှုကို ထောက်ခံအားပေးသည့်အနေဖြင့် VOICES FOR WILDLIFE ဂီတပွဲတော်ကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**




အဆိုပါဂီတပွဲတော်ကို မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံး နှင့် မိုမိုတို့အတွက် ရင်တွင်းစကားသံ (VOICES FOR MOMOS) အဖွဲ့တို့ ပူးပေါင်းကာ တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားနေခြင်းကို ရပ်တန့်ရန် ရည်ရွယ်၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen က "တောရိုင်းတိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး တရားမဝင်ရောင်းဝယ်မှုတွေကို တိုက်ဖျက်သွားနိုင်ဖို့ အခုလို လုပ်ဆောင်ရခြင်းပဲ

စာမျက်နှာ ၉ ကော်လံ ၂ ✪




ရန်ကုန်နှင့်ရတနာပုံ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ရန်ကုန်နှင့်ရတနာပုံ ပြိုင်ဆိုင်မှုပြင်းထန်သော်လည်း သရေကျ

**ရန်ကုန် ဧပြီ ၇**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၀ ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ဟံသာဝတီအနိုင်ရပြီး ရန်ကုန်နှင့် ရတနာပုံတို့ သရေကျခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်နှင့်ရတနာပုံအသင်းတို့ သုံးဂိုးစီ သရေကျခဲ့သည်။ MNL ပြိုင်ပွဲစတင်ကတည်းက ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည့် ရန်ကုန်နှင့်

စာမျက်နှာ ၁၃ ကော်လံ ၂ ❍



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ ဧပြီ ၈၊ ၂၀၁၈

**ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းနှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို

# စက်မှုစွမ်းအားဖြင့် ပြည့်အကျိုးကို ဖော်ဆောင်နေသည့် စက်မှုဝန်ကြီးဌာန

သူရဇော်

**စက်မှုဝန်ကြီးဌာန** အနေဖြင့် အစိုးရ၏ (၂) နှစ်တာ ကာလအတွင်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်နှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်း မူဝါဒ ၄ ရပ်၊ မျှော်မှန်းချက် ၂ ရပ်နှင့် လုပ်ငန်းစဉ် ၆ ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ပြည်သူ့အတွက် ကြိုးပမ်းအားထုတ်**

ပြည်သူလူထု ကျန်းမာရေးအထောက်အကူပြု အိမ်သုံးဆေးဝါးအမျိုးမျိုးကို တိုးမြှင့်ထုတ်လုပ်လျက်ရှိပြီး ပြည်သူများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန ဆေးဝါးအရောင်းဆိုင်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ရန်ကုန်မြို့တွင် ငါးဆိုင်၊ နေပြည်တော်တွင် သုံးဆိုင်၊ မန္တလေးမြို့တွင် နှစ်ဆိုင်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတို့တွင် ၁၈ ဆိုင် စုစုပေါင်း ၂၈ ဆိုင်အား ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ ထို့ပြင် City Mart၊ Orange Mart၊ Capital အစရှိသည့် Super Market များတွင်လည်း BPI ဆေးအရောင်းဆိုင် စုစုပေါင်း ၆၁ ဆိုင် ဖွင့်လှစ်ရောင်းချနေသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် BPI ဆေးအရောင်းဆိုင်ပေါင်း ၈၉ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ထို့အပြင် မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်ရေးအဆောက်အအုံကို ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် ဆေးဝါးစက်ရုံ(အင်းစိန်)၌ ဖွင့်လှစ်နိုင်ခဲ့ပြီး လျှပ်စစ်မီးမရရှိသည့် ကျေးလက်ဒေသများတွင် သာမန်အခန်းအပူချိန်၌ ဆေးသက်တမ်း ငါးနှစ်အထိထားရှိနိုင်သော အေးခဲခြောက်ပုံစံဖြင့် မြွေဆိပ်ဖြေဆေးများကို ထုတ်လုပ်နိုင်ခဲ့သည်။

ထိုးဆေးအမျိုးအစား ၁၀ မျိုးကို တစ်နှစ်လျှင် သန်း ၂၀ ထုတ်လုပ်နိုင်သည့် Small Volume Production Plant နှင့်တစ်နှစ်လျှင် ငါးသန်း ထုတ်လုပ်နိုင်သည့် Cephalasporin Injection Plant တို့ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဆေးဝါးစက်ရုံ(အင်းစိန်)၌ လည်းကောင်း၊ Povidine (အနာကျက်ဆေးရည်) ထုတ်လုပ်သည့် အဆောက်အအုံသစ်ကို ဆေးဝါးစက်ရုံ (အင်ရောင်း)တွင် ၂၀၁၈ ခုနှစ် မတ် ၂၀ ရက်၌ လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် တစ်နှစ်လျှင် ဆေးပြား၊ ဆေးတောင့် သန်း ၅၀၀ ထုတ်လုပ်နိုင်သည့် Tablet and Capsule Production Plant ကို ၂၀၁၈ ခုနှစ်အတွင်း ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့အဆင့်မီ မြွေဆိပ်ဖြေဆေးများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး လာအိုနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သော ဆေးဝါး ၁၆ မျိုးကို အယ်လ်ဂျီးရီးယားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခေတ်စနစ်နှင့် အမီလိုက်နိုင်ရန်အတွက် ဈေးကွက်လိုအပ်ချက်နှင့်အညီ ဆန်းသစ်တီထွင် ထုတ်လုပ်ထားသော စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်ပစ္စည်းများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိလက်လှမ်းမီဝယ်ယူနိုင်ရေးအတွက် ဝန်ကြီးဌာန၏ Facebook Page တွင် ဖော်ပြ၍ဝယ်ယူသူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး အရောင်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုံးစွဲသူများနှင့် ပညာရှင်များ၏ အကြံပြုချက်များကို စိစစ်၍ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး အစဉ်အမြဲ တိုးတက်ကောင်းမွန်စေရေးအတွက် အဆင့်ဆင့် ပြုပြင်ပြောင်းလဲ ထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**အဆင့်မြင့်ဈေးကား**

စက်မှုဝန်ကြီးဌာနမှ ကိုယ်တိုင် ဒီဇိုင်းထုတ်ပြီး ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ထားသော အဆင့်မြင့်ဈေးကား (Mobile Mart) ဖြင့် ဆေးဝါးအမျိုးမျိုး၊ အဝတ်အထည်နှင့် အိပ်ရာခင်းအမျိုးမျိုး၊ အိမ်သုံးစတီးလ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ ကြွေပြားနှင့် မှန်အမျိုးမျိုးမှ Solar နှင့် LEDပစ္စည်းများအထိ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်း အမျိုးမျိုးကို လူစည်ကားရာဈေးများ၊ ရုံးဌာနများနှင့် ပွဲတော်များသို့ လှည့်လည်ရောင်းချ ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။

လက်လီလက်ကား ရောင်းချဖြန့်ဖြူးသူများနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ မိမိထုတ်ကုန်ပစ္စည်းများအား ကိုယ်တိုင်ဖြန့်ဖြူးလိုသူများမှ အဆင့်မြင့်ဈေးကားများ ထုတ်လုပ်ပေးရန် မှာယူလာပါကလည်း သုံးစွဲသူအကြိုက် လိုအပ်ချက်များအတိုင်း ထုတ်လုပ်ပေးသွားမည်ဖြစ်ပါသည်။

*အချပ်ပို(ခ)သို့*

**ခေတ်စနစ်နှင့် အမီလိုက်နိုင်ရန်အတွက် ဈေးကွက်လိုအပ်ချက်နှင့်အညီ ဆန်းသစ်တီထွင် ထုတ်လုပ်ထားသော စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်ပစ္စည်းများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိ လက်လှမ်းမီဝယ်ယူနိုင်ရေးအတွက် ဝန်ကြီးဌာန၏ Facebook Page တွင် ဖော်ပြ၍ ဝယ်ယူသူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး အရောင်းမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်**



ဆေးဝါးစက်ရုံ (အင်ရောင်း)ရှိ Povidine (အနာကျက်ဆေးရည်) ထုတ်လုပ်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။




သုံးစွဲသူပြည်သူများအတွက် ဈေးကွက်အရောက်ရောင်းချဖြန့်ဖြူးပေးနိုင်ရန် ဆေးဝါးအမျိုးမျိုး၊ အဝတ်အထည်နှင့် လူသုံး၊ အိမ်သုံးပစ္စည်းများ ပါရှိသည့် စက်မှုဝန်ကြီးဌာနက တပ်ဆင်ထုတ်လုပ်ထားသော အဆင့်မြင့်ဈေးကား။




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၁၉-၂-၂၀၁၈ ရက်က ကျင်းပသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

*အချပ်ပို(က)မှ*

**အများပြည်သူကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆေးဝါး အမယ်သစ် ၂၄ မျိုးနှင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆေးဝါးအမယ်သစ် ၂၁ မျိုးကို တီထွင်စမ်းသပ်ထုတ်လုပ်ခဲ့ရာ ဆေးဝါး ၁၇ မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန (FDA) ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဆေးဝါး ၁၇ မျိုးအနက် HIV ရောဂါဝေဒနာရှင်များအတွက် ကုသဆေးဖြစ်သည့် Tenofovir (300 mg) ဆေး၊ ဗက်တီးရီးယားပိုးသတ်ဆေးများဖြစ်သည့် Cefalexin Capsule နှင့် Flocomox Capsule၊ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်မှုသက်သာစေသော (Pain Killer) တစ်မျိုးဖြစ်သည့် Tramadol ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ထို့အတူ အာရုံကြောနှင့် ကိုယ်ခံစွမ်းအားတိုးမြှင့်စေသော ဆေးဖြစ်သည့် Neurovit Injection၊ နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါကုသဆေးဖြစ်သည့် Dopamine Injection၊ သွေးတွင်းအဆီကျဆေး Rosuvastatin Caplet၊ အစာအိမ်ရောဂါကုသဆေးRanitidine Tablet၊ လက်သန့်ဆေးရည် Hand Sanitizer ငါးမျိုးကို FDA အတည်ပြုချက်ရရှိရေး လျှောက်ထားလျက်ရှိကြောင်း သိရသည်။

ပြည်သူများအား ကူးစက်ရောဂါအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးများကိုလည်း Mobile Unit ဖြင့် လုပ်ငန်းခွင်အရောက် သွားရောက်ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေးများ တိုးမြှင့်ထုတ်လုပ်၍ ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ထိုးပေးသွားမည်ဖြစ်သည်။

အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် အဆင်သင့်အသုံးပြုနိုင်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း ၄၁ မျိုးပါဝင်သော အရေးပေါ်သုံးဆေးသေတ္တာ (First Aid Kit) များကိုလည်း ဈေးနှုန်းသင့်တင့်စွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အထည်စက်ရုံခွဲ (မြင်းခြံ)တွင် မူလထုတ်ကုန်ဖြစ်သည့် ပတ်တီးပိတ်အား ဆေးရည်စိမ်ပတ်တီးအဖြစ် တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်းထွက်ကျောက်မှုန့် Gypsum နှင့် ပတ်တီးပိတ်တို့ပေါင်းစပ်ကာ ကျောက်ပတ်တီး (P.O.P Bandage) ထုတ်လုပ်နိုင်ရန် ဓာတ်ခွဲခန်းတွင် သုတေသနပြု စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရှိသည့်အတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။



စက်မှုဝန်ကြီးဌာန ဘီပီအိုင်စက်ရုံ၌ ဆေးဝါးထုတ်လုပ်ရန် ဓာတ်ခွဲစမ်းသပ်နေမှုကို တွေ့ရစဉ်။

## “ပြည်သူများအား ကူးစက်ရောဂါအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးများကိုလည်း Mobile Unit ဖြင့် လုပ်ငန်းခွင်အရောက် သွားရောက်ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေးများ တိုးမြှင့်ထုတ်လုပ်၍ ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ထိုးပေးသွားမည်”



အမှတ် ၁ သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းကို တွေ့ရစဉ်။

**တိုးချဲ့ထုတ်လုပ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ဆေးရုံသုံး ပရိဘောဂပစ္စည်း ခုနစ်မျိုး၊ ခွဲစိတ်ခန်းသုံး စတီးပစ္စည်းများကို Medical Grade နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်းတွင် 8 cm စတီးမတ်ခွက်၊ စတီးခွေးအသေးများ၊ 45 Liter နှင့် 90 Liter Barrel (B-Type) ပလတ်စတစ်ပုံးများ၊ Stainless Steel Bench များကိုလည်း ဈေးကွက်လိုအပ်ချက်နှင့်အညီ တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများအား ပုံမှန်စစ်ဆေးကြီးကြပ်မှုလုပ်ငန်းများအပြင် စက်ရုံများတွင် တပ်ဆင်အသုံးပြုနေသော ဘွိုင်လာများကို စွမ်းရည်ပြည့် သက်တမ်းကြာရှည် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရုံ အလုပ်ရုံများတွင် လျှပ်စစ်ကြောင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်နှင့် ဓာတ်လိုက်မှုမရှိစေဘဲ လုံခြုံဘေးကင်းစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**၂ နှစ်တာကာလအတွင်း**

ဘွိုင်လာမောင်းနှင်သူများအတွက် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းကို တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ အစိုးရ၏ ၂ နှစ်တာကာလအတွင်း သင်တန်းသားစုစုပေါင်း ၃၅၄ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။ လျှပ်စစ်လုပ်ငန်းဆောင်ရွက်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက်လည်း လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းအမျိုးမျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂ နှစ်တာကာလအတွင်း သင်တန်း ၁၄ ကြိမ် သင်တန်းသားစုစုပေါင်း ၁၀၃၃ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။ ပြည်သူများ လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ၄၄၃ ကြိမ် ကျင်းပပေးနိုင်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။ *အချပ်ပို (ဂ) သို့*

*အချပ်ပို(ခ)မှ*

**လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်**

ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ နေအိမ်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၅၀ ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်တွင် လည်းကောင်း၊ နေအိမ်သုံး ဆိုလာမီးထွန်းစနစ်အစုံ ၁၀၀ နှင့် ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ၁၉ မျိုး ပါဝင်သော Family Kit အစု ၅၀၀ ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင်လည်းကောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းနိုင်ခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လိုအပ်ချက်အရ စက်မှုဇုန်အသီးသီးရှိ အလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်နှင့် ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်း ပညာရပ်များရရှိပြီး ဝင်ငွေတိုးတက်စေရန်အတွက် စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်းများကို နှစ်နှစ်တာကာလအတွင်း ၃၉ ကြိမ်ဖွင့်လှစ်ပေးခဲ့ကာ သင်တန်းသားစုစုပေါင်း ၂၁၁၅ ဦးကို အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးနိုင်ခဲ့သည်။




မကွေးမြို့၌ ကျင်းပသည့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဒုတိယအကြိမ် ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲကို ၂၄-၃-၂၀၁၈ ရက်က ဖွင့်လှစ်စဉ်။

**လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး**

စက်မှုဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်တွင်း ပြည်ပ သင်တန်းများ စေလွှတ်ခြင်း၊ ဦးစီးဌာန၊ လုပ်ငန်းများအလိုက် ပြည်တွင်းသင်တန်း၊ Workshop နှင့် Seminar များ ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ 5s သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စက်မှုကျွမ်းကျင် လုပ်သားများအား စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းမှ နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အစိုးရ၏ နှစ်နှစ်တာကာလအတွင်း သင်တန်းဆင်းဦးရေ ၂၀၀၀ ခန့်ရှိပြီး ယင်းတို့အနက် ၈၇ ရာခိုင်နှုန်းအား အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် စက်မှုသင်တန်းကျောင်းများတွင် Mobile Vocational Training Unit များကို ဖွဲ့စည်းထားပြီး စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်း အစီအစဉ်ဖြင့် ကျေးလက်ဒေသရှိ လူငယ်များနှင့် စက်မှုဇုန်ရှိ လုပ်သားများအတွက် စက်မှုနှင့် သက်မွေးပညာ ရက်တိုသင်တန်းများ ကျေးရွာအရောက် ပို့ချပေးလျက်ရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ နည်းပညာအထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း (မန္တလေး၊ ပခုက္ကူ) တို့တွင် ကျွမ်းကျင်မှု အခြေပြုကာလတို သင်တန်းများဖွင့်လှစ်ခြင်းကို ရှေ့ပြေးစီမံချက် Pilot Project အဖြစ် Manual Metal Arc Welding (MMAW)၊ MIG/MAG Welding၊ Small Farm Engine Mechanic၊ Motrocycle Mechanic စသည့် ဘာသာရပ် လေးမျိုးဖြင့် သင်ကြားပေးခဲ့ရာ သင်တန်းသား ၃၈၂ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဘီပိုး ရှိ/မရှိ စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ပေးစဉ်။

စက်မှုသင်တန်းကျောင်းဆင်း သင်တန်းသားများနှင့် ပြင်ပလူငယ်လူရွယ်များအတွက် စက်မှုဆိုင်ရာ ဘာသာရပ်များနှင့် ဂျပန်ဘာသာစကားနားလည်တတ်ကျွမ်းစေပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ချက်ဖြင့် အမှတ် ၂ စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ဂျပန်ဘာသာစကား တစ်နှစ်သင်တန်းကို ၂၀၁၆ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၂၇၆ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ယင်းတို့အနက် သင်တန်းဆင်း ၁၃၈ ဦးကို ဂျပန်နိုင်ငံသို့ စေလွှတ်နိုင်ခဲ့သည်။

စက်မှုသင်တန်းကျောင်းများကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority - NSSA)၏ စစ်ဆေးအကဲဖြတ်ရေးဌာန (Assessment Center) များအဖြစ် အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

**အကြီးစားစက်မှုလုပ်ငန်း**

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့် သံမဏိ ထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်နိုင်ရန် အမှတ် ၁ သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းနှင့် အမှတ် ၂ သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းလုပ်ငန်းများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တစ်နှစ်လျှင် Steel Slab တန်ချိန် နှစ်သိန်း ထုတ်လုပ်နိုင်သည့် Melt Shop 2 ကို ဆောင်ရွက်နိုင်ခဲ့သည်။ Phase-2 မှာ စီမံကိန်းလုပ်ငန်း ၈၈ ဒသမ ၆၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပါက ၁၄ လခန့်ကြာလျှင် Phase-2 စီမံကိန်းလုပ်ငန်းတစ်ခုလုံး ပြီးစီးနိုင်မည်ဖြစ်သည်။

Phase-2 နှင့်အတူ Phase-2A ကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်း ၅၅ ဒသမ ၆၁ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး Phase-2A စီမံကိန်းလုပ်ငန်း တစ်ခုလုံး ပြီးစီးရန် ၂၃ လခန့် ကြာမြင့်နိုင်သည်။ Phase-3 ပြီးစီးပါက အရွယ်အစားမျိုးစုံ၊ အရောင်မျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ဈေးကွက်ဝင် သံပြား၊ အမိုးပြား (Flat Product)များကို ထုတ်လုပ်နိုင်မည် ဖြစ်သည်။ Phase-3 စီမံကိန်းလုပ်ငန်းသည် ၄၅ ဒသမ ၀၄ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ၂၄ လခန့် ကြာလျှင် စီမံကိန်းလုပ်ငန်းတစ်ခုလုံး ပြီးစီးမည်ဖြစ်သည်။ Integrated Steel Complex စီမံကိန်း တစ်ခုလုံးပြီးစီးပါက သံချောင်းလုံးများ၊ Hot Roll Coil၊ Cold Roll Coil၊ Channel & Bean အမျိုးမျိုး၊ မီးရထားသံလမ်းများနှင့် ဖိအားမြင့်ပိုက်များ စသည့်သံမဏိထုတ်ကုန် အမျိုးမျိုးကို ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

*စာမျက်နှာ(ဃ)သို့*

**စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့် သံမဏိထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်နိုင်ရန် အမှတ် ၁ သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းနှင့် အမှတ် ၂ သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**



စက်မှုဝန်ကြီးဌာန အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)တွင် Standard Type Ambulance ယာဉ်များ တပ်ဆင်ထုတ်လုပ်နေစဉ်။

**“နေပြည်တော်-တောင်ကြီးကားလမ်းပေါ်ရှိ နန့်ပန်တက်ကျေးရွာအနီးရှိ ခရီးသွားအပန်းဖြေစခန်းတစ်ခုတွင် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်စေရန် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော Solar Panel များ အသုံးပြု၍ Solar Firm တစ်ခုကို တည်ဆောက်တပ်ဆင်ပေးသွားရန် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိ”**




စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် လူနာတင်ယာဉ်ကို တွေ့ရစဉ်။



လျှပ်စစ်မီးရရှိရန် ခက်ခဲသော ဒေသများတွင်အသုံးပြုရန်နှင့် ဖွံ့ဖြိုးဆဲပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ရန်အတွက် Mini Hydro Turbine ကို ရေဆင်းဆည်ရှိ ဆည်ရေသောက်တူးမြောင်းအတွင်း စမ်းသပ်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

**အချပ်ပို(ဂ)မှ**

အမှတ် ၁ သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော သံစိမ်းကုန်ကြမ်းများ ရရှိစေရန်အတွက် အမှတ် ၂ သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ရုရှားနိုင်ငံမှ TPE ကုမ္ပဏီနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက အမှတ် ၁ သံမဏိ စက်ရုံ(မြင်းခြံ)အတွက် လိုအပ်သောသံစိမ်း (Pig Iron) တန်ချိန် နှစ်သိန်းထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်**

ရေစီးအားသုံး တာဘိုင်များ ထုတ်လုပ်နိုင်ရန် ဂျပန်နိုင်ငံ Naikai Electric Power Company နှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် AoD လက်မှတ်ရေးထိုးပြီးဖြစ်သည်။ မြစ်ရေစီးအား အသုံးပြု၍ လျှပ်စစ်ဓာတ်အား ၅၀ kW မှ ၅၀၀ kW အထိ ထုတ်လုပ်နိုင်သော ရေစီးအားသုံး တာဘိုင်များကို စစ်တောင်းမြစ်နှင့် သံလွင်မြစ်များအတွင်း ချထားစမ်းသပ်နိုင်ရန် ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် ရှေ့ပြေးလေ့လာစမ်းသပ်မှုများ ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်အနေဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ထုတ်ယူ သုံးစွဲနိုင်ရန်၊ လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးလက်နှင့် တောင်ပေါ်ဒေသနေရာများနှင့် ဖွံ့ဖြိုးဆဲပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် Mini Hydro Turbine Model နှစ်ခုကို အမှတ် ၂၆ အကြီးစားစက်ရုံ (သာဂရ) တွင် Naikai Electric Power Company နှင့် ပူးပေါင်းစမ်းသပ်ထုတ်လုပ်ခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ ရေဆင်းဆည်ရှိ ဆည်ရေသောက်တူးမြောင်းအတွင်းတွင် ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်စမ်းသပ်လည်ပတ်ခဲ့သည့် တာဘိုင်များအတွက် Generator နှင့် Controller များကို ဂျပန်နိုင်ငံမှ မှာယူတပ်ဆင်ခဲ့ပြီး သာဂရစက်မှုနယ်မြေရှိ စက်ရုံများတွင်လည်း ထုတ်လုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy Project တစ်ခုအနေဖြင့် သထုံစက်မှုနယ်မြေတွင် ၂၈ ဒသမ ၆ MW Solar Power Plant အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် နော်ဝေနိုင်ငံ Energia Assed Management(EAM) နှင့် ၂၀၁၇ ခုနှစ်အောက်တိုဘာ ၁၀ ရက်တွင် MoU လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။


ထို့အပြင် နော်ဝေနိုင်ငံမှ EAM နှင့်ပူးပေါင်း၍ အမှတ် ၅ အထည်စက်ရုံ (ပခုက္ကူ)၊ အမှတ် ၆ အထည်စက်ရုံ (ဆားလင်းကြီး)၊ အမှတ် ၇ အထည်စက်ရုံ (မြစ်သား)၊ အမှတ် ၈ အထည်စက်ရုံ (ပျော်ဘွယ်) စက်ရုံများရှိ စက်မှုအဆောက်အအုံအမိုးပေါ်တွင် Solar ပြားများ တပ်ဆင်ပြီး နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲ ဖြန့်ဖြူးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် - တောင်ကြီးကားလမ်းပေါ်ရှိ နန့်ပန်တက် ကျေးရွာအနီးရှိ ခရီးသွားအပန်းဖြေစခန်းတစ်ခုတွင် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်စေရန် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော Solar Panel များအသုံးပြု၍ Solar Firm တစ်ခုကို တည်ဆောက်တပ်ဆင်ပေးသွားရန် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိသည်။

**သုတေသနပြု**

ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းသည့် Electric Vehicle(EV) နှင့် Hybird ကားများကို မြို့တွင်းသာမက အမြန်လမ်းမများပေါ်တွင် စတင်လက်တွေ့အသုံးချမောင်းနှင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါကားများကို အားသွင်းနိုင်ရန် နေရောင်ခြည် စွမ်းအင်သုံး Solar Charging Station များကိုလည်း ရန်ကုန် - မန္တလေး အမြန်လမ်းခရီးတစ်လျှောက်တွင် တည်ဆောက်ပေးသွားရန် ကြိုတင် Design ထုတ်သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အစိုးရ၏နှစ်နှစ်တာ ကာလအတွင်း ထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်အောင်ဆောင်ရွက်ခြင်း၊ သုံးစွဲသူကြိုက်နှစ်သက်သည့် အဆင်ဒီဇိုင်းများ ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးမှုပုံစံများ ပြုပြင်ပြောင်းလဲခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေး ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း /ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ နည်း ပညာ/ဘဏ္ဍာအထောက်အပံ့ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ SME လုပ်ငန်းများ လုပ်ငန်းစီမံခန့်ခွဲမှုအရည်အသွေးတိုးတက်စေရေး၊ နိုင်ငံတကာ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး သင်တန်းများ စဉ်ဆက်မပြတ် ပို့ချပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းကျဆင်းစေရေးတို့ကို ရှေးရှုဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အနာဂတ်ကာလတွင်လည်း အောင်မြင်မှုများရရှိရန် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ။



ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)ကို တွေ့ရစဉ်။